မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၁၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် ပင့်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၉၀ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

၉၀ ဒီဂရီအထိ ပြီးစီး

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန်အတွက် ကနဦးလုပ်ငန်းဖြစ်သည့် ပင့်ထောင်ခြင်းလုပ်ငန်းများကို သံမဏိမျှော်စင်ဝန်ချီစက်အသုံးပြု၍ ဇန်နဝါရီ ၂၆ ရက်နေ့ နံနက် ၈ နာရီ ၁၀ မိနစ် အချိန်မှစတင်ပင့်ထောင်ခဲ့ရာ ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်ကြီး လဲလျောင်းနေရာ ၀ ဒီဂရီမှ ၂၆ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၃၁ ပေအထိလည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ၂၆ ဒီဂရီမှ ၅၁ ဒီဂရီအထိ၊ အမြင့်အားဖြင့်

စာမျက်နှာ ၃ ကော်လံ ၁ ❖

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံမဏိမျှော်စင် ဝန်ချီစက် အသုံးပြု၍ ရတနာပလ္လင်တော်ထက်သို့ ပင့်ထောင်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ၉၀ ဒီဂရီအထိ ပင့်ထောင်ပူဇော်ပြီးစီးမှုကို ဖူးတွေ့ရစဉ်။

စည်းလုံးညီညွတ်ခြင်းဖြင့် ငြိမ်းချမ်းရေး

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟူ၍ တည်ရှိနေသော ပိုင်နက်နယ်မြေပေါ်တွင် တိုင်းရင်းသား သွေးချင်းများ အတူတကွ နေထိုင်ခဲ့ကြသည်မှာ ငြင်း၍မရသော အမှန်တရားပင်ဖြစ်သည်။ မိမိတို့ တစ်နိုင်ငံတည်းသာမဟုတ်၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်၊ ထိုင်း စသည့်နိုင်ငံများသည်လည်း ဒေသအလိုက် တိုင်းရင်းသားစုံ ပဒေသရာဇ်စနစ်ဖြင့် ရပ်တည်ခဲ့ကြခြင်းဖြစ်သည်။

အနောက်တိုင်းမှ ကိုလိုနီနယ်ချဲ့အရင်းရှင်စနစ် အရှေ့တိုင်း နိုင်ငံများသို့ ကျူးကျော်ဝင်ရောက်လာခဲ့ပြီးသည့်နောက် အာရှ၏ ပဒေသရာဇ်နိုင်ငံများစွာ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည်။ စစ်အင်အားဖြင့် ဝင်ရောက်သိမ်းပိုက်ပြီးနောက် သိမ်းပိုက်ခံနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝသယံဇာတများကို ၎င်းတို့စိတ်ကြိုက် စီမံခန့်ခွဲခြယ်လှယ်ကာ ဒေသခံလူမျိုးများကိုလည်း ၎င်းတို့၏ လက်အောက်ခံလူမျိုးများအဖြစ် ဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင် အလွယ်တကူအုပ်ချုပ်နိုင်ရန်အတွက် လက်အောက်ခံလူမျိုးများအကြား သွေးခွဲရန်တိုက်ပေးမှုများကို စနစ်တကျ အစီအစဉ်ရှိရှိပြုလုပ်ခဲ့ကြသည်။ အိန္ဒိယတွင် အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များအကြား၊ သီရိလင်္ကာ (သီဟိုဠ်) တွင် ဆင်ဟာလီ (ဗုဒ္ဓဘာသာဝင်) များနှင့် တမီလ် (ဟိန္ဒူဘာသာဝင်) များအကြား၊ မြန်မာနိုင်ငံတွင် ချင်း၊ ကချင်၊ ရှမ်း၊ ကရင်နှင့် ဗမာလူမျိုးများအကြား သွေးခွဲခဲ့ပြီး အခြားနိုင်ငံများတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။

လူမျိုးတစ်မျိုးနှင့် တစ်မျိုးကြား၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ခွဲခြားအုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးမှု မတူညီစေခြင်း၊ လူများစုကို ဖိနှိပ်ထားပြီး လူနည်းစုကို အခွင့်အရေး ပိုပေးခြင်း စသည့်နည်းလမ်းများဖြင့် လက်အောက်ခံ ကျွန်လူမျိုးများကြား အမုန်းတရားများ၊ အမြင်မကြည်လင်မှုများ၊ သံသယများ၊ အာဃာတများ ဖြစ်ပေါ်လာစေသည့်အပြင် ယင်းပြဿနာများသည် နယ်ချဲ့အရင်းသခင်များ၏ ပယောဂမပါဘဲ ကျွန်လူမျိုးများ အချင်းချင်းကြား သူ့အလိုလို ဖြစ်ပေါ်လာသယောင် အထင်ရောက်အောင်လည်း ဖန်တီးခဲ့ကြခြင်းဖြစ်ရာ လက်သည်မပေါ်အောင် ပညာသားပါပါ ကောက်ကျစ် ယုတ်မာစွာ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ ပြုလုပ်ရာတွင် နယ်ချဲ့ဝါဒီ ပညာရှင်များ၊ နယ်ချဲ့ဝါဒီ သမိုင်းဆရာများ၊ နယ်ချဲ့ဝါဒီ သတင်းစာ ဆရာ၊ စာရေးဆရာများနှင့်တကွ လက်အောက်ခံနိုင်ငံသားများထဲမှ နယ်ချဲ့အလိုတော်ရိများ၏ အခန်းကဏ္ဍကလည်း ကြီးမားလှသည်။ ၎င်းတို့က ကျူးကျော်သူနယ်ချဲ့တို့၏ ယုတ်မာရက်စက်မှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ ကုပ်သွေးစုပ် အမြတ်ထုတ်ယူမှုတို့ကို မှိန်ပျောက်သွားအောင် ဖုံးကွယ်ပေးကြပြီး နယ်ချဲ့တို့ကြောင့် ကျွန်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်သွားကြသည်။ ပညာတတ်မြောက်သွားကြသည်။ ယဉ်ကျေးမှုမြင့်မားသွားကြသည် စသည်ဖြင့် အထင်ရောက်အောင် လိမ်လည်ချဲ့ကား အမွှမ်းတင်ပေးကြသူများပင် ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၇၆ နှစ်ကျော်ကာလက မိမိတို့၏ အဘိုးအဘွား၊ တောင်ပေါ်မြေပြန့်တိုင်းရင်းသားတို့သည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်ကြလျက် နယ်ချဲ့၏ သွေးခွဲသပ်လျှိုမှုကို ကျော်လွှားကာ လွတ်လပ်ရေးကို အရယူခဲ့ကြသည်။ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသည်။ လွတ်လပ်ပြီးပါမှ အကင်းမသေသော သံသယတို့က တစ်ဖန်ပြန်လည်နိုးထကာ မငြိမ်းချမ်းသောဘဝသို့ ရောက်ခဲ့ရသည်။ ကာလရှည်ကြာ တည်ရှိနေခဲ့သော တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ အစစ်အမှန်ဆန္ဒမှာ ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ခုလုံး အကြားအလပ်မရှိ ငြိမ်းချမ်းရေးအတွက် ခေတ်သမိုင်းကို ဖန်တီးနိုင်စွမ်းရှိသူတိုင်း၊ ပြည်သူတစ်ယောက်ချင်းစီတိုင်းက ဖန်တီးဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီ သွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း
၀၉-၂၀၁၄၄၇၀

(ခ) ဒုတိယဗိုလ်မှူးကြီး အောင်ကို
၀၉-၂၅၉၀၉၉၈၉၉

(ဂ) ဒုတိယဗိုလ်မှူးကြီး သန်းနိုင်ထွန်း
၀၉-၆၆၁၆၅၅၉၆၄ နေပြည်တော်

(ဃ) ဒုတိယဗိုလ်မှူးကြီး ကျော်မျိုးဝင်း
၀၉-၄၅၆၉၄၆၉၁ မြစ်ကြီးနား

(င) ဒုတိယဗိုလ်မှူးကြီး ဖြိုးဝင်း
၀၉-၆၉၂၀၀၀၇၀၈ လားရှိုး

(စ) ဒုတိယဗိုလ်မှူးကြီး ကျော်သူလင်း
၀၉-၂၆၂၂၆၆၄၃၃ တောင်ကြီး

(ဆ) ဒုတိယဗိုလ်မှူးကြီး အေးဝင်းသိန်း
၀၉-၃၉၉၀၀၃၂၃ ခိုလမ်

(ဇ) ဒုတိယဗိုလ်မှူးကြီး အောင်သူထွန်း
၀၉-၂၅၀၁၈၆၅၇၁ ကျိုင်းတုံ

(ဈ) ဒုတိယဗိုလ်မှူးကြီး မင်းသိန်းနိုင်
၀၉-၆၉၅၁၄၃၃၅၅ မော်လမြိုင်

(ည) ဒုတိယဗိုလ်မှူးကြီး မျိုးမင်းခိုင်
၀၉-၆၇၇၇၀၂၃၂၃ မြိတ်

(ဋ) ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်
၀၉-၄၉၅၈၇၁၅၇ ရန်ကုန်

(ဌ) ဦးမင်းမင်းထွန်း
၀၉-၄၂၂၅၁၁၈၈၈ ရန်ကုန်

(ဍ) ဦးသက်နိုင်
၀၉-၆၉၃၀၁၉၄၉၅ ရန်ကုန်

(ဎ) ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထက်
၀၉-၆၉၅၀၆၈၄၀၄ ပုသိမ်

(ဏ) ဗိုလ်မှူးချုပ် ကျော်ကျော်သန်း
၀၉-၃၉၁၀၃၂၂၄ အမ်း

(တ) ဒုတိယဗိုလ်မှူးကြီး စိုးထွန်းဝင်း
၀၉-၃၁၂၃၄၁၂၂ မုံရွာ

(ထ) ဗိုလ်မှူးကြီး ကျော်စိန်ထွန်း
၀၉-၃၉၁၀၄၄၂၂ မန္တလေး

(ဒ) ဦးတင်မောင်စိုး
၀၉-၂၅၀၈၆၂၁၅၈ မန္တလေး

(ဓ) ဦးစိုးဟိန်းနောင်
၀၉-၆၉၅၀၀၈၆၈၀ မန္တလေး

(န) ဒုတိယဗိုလ်မှူးကြီး အောင်စန်းဝင်း
၀၉-၄၅၄၇၄၄၂၄၃ တောင်ငူ

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းများနှင့် ဈေးရောင်းပွဲတော် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများနှင့် ဈေးရောင်းပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၂၇ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပနိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါပြခန်းနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာန ပြခန်း ၂၅ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုပညာပြခန်း၊ ဝတ်စားဆင်ယင်မှုပြခန်း၊ ဒေသထွက်ကုန်ပစ္စည်း ပြခန်း၊ တိုင်းရင်းသားရိုးရာ အစားအစာ ပြခန်း ၁၅ ခန်း၊ စုစုပေါင်းပြခန်း ၅၅ ခန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉) ဇုန်မှ ထုတ်လုပ်သည့် အိမ်သုံးဆေးဝါးများ၊ တိုင်းရင်းဆေးများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရောနစ် ဆက်စပ်ပစ္စည်းများ၊ ဟိုတယ်နှင့် အိမ်သုံးမီးဖိုချောင်နှင့် ဧည့်ခန်းသုံးပစ္စည်းများပြခန်း ၃၅၆ ခန်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်နေ့အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ကြောင်းနှင့် ပွဲတော်လာပရိသတ်များအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်၍ အများပြည်သူများအနေဖြင့် လာရောက်ကြည့်ရှုဝယ်ယူ အားပေးနိုင်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံမဏိမျှော်စင် ဝန်ချီစက် အသုံးပြု၍ ရတနာပလ္လင်တော်ထက်သို့ ပင့်ထောင်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ၉၀ ဒီဂရီအထိ ပင့်ထောင်ပူဇော်ပြီးစီးမှုကို ဖူးတွေ့ရစဉ်။

❖ *ရွှေဖုံးမှ*

၅၂ ပေအထိ လည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် ၅၁ ဒီဂရီမှ ၆၈ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၆၃ ပေ အထိလည်းကောင်း၊ ယနေ့နံနက် ၉ နာရီတွင် ၉၀ ဒီဂရီအထိ၊ အမြင့်အားဖြင့် ၇၅ ဒသမ ၅ ပေအထိ ပင့်ထောင်ပူဇော်ခဲ့ရာ ဆင်းတုတော်အစိတ်အပိုင်းကြီးအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြာမြင့်ချိန်အားဖြင့် ၇၂ နာရီ မိနစ် ၅၀ ကြာမြင့်ခဲ့သည်။

ဆက်လက်ဆောင်ရွက်

ထိုသို့ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အပိုင်း လေးပိုင်းအား CNC စက်တည်ဆောက်၍ ထုဆစ်ခြင်းလုပ်ငန်းနှင့် အပိုင်း(၁/၂/၃) တွဲဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ ပင့်ထောင်ခြင်းနှင့် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တန်ချိန်အားဖြင့် ၃၈၀၀ တန် အသုံးပြု

ထုဆစ်ပြီးစီးသည့် ဆင်းတုတော်ကြီးများကို တွဲဆက်ပြီးနောက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန်အတွက် ဝန်ချီစက် ရှစ်လုံးပါ သံမဏိမျှော်စင် တည်ဆောက်ခြင်း၊ ဆင်းတုတော် ပင့်ဆောင်ရာတွင် ထုဆစ်ပြီးကျောက်သားများ ထိခိုက်မှုမရှိစေရန် သံမဏိပန်းတောင်းတည်ဆောက်ခြင်းတို့ကို အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်း တန်ချိန်အားဖြင့် ၃၈၀၀ တန် အသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီနှင့်ပူးပေါင်းကာ တပ်မတော်သား အင်ဂျင်နီယာများက တည်ဆောက်ခဲ့သည်။

အားသွန်ခွန်စိုက်ကြိုးပမ်း

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကြီးမားလေးလံသည့် ပစ္စည်းကို မ တင် ရွှေ့ပြောင်းဖူးသည့် နည်းပညာ၊ အတွေ့အကြုံနှင့် စက်ယန္တရားများ အသုံးမပြုခဲ့ဖူးသော်လည်း ယခု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းအင်ဂျင်နီယာ အသီးသီးတို့၏ အတွေ့အကြုံများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းပြီး ဒီဇိုင်းရေးဆွဲတွက်ချက်ခြင်း၊ စစ်ဆေးခြင်းတို့တွင် ခေတ်မီနည်းပညာများကို အသုံးပြုတွက်ချက်၍ တည်ဆောက်ခဲ့သည်။

တည်ဆောက်ပူဇော်လျက်ရှိ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃) တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးနှင့် ဆင်းတုတော် ထည့်သွင်းထားသည့် သံမဏိရတနာပန်းတောင်းတော်တို့၏ အလေးချိန် ၂၃၆၇ ဒသမ ၅ တန်တို့အား သံမဏိမျှော်စင်တွင် ဝန်ချီစက် ၈ လုံးတို့ကပင့်ဆောင်ထားလျက်ရှိပြီး ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရေး လုပ်ငန်းစဉ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများ စိတ်နှလုံးအေးချမ်းစွာ လာရောက်ဖူးမြော်နိုင်စေရန်၊ တရားဘာဝနာများ အေးချမ်းစွာ ပွားများအားထုတ်နိုင်စေရေးနှင့် မြတ်ဗုဒ္ဓ၏ နှုတ်ကပါဌ်တော် ပိဋကတ် သုံးပုံတို့အား လေ့လာဖူးမြော်ကြည်ညိုနိုင်စေရေးတို့အတွက် တည်ဆောက်ပူဇော်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လက်ပံတန်းမြို့ လောကဥသျှောင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

လက်ပံတန်း ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ကျက်သရေဆောင် လောကဥသျှောင် မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရေးဦးစွာ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရာ စွယ်တော်တိုက်အား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(ယာပုံ)**

ထို့နောက် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုကန်တော့၍ မဟာဇေယျကျောင်းတိုက် ဦးစီးနာယကဆရာတော် ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ပြီး မဟာပဋ္ဌာန်းပူဇော်၍ ပွဲတော်ကို ဖွင့်လှစ်ခဲ့သည်။

လောကဥသျှောင်မြဘုန်းရောင်စေတီတော်မြတ်ကြီး၏ (၁၂၅) ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ နှစ်ကျိပ်ရှစ်ဆူဘုရားများအား သတ်မှတ်ရက်အလိုက် မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ လှည့်လည်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ တောင်ပြန်းပွဲကျင်းပခြင်း၊ ထမနဲထိုးပွဲ ကျင်းပခြင်း၊ Blue Sky မြန်မာသံစဉ် တေးဂီတဖျော်ဖြေပွဲနှင့် ဧည့်ခံခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မဲခေါင် – လန်ချန်းဒေသတွင်း နိုင်ငံများရှိ အနုပညာရှင်လူငယ်များအကြား မိမိတို့ ဖန်တီးထားသော အနုပညာလက်ရာများအကြောင်း ရှင်းလင်းဆွေးနွေး

မန္တလေး ဇန်နဝါရီ ၂၉

မဲခေါင်၊ လန်ချန်းပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတစ်ခုဖြစ်သည့် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ရတနာပုံခန်းမတွင် Virtual စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

ဖျော်ဖြေတင်ဆက်

ဦးစွာ အခမ်းအနားကို အမှတ်စဉ်ရေတွက်၍ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ရိုးရာ နတ်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

လက်ခံကျင်းပပြုလုပ်

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မဲခေါင်–လန်ချန်း မြစ်ဝှမ်းတစ်လျှောက် ရှေးယခင်ကတည်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် မဲခေါင်မြစ်ကို အမှီသဟဲပြု၍ အတူတကွတည်ရှိခဲ့ကြသည့် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် အဖွဲ့ဝင်နိုင်ငံများအကြား၌ ဘာသာစကား၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ပွင့်လင်းမြင်သာမှုရှိစွာနှင့် လူမှုအသိုက်အဝန်းများ အားကောင်းလာစေရန်၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် အပြန်အလှန် နားလည်မှုကိုမြှင့်တင်ရန် အရေးကြီးလာပါကြောင်း၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အချို့သော လက်မှုအနုပညာရပ်များသည် ပျောက်ကွယ်လုနီးပါးအခြေအနေနှင့် ရင်ဆိုင်နေကြရသည့်အတွက် မဲခေါင် – လန်ချန်းဒေသတွင်းရှိ အဖွဲ့ဝင် ခြောက်နိုင်ငံမှ ပန်းချီ၊ ပန်းပု အနုပညာရှင်လူငယ်များ ပါဝင်သည့် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းကို ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) က တာဝန်ယူပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် မန္တလေးမြို့တွင် ယခုကဲ့သို့ လက်ခံကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

ယခုကျင်းပမည့် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းတွင် ဒေသတွင်း အဖွဲ့ဝင် ခြောက်နိုင်ငံမှ တစ်နိုင်ငံလျှင် ပန်းချီ၊ ပန်းပု လူငယ်အနုပညာရှင် လေးဦးနှင့် ခေါင်းဆောင် တစ်ဦး စုစုပေါင်း ငါးဦးစီ ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ပန်းချီ၊ ပန်းပု အနုပညာရှင်များက မိမိတို့နိုင်ငံ၏ နိုင်ငံအမှတ်အသား ပန်းချီ၊ ပန်းပု အနုပညာလက်ရာများ ဖန်တီးခြင်းနှင့် မိမိတို့ ဖန်တီးထားသော အနုပညာလက်ရာများ အကြောင်း ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း။

ယခု စီမံကိန်းမှတစ်ဆင့် မဲခေါင် – လန်ချန်းဒေသတွင်း နိုင်ငံများရှိ အနုပညာရှင်လူငယ်များအကြား အချင်းချင်းအပြန်အလှန် ချစ်ခင်ယုံကြည်မှု၊ တစ်ဦး၏ ယဉ်ကျေးမှုကိုတစ်ဦးက အပြန်အလှန် လေးစားတန်ဖိုးထားမှု၊ အချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်တတ်မှု၊ အတွေးအမြင်သစ်များအပြန်အလှန် ဖလှယ်နိုင်မှုများ တိုးတက်ရရှိပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမောင်ကို၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counselor Dr. Zheng Zhihong၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် တရုတ်နိုင်ငံမှ ပန်းချီ၊ ပန်းပုကျွမ်းကျင်ပညာရှင် Ms. Jixian Huang နှင့် မြန်မာနိုင်ငံမှ ပန်းချီ၊ ပန်းပုကျွမ်းကျင်ပညာရှင် ဒေါက်တာ ပြည့်ဖြိုးကျော်တို့က မဲခေါင်–လန်ချန်းဒေသတွင်းနိုင်ငံများရှိ ပန်းချီ၊ ပန်းပုအနုပညာသမိုင်းကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြပြီး လန်ချန်း–မဲခေါင် ဂုဏ်ပြုသီချင်းအကဖြင့် တင်ဆက်သည်။ မွန်းလွဲပိုင်းတွင်သက်ဆိုင်ရာနိုင်ငံအသီးသီးမှ လူငယ်ပန်းချီအနုပညာရှင်များက မိမိတို့ နိုင်ငံအသီးသီး၏ ထင်ရှားသော နိုင်ငံ့အမှတ်အသားများကို ရေးဆွဲထားသည့် ပန်းချီကားများအကြောင်း ဆွေးနွေးကြသည်။

ဆက်လက်ကျင်းပသွားမည်

လန်ချန်း – မဲခေါင် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းကို ဇန်နဝါရီ ၃၀ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အိန္ဒိယ - မြန်မာ ကုန်သည်ကြီးများအသင်းမှ လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့ရှိ အိန္ဒိယ – မြန်မာကုန်သည်ကြီးများအသင်း (India – Myanmar Chamber of Commerce – IMCC)၏ ဖိတ်ကြားချက်အရ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အိန္ဒိယစင်တာ၌ ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသို့ ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်သည်။ (ယာပုံ)

ရှင်းလင်းပြောကြား

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumar က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ အိန္ဒိယ–မြန်မာနှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

အဓိကသွင်းကုန်ပစ္စည်းဖြစ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အိန္ဒိယ – မြန်မာ ကုန်သည်ကြီးများအသင်းသည် အရေးပါသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း၊ အိန္ဒိယ–မြန်မာနှစ်နိုင်ငံ ဆက်သွယ်ဆောင်ရွက်မှုများသည် ရှေးယခင် ကာလကတည်းကပင်တည်ရှိ၍ နှစ်နိုင်ငံ နယ်နိမိတ်နီးကပ်လျက်ရှိခြင်းကြောင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်ပြီး (၂၀၂၁–၂၀၂၂)ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉ ဘီလီယံခန့်ရှိပြီး ဆက်လက်တိုးတက်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆေးဝါးပစ္စည်းများသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အဓိကသွင်းကုန်ပစ္စည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ပြည်သူများ အရည်အသွေးပြည့်ဝသော ဆေးဝါးများ လက်လှမ်းမီရရှိစေရန် အိန္ဒိယနိုင်ငံထုတ် ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံများတွင် အသုံးပြုနိုင်ရေး နိုင်ငံတော်ဘတ်ဂျက်ဖြင့် နှစ်စဉ်ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှလည်း တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ သွင်းကုန်လိုင်စင် လျင်မြန်စွာရရှိရေး၊ ပြည်သူများ ဘေးကင်းလုံခြုံစိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရင်းနှီးမြှုပ်နှံရန် တိုက်တွန်း

အိန္ဒိယနိုင်ငံသည် ဆေးပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်သောနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဆေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာဆေးပညာရှင်များနှင့် ပူးပေါင်းကာ ဆေးကုသမှုများ ဆောင်ရွက်ရန်နှင့် ဆေးဝါးစက်ရုံများ တည်ထောင်၍ ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းပါကြောင်း၊ ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံအတွက် လိုအပ်သည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ၊ oxygen plantများ၊ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နယ်ပယ်အသီးသီးတွင် တွေ့ကြုံရသော အခက်အခဲများကို ပူးပေါင်းဖြေရှင်း၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍဆိုင်ရာ စီးပွားဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ထို့နောက် အိန္ဒိယ–မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Naresh Kumar Dinodiya နှင့် အတွင်းရေးမှူးတို့က အိန္ဒိယ–မြန်မာ ကုန်သည်ကြီးများအသင်း၏ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အိန္ဒိယလုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kumar က ပြည်ထောင်စုဝန်ကြီးအား အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း စက်ရုံ၌ပြုပြင်တည်ဆောက်လျက်ရှိသည့် ဆေးဝါးစက်ရုံ၏ သမိုင်းပြတိုက်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ကြိုးစားဆောင်ရွက်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအလုပ်ရုံရှိ ရေနွေးငွေ့သုံး တာဘိုင်၊ ဂျင်နရေတာများကို ရုရှားကျွမ်းကျင်ပညာရှင်များ စစ်ဆေးနေမှု၊ စစ်ဆေးတွေ့ရှိချက်တို့ကိုလည်းကောင်း၊ တပ်ဆင်ပြီးစီးနေသည့် အခြားစက်ပစ္စည်းများ၏ အခြေအနေကိုလည်းကောင်း စစ်ဆေး၍ ပြည်ထောင်စုဝန်ကြီးက စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအလုပ်ရုံ၏ စက်ပစ္စည်းကိရိယာများ အမြန်ဆုံး တပ်ဆင်စမ်းသပ်လည်ပတ်မှု ပြီးစီးမှသာ သံစိမ်းထုတ်လုပ်မည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်၍ လုပ်ငန်းများကို လျင်လျင်မြန်မြန် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် တပ်ဆင်မှုလုပ်ငန်းများတွင် ပါဝင်၍ နည်းပညာများ လွှဲပြောင်းရရှိအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

လေ့လာထားရမည်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ရုံ၌ အလုပ်ရုံ ၂၂ ရုံရှိသည့်အနက် အလုပ်ရုံ ၁၉ ရုံအား No Load Test ဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် အောင်မြင်စွာ စမ်းသပ်လည်ပတ်ပြီးစီးခဲ့ပါကြောင်း၊ အဓိက အလုပ်ရုံ သုံးရုံဖြစ်သည့် Romelt Shop , Heat Recovery Power Station နှင့် Air Separ–

ation Unit တို့ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလုပ်ရုံတစ်ရုံချင်းအလိုက် အဆင့်အလိုက် ဆောင်ရွက်မည့် နည်းစဉ်များကို ကျေညက်အောင် လေ့လာထားရမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်ပညာရှင်များထံမှလည်း နည်းပညာများရရှိအောင် လေ့လာသင်ယူနိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်သည့် လုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံစိမ်းကုန်ကြမ်းများကို ရရှိအောင်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများကို စစ်ဆေးလျက်ရှိသည့် ရုရှားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံ၍ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ပြန်လည်လည်ပတ်ရေး ဆောင်ရွက်မှုများ၌ ဆောင်ရွက်ဆဲ အလုပ်ရုံ သုံးရုံအနက် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး အလုပ်ရုံရှိ စက်ပစ္စည်းများ တပ်ဆင်စမ်းသပ်ရန်အတွက် အမြန်ပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ပေး၍ ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ရုရှားနိုင်ငံမှ ပညာရှင်များကို သစ်သီးခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ပို့လွှတ်ထည့်သွင်းသွားမည်

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)တွင် စွန့်ပစ်အပူသုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်အတွက် ရေနွေးငွေ့တာဘိုင်၊ ဂျင်နရေတာ နှစ်လုံး တပ်ဆင်ရန်ဆောင်ရွက်နေစဉ် စီမံကိန်းလုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့ရသဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ကျန်ရှိနေခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေ၍ တာဘိုင်ဂျင်နရေတာ နှစ်လုံးအား အထိုင်ချတပ်ဆင်ခြင်းမပြုမီ ရုရှားပညာရှင်များမှ လာရောက်စစ်ဆေးနေခြင်းဖြစ်သည်။ ရေနွေးငွေ့သုံး တာဘိုင်၊ ဂျင်နရေတာ နှစ်လုံးမှ စုစုပေါင်း ၄၀ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်ရာ စက်ရုံမှ ၃၂ မဂ္ဂါဝပ် ပြန်လည်အသုံးပြုပြီး ပိုလျှံသည့် ရှစ်မဂ္ဂါဝပ်ကို နိုင်ငံတော် လျှပ်စစ်ဓာတ်အား ပေးစနစ်အတွင်းသို့ ပို့လွှတ်ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)သို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

ကျောက်တော် ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)သို့ Noble ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ယမန်နေ့ နံနက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ထိုသို့ လေ့လာရေးခရီး လာရောက်စဉ်တွင် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ရတနာခန်းမ၌ အဆိုပါကျောင်းမှ ဆရာ ဆရာမများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများ အပြန်အလှန် မိတ်ဆက်ခဲ့ကြပြီး စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သန်းက စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ကျောင်းစတင်ဖြစ်ပေါ်လာပုံအကျဉ်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ ရည်ရွယ်ချက်များ၊ သင်တန်းကာလ၊ တည်နေရာ၊ သင်ကြားပေးသည့် ဘာသာရပ်များ၊ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်) ၏ ဝန်ထမ်းဖွဲ့စည်းပုံအင်အားနှင့် ကျောင်းသားအင်အားစာရင်းများ၊ စိုက်ပျိုးရေးဒီပလိုမာရရှိပြီးသူများစာရင်းနှင့် ၂၀၂၂–၂၀၂၃ ခုနှစ်တွင် ရှေ့ဆက်လက်ဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းပုံစံအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများသည် အဆိုပါကျောင်းအတွင်း စမ်းသပ်စိုက်ပျိုးထားသော သရက်ပင်၊ နာနတ်ပင်၊ ကြက်မောက်ပင်၊ နဂါးမောက်ပင်၊ နှင်းဆီပင်၊ သဘော်ပင်၊ ပြောင်းဖူးပင်၊ ကျွဲကောသီးပင်နှင့် မွေးမြူရေးခြံများအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

ရသေ့တောင်မြို့၌ လူငယ်စကားဝိုင်းကျင်းပ

ရသေ့တောင် ဇန်နဝါရီ ၂၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက မြို့မ အထက (၂) ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်ဇာဦးက အနာဂတ်၏ မျိုးဆက်သစ်လူငယ်များ ဘက်ပေါင်းစုံမှ ထူးချွန်ထက်မြက်ရန် အတွေ့အကြုံဗဟုသုတများစွာ လိုအပ်ကြောင်း ဦးဆောင်ဆွေးနွေးပြီး မြို့မ အထက(၂) ဆရာမကြီး ဒေါ်ခင်ကြည်က အမှာစကား ပြောကြားသည်။

လူငယ် စကားဝိုင်းတွင် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အသိပညာ၊ လူငယ်နှင့် ယုံလွယ်ခြင်း၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ပညာရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ သဘာဝဘေးအန္တရာယ် အသိပညာပေးဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးနှင့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များ ပြသထားမှုအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

ကော့ကရိတ်မြို့၌ မော်တော်ယာဉ်များ ဖောင်းကြွနံပါတ်ပြားအသစ် လဲလှယ်တပ်ဆင်နိုင်ရေး ပညာပေး

ကော့ကရိတ် ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ မော်တော်ယာဉ်များ ဖောင်းကြွနံပါတ်ပြားအသစ် ရာနှုန်းလဲလှယ်တပ်ဆင်နိုင်ရေး ပညာပေးလှုပ်ရှားဆောင်ရွက်မှုကို ဇန်နဝါရီ ၂၇ ရက်က ကော့ကရိတ်မြို့အဝင် ကြာပန်းဝိုင်း လမ်းဆုံရှိ မြဝတီ–ကော့ကရိတ်အာရှလမ်းမကြီး၌ တာဝန်ရှိသူများက ပညာပေးဆောင်ရွက်မှု ပြုလုပ်ခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် ဖောင်းကြွနံပါတ်ပြားအသစ်များအား နိုင်ငံပိုင်ဌာနဆိုင်ရာ မော်တော်ယာဉ်များ အဖွဲ့အစည်းအသီးသီးပိုင် မော်တော်ယာဉ်များ၊ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များအနေဖြင့် (၃၀–၃–၂၀၂၃)ရက်တွင် အပြီးလဲလှယ်တပ်ဆင်နိုင်ရေး ယာဉ်မောင်း ယာဉ်ပိုင်ရှင်များကို အသိပညာပေးနှိုးဆော်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဦး ဦးဆောင်၍ အမှတ် (၇၁) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဦးအောင်ကိုဦးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လေးနွယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **ခင်မျိုးဝင်း(ပြန်/ဆက်)**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

ရုရှား - မြန်မာ ရွှေလမ်းငွေလမ်းဖောက်နိုင်ခဲ့သည့် ၁၉၅၅ ခုနှစ် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ

သီဟစည်သူ

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (ယခင်ဆိုဗီယက်ပြည်ထောင်စု)တို့အကြား ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က သံတမန်ဆက်ဆံရေးကို စတင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် (၇၅) နှစ် တင်းတင်းပြည့်မြောက်တော့မည်ဖြစ်သည်။ နှစ်နိုင်ငံမိတ်ဖက် သံတမန်ဆက်ဆံရေးသည် စိန်ရတုပင်တိုင်ခဲ့ချေပြီ။

မြန်မာ- ဆိုဗီယက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်တွင် စတင်ခဲ့ပြီး မြန်မာသံရုံးကို ၁၉၅၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုသို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပြီးနောက် ဆိုဗီယက်ပြည်ထောင်စု၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည့် မြန်မာသံအမတ်ကြီးမှာ သံအမတ်ကြီး ဦးအုန်းဖြစ်သည်။

ဝန်ကြီးချုပ် ဦးနု၏ ချစ်ကြည်ရေးခရီး

ဆိုဗီယက်ပြည်ထောင်စုသို့ ၁၉၅၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနု သွားရောက်ခဲ့ပြီး အလည်အပတ်ခရီးစဉ်အတွင်း ဆိုဗီယက်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ခြင်းသည် မြန်မာ-ဆိုဗီယက်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနီးကပ်လာစေခဲ့သည်။ အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအလွန် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၌ ဆိုဗီယက်ယူနီယံမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးနိုင်ရေးနှင့် မြန်မာ့ဆန်ဝယ်ယူရေး စာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အဆိုပါခရီးစဉ်၌ ဆိုဗီယက်ဝန်ကြီးချုပ် မာရှယ်ဘူလ်ဂါနင်၏ ညှော်ခံပွဲတွင် ဝန်ကြီးချုပ် ဦးနုက **"၁၉၅၅ ခုနှစ် ဇူလိုင် ၁ ရက်နေ့က ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် ဆိုဗီယက်- ဗမာ ကူးသန်းရောင်းဝယ်ရေး စာချုပ်ကြီးကဆိုလျှင် နှစ်နိုင်ငံစီးပွားရေး ဆက်သွယ်မှု တိုးတက်ကောင်းမွန်လာမည့် ခေတ်ကြီးတခုကို ခရီးဦးကြိုပြုခဲ့ပြီဖြစ်ကြောင်း၊ ဆန်မှာ ဗမာပြည်၏ အရေးကြီးဆုံးသော ထွက်ကုန်တရပ်ဖြစ်ကြောင်း၊ ဗမာပြည်တွင် ဆန်တွေပိုလျှံနေ၍ အရောင်းရခက်သည့် ယခုလို အချိန်အခါမျိုးထဲတွင် ဆိုဗီယက်ယူနီယန်အစိုးရက ဗမာဆန်များကို ဝယ်ယူရန် ဆုံးဖြတ်လိုက်ခြင်းသည် မိမိတို့ နိုင်ငံကို အကြပ်အတည်းထဲမှ ကယ်တင်လိုက်ခြင်းပင်မည်ကြောင်း၊ မိမိတို့သည် မိမိတို့နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေကြပြီဖြစ်ရာ ဆိုဗီယက်နိုင်ငံမှ စက်ကိရိယာပစ္စည်းများကို ဝယ်ယူရတော့မည့်အပြင် ဆိုဗီယက်စက်မှု လက်မှုပညာသည်များကိုပါ ခေါ်ယူရဖွယ်ရာရှိကြောင်း၊ သို့ကလို မိမိတို့က ပိုလျှံနေသည့် ဆန်တွေရောင်းပြီး အထက်ဖော်ပြပါအတိုင်း ဆိုဗီယက်ထံမှ စက်မှုလက်မှုပညာသည်များနှင့် ပစ္စည်းကိရိယာများကို လဲလှယ်ယူငင်ကြရခြင်းဖြစ်၍ မိမိတို့နှစ်နိုင်ငံသည် ကူးသန်းရောင်းဝယ်ရေးဘက်တွင်သာမက ယဉ်ကျေးမှုဘက်ကပါ ဆက်သွယ်မှု ပိုမိုရင်းနှီးလာမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်ဟု ၁၉၅၅ ခုနှစ် အောက်တိုဘာ ၂၆ ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာတွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ဆိုဗီယက်-ရုရှားပြည်တက်စ်ကင်းမြို့သို့ ဆိုက်ရောက်စဉ် ကြိုဆိုနေသော လူထုပရိသတ်ရှေ့၌ ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားနေပုံ။

❖ **၁၉၅၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပူးတွဲလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ အဆိုပါ ပူးတွဲကြေညာချက်တွင် "ငြိမ်းချမ်းစွာ အတူနေရေးမူများက ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ လောကဓာတ်နှင့် စက်မှုလက်မှုဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများစွာ ပွင့်လန်းစေသည်ဟုလည်း ခေါင်းဆောင်ကြီးများက ယုံကြည်ကြလေသည်။ အထက်ပါ လုပ်ငန်းများတွင် နှစ်ပြည်ထောင် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း သံဒိဋ္ဌာန်ချမှတ်ကြသည်" ဟု ဖော်ပြထား**

ယင်းခရီးစဉ်အတွင်း မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်၌ ဆိုဗီယက်ခေါင်းဆောင်များ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့သည့် နု-ဘူလ်ဂါနင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ၁၉၅၅ ခုနှစ် နိုဝင်ဘာ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ထိုထုတ်ပြန်ချက်တွင် **"ဆိုဗီယက် ယူနီယန်နှင့် ဗမာနိုင်ငံတို့အနာဂတ် ဆက်ဆံရေးသည် အိန္ဒိယ၊ ကွန်မြူနစ် တရုတ်ပြည်နှင့် အခြားနိုင်ငံအချို့တို့က လက်ခံထားပြီးဖြစ်သည့် ငြိမ်းချမ်းရေးမူ ၅ ချက်တွင်သာ မူတည်သွားမည်ဆိုကြောင်း၊ မြန်မာနှင့် ဆိုဗီယက်တို့ကြား မကြာသေးမီက ချုပ်ဆိုလိုက်သည့် ကူးသန်းရောင်းဝယ်ရေး စာချုပ်ကြောင့် နှစ်နိုင်ငံ၏ ရင်းနှီးမှုကို ပိုမိုနီးကပ်စေသည်နှင့် လျော်ညီစွာ နှစ်နိုင်ငံတို့၏ သဘောထား အယူအဆများ လဲလှယ်နိုင်ရေးကိုပါ တဆင့်တက် ဖန်တည်းနိုင်မည်ဖြစ်ရာကမ္ဘာကြီးတစ်ဝှမ်းလုံးအတွက် ငြိမ်းချမ်းရေးနှင့် လုံခြုံမှုရရှိရေးဆီသို့ပင် ဆိုက်ရောက်သွားလိမ့်မည်ဟု မျှော်လင့်ကြောင်းကိုလည်း ဝန်ကြီးချုပ်နှစ်ဦးက ထည့်သွင်းဖော်ပြထားကြောင်း"** ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၅ ရက်ထုတ် ဟံသာဝတီ သတင်းစာတွင် ဟံသာဝတီဦးစိန်က ရေးသားခဲ့ပေသည်။

ဆိုဗီယက်ခေါင်းဆောင်နှစ်ဦး၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံအတွက် လက်ဆောင်ပေးအပ်သည့် လေယာဉ်ကြီးအား ဝန်ကြီးချုပ် ဦးနု တက်ရောက်ကြည့်ရှုစဉ်။

မော်စကိုမြို့ရောက် မြန်မာသတင်းစာဆရာများ

၁၉၅၅ ခုနှစ် ဝန်ကြီးချုပ်ဦးနု၏ ခရီးစဉ်နှင့်အတူ မြန်မာနိုင်ငံမှ သတင်းစာဆရာ ခြောက်ဦးတို့လည်း လိုက်ပါသွားခဲ့သည်။ အဆိုပါသတင်းစာဆရာများမှာ မြန်မာ့အလင်းသတင်းစာမှ ဦးသောင်းညွှန့်၊ ရန်ကုန်သတင်းစာမှ ဦးယုမောင်၊ မဏ္ဍိုင်သတင်းစာမှ ဦးလုကြည်၊ နယူးတိုင်းအော့ဖ်ဘားမားမှ ဦးဖေတင်နှင့် ဟံသာဝတီဦးစိန်တို့ဖြစ်ကြပြီး ဝန်ကြီးချုပ်၏ ခရီးစဉ်တစ်လျှောက် လိုက်ပါသွားခဲ့ကြကြောင်း သိရသည်။

ထို့အတူပင် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း၌ ဆိုဗီယက်သတင်းစာဆရာ နှစ်ဦးနှင့် ဆိုဗီယက်ယူနီယံ နိုင်ငံခြားတိုင်းပြည်များနှင့် မိတ်ဆွေဖြစ်ရေး၊ ယဉ်ကျေးမှု ဆက်သွယ်ရေးအသင်းချုပ်မှ ဒေါက်တာ လယူဘို မုံဒိုရိုတာနှင့် ဒေါက်တာ ဆာရိုလောဗ်တို့လည်း မြန်မာနိုင်ငံသို့ လေ့လာရေးခရီးစဉ် လာရောက်ခဲ့ရာ ထိုစဉ်က မြန်မာနိုင်ငံစာပေလုပ်သားဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝန် (မင်းသုဝဏ်)၊ အတွင်းရေးမှူး ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဘကြည် (ပန်းချီ) နှင့် ဦးမြတ်သူ (တက္ကသိုလ် မြတ်သူ)တို့က တွေ့ဆုံညှော်ခံခဲ့သည်။

ဆိုဗီယက်သတင်းစာဆရာအဖွဲ့သည် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းဒန်နှင့် တွေ့ဆုံခဲ့သည့်အပြင် မင်္ဂလာဒုံ ဗဟိုနိုင်ငံရေးသိပ္ပံနှင့် အခြားနေရာများသို့ သွားရောက်လေ့လာခဲ့ပြီး ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းမှတ်တမ်းများအရ သိရသည်။

ရုရှား- မြန်မာ ရွှေလမ်းငွေလမ်းဖောက်ပြီဆိုခြင်း

အလားတူပင် ဝန်ကြီးချုပ် ဦးနု၏ ခရီးစဉ်တွင် ဖိတ်ကြားချက်အရ ဆိုဗီယက်နိုင်ငံ ဝန်ကြီးချုပ် မာရှယ် ဘူလ်ဂါနင်နှင့် ဆိုဗီယက်နိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး နီကီတာ ကရုးရှက်(ဖ်)တို့ကလည်း ၁၉၅၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရာ မင်္ဂလာဒုံလေဆိပ်၌ လူထုအင်အားထောင်သောင်းချီ၍ အထူးညှော်ခံကြိုဆိုခဲ့သည်။ ယင်းညှော်ခံကြိုဆိုပွဲတွင် ဝန်ကြီးချုပ် ဦးနု ပြောကြားသည့် မိန့်ခွန်း၌ **"၁၉၅၅ ခုနှစ် နိုဝင်ဘာ ၃ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်သည် ရုရှား- မြန်မာ ရွှေလမ်းငွေလမ်း ဖောက်ရုံတင်မကဘဲ ကမ္ဘာ့ငြိမ်းချမ်းရေးကြီး ဖြစ်ထွန်းစေရန် ဖော်ပြခြင်းပင်ဖြစ်ကြောင်း၊ အဆိုပါ စေ့စပ်ဖြေရှင်းနည်းလမ်းကို ယခုအခါ များစွာသော နိုင်ငံများက လိုက်လံကျင့်သုံးနေပြီဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

ဆိုဗီယက်ခေါင်းဆောင်နှစ်ဦးတို့၏ ခရီးစဉ်တွင်လည်း ဆိုဗီယက်- မြန်မာ ပူးပေါင်းဆောင်ရွက်မှုအတွက် နု-ဘူလ်ဂါနင်- ကရုးရှက်(ဖ်)ကြေညာချက်ကို ၁၉၅၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပူးတွဲလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ အဆိုပါ ပူးတွဲကြေညာချက်တွင် **"ငြိမ်းချမ်းစွာ အတူနေရေးမူများက ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဆိုဗီယက်ပြည်ထောင်စုတို့၏ စီးပွားရေး၊ ယဉ်ကျေးမှု၊ လောကဓာတ်နှင့်** *စာမျက်နှာ ၇ သို့*

ဆိုဗီယက်ခေါင်းဆောင်ကြီးများက မြန်မာ့အိုးစည်ကို စိတ်ဝင်တစားတီးခတ်လေ့လာနေမှုအား အနီးမှ ဝန်ကြီး ဦးဗဆွေက ကူညီပေးနေသည်ကို တွေ့ရစဉ်။

ဆိုဗီယက်ဝန်ကြီးချုပ် ဘူလ်ဂါနင်နှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ကရူးရှက်(ဖ်) တို့ ရွှေတိဂုံ ကုန်းတော်ပေါ်သို့ ၁၉၅၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်က တက်ရောက်လေ့လာကြစဉ်။

စာမျက်နှာ ၇ မှ

စက်မှုလက်မှုဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခွင့်အလမ်းများစွာ ပွင့်လန်းစေသည်ဟုလည်း ခေါင်းဆောင်ကြီးများက ယုံကြည်ကြလေသည်။ အထက်ပါလုပ်ငန်းများတွင် နှစ်ပြည်ထောင် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း သံဒိဋ္ဌာန်ချမှတ်ကြသည်” ဟု ဖော်ပြထားသည်။

ဇိမ်ခံလေယာဉ်ကြီး

ထိုခရီးစဉ် ရလဒ်များအဖြစ် ဝန်ကြီးချုပ် ဦးနုအတွက် အလှူရှင်း ဇိမ်ခံလေယာဉ်ကြီး တစ်စင်းနှင့် လက်ဆောင်ပဏ္ဏာများကို ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင် ဆိုဗီယက်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား ရန်ကုန်မြို့တွင် စက်မှုနည်းပညာတက္ကသိုလ်၊ အင်းယားလိတ် ဟိုတယ်နှင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ ဆောက်လုပ်ရန်အတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၁၉၆၁ ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့သည်။ ယင်းအဆောက်အအုံများအပြင် ၁၉၆၇ ခုနှစ်တွင် ကြက်မောက်တောင် ရေလှောင်တမံကိုလည်း ဆိုဗီယက်ပြည်ထောင်စု၏ အကူအညီများဖြင့် ဆောက်လုပ်နိုင်ခဲ့သည်။

ယင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံ နိုင်ငံခြားရေးရုံးမှ ဆိုဗီယက်- မြန်မာ စီးပွားရေး ဆက်သွယ်မှုများပါရှိသော ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီခွဲတွင် ထုတ်ပြန်ခဲ့ရာတွင် **“ဆိုဗီယက်ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံ လယ်ယာလုပ်ငန်း တိုးတက်ရေး စီမံကိန်းအတွက်၎င်း၊ အကြီးစား ဆည်မြောင်းလုပ်ငန်းများ ဆောက်ရာ၌၎င်း၊ အချို့သော စက်မှု လက်မှုဆိုင်ရာ စက်များတည်ဆောက်ရာ၌**၎င်း၊ မြန်မာနိုင်ငံတော်အစိုးရအား အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုပေးမည်ဖြစ်ကြောင်း၊ ထိုသို့ပေးရာ၌ ပါဝင်မည့် ပစ္စည်းများနှင့်ပညာနှင့် လူအားအတွက် ပေးဆပ်ရန်ကြေးငွေများကို မြန်မာနိုင်ငံကဆန်ဖြင့် ပေးဆပ်ရမည်ဖြစ်ရာ ပေးဆပ်ရန် ဆန်မလုံလောက်ခဲ့သော် ထိုဆန်ကိုပင် နှစ်ကာလကြာရှည်စွာ အလီလီပေးရန်ဖြစ်၏” ဟု ဖော်ပြပါရှိခဲ့သည်။

ပိုမိုနက်ရှိုင်းစွာ နီးကပ်လာခဲ့

ထိုသို့ ၁၉၅၅ ခုနှစ်တွင် အစပြုခဲ့သည့် ဆိုဗီယက်- မြန်မာခေါင်းဆောင်များ အပြန်အလှန်ခရီးစဉ်များအပြီးတွင် ရုရှား- မြန်မာဆက်ဆံရေး ပိုမိုနက်ရှိုင်းစွာ နီးကပ်လာခဲ့ပြီး ၁၉၆၄ ခုနှစ်အတွင်း ရုရှား- မြန်မာလေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကိုလည်း သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ ထို့ပြင် ၁၉၇၀ ပြည့်နှစ်များအတွင်း ရုရှားနိုင်ငံမှ အနုပညာရှင်များ မြန်မာနိုင်ငံသို့လာရောက်၍ ယဉ်ကျေးမှုများ ကူးလူးဖလှယ်ခြင်းနှင့် ရုရှားနိုင်ငံမှ အားကစားအဖွဲ့များ လာရောက်၍ မြန်မာနိုင်ငံ ဘောလုံးအသင်းများနှင့် ချစ်ကြည်ရေးလာရောက် ယှဉ်ပြိုင်ကစားခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာများတွင် တွေ့ရှိရပေသည်။

ထို့အတူပင် ဗိုလ်ချုပ်ကြီးနေဝင်း တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဖြစ်လာပြီးနောက် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၂၄ ရက်အထိ ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ကာ ဆိုဗီယက်ခေါင်းဆောင် လီယိုနိဒ်ဘရယ်ရ်ဇ်ညက်ဗ်၊ အဲလက်စေး ကိုစီဂင်န်၊ အန်နာစတပ်(စ်) မီကိုရန်တို့ နှင့် တွေ့ဆုံခဲ့သည်။ ထိုကဲ့သို့ ၁၉၇၀- ၁၉၈၀ ပြည့် လွန်နှစ်များတွင်လည်း ဆိုဗီယက်- မြန်မာ သံတမန်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

၁၉၅၇-၁၉၆၁ ခုနှစ်အတွင်း ဆိုဗီယက်ပြည်ထောင်စုမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောက်လုပ်ခဲ့သည့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး။

“၁၉၅၅ ခုနှစ်တွင် အစပြုခဲ့သည့် ဆိုဗီယက်- မြန်မာခေါင်းဆောင်များ အပြန်အလှန်ခရီးစဉ်များအပြီးတွင် ရုရှား- မြန်မာဆက်ဆံရေး ပိုမိုနက်ရှိုင်းစွာ နီးကပ်လာခဲ့ပြီး ၁၉၆၄ ခုနှစ်အတွင်း ရုရှား- မြန်မာလေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကိုလည်း သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့”

မြန်မာထဲမှ ပထမဆုံး ဘူမိဇလ၊ ဘူမိဗေဒပညာရှင်

နောက်ပိုင်းတွင်လည်း နှစ်နိုင်ငံပညာရေး နယ်ပယ် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၁၉၇၂ ခုနှစ်တွင် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များအရ ကျောင်းသားများ အပြန်အလှန်ဖလှယ်မှု အစီအစဉ်ကို စတင်ခဲ့ကာ ဆိုဗီယက် ပြည်ထောင်စု မော်စကိုမြို့ရှိ တက္ကသိုလ်များသို့ မြန်မာပညာတော်သင်များစေလွှတ်၍ ပညာသင်ကြားစေခဲ့သည်။

၁၉၆၈ ခုနှစ်ဝန်းကျင်တွင် မော်စကိုမြို့ရှိ ဘူမိဗေဒတက္ကသိုလ်၌ သွားရောက်ပညာသင်ကြားနေသူများမှာ ဘွဲ့လွန်ပညာတော်သင် ဦးမောင်သင်း၊ ဦးကြည်၊ ဦးဟုတ်မိုးနှင့် ဦးသိန်းဝင်းတို့ ဖြစ်ကြောင်း၊ ထိုအချိန်က မော်စကို ဘူမိဗေဒတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာပျိုတာကလီမင်က **“ဦးမောင်သင်းသည် ရန်ကုန်တက္ကသိုလ်မှ ဘူမိဗေဒဘာသာဖြင့် အောင်မြင်လာပြီး မြေအောက်ရေကြောနှင့် ပတ်သက်သည့် ပညာလေ့လာရန် မော်စကိုသို့ရောက်ရှိနေကြောင်း၊ ၎င်းတင်သွင်းသည့် စာတမ်းသည် မြန်မာပြည်တောင်ပိုင်းတွင် ဘူမိဇလ၊ ဘူမိဗေဒသုတေသနလုပ်နည်းစာတမ်းဖြစ်ပြီး အပူပိုင်းရာသီဥတုတွင် မြေအောက်ရေကြော ရှာဖွေနည်းဖြစ်ကာ ဦးမောင်သင်းသည် မြန်မာထဲက ပထမဆုံး ဘူမိဇလ၊ ဘူမိဗေဒပညာရှင် ဖြစ်လာမည် ဖြစ်ကြောင်း”** ပြောကြားခဲ့သည်ဟု ၁၉၆၈ ခုနှစ် မေလ ၂၄ ရက်ထုတ် ဟံသာဝတီသတင်းစာက ဖော်ပြထားသည်။

၁၉၇၀ ပြည့်နှစ် ဆိုဗီယက်ရိုးရာအနုပညာပြပွဲ

ထို့အတူ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆိုဗီယက်အစိုးရတို့က ကြီးမှူးကျင်းပသည့် ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စု၏ရိုးရာယဉ်ကျေးမှုအနုပညာလက်ရာပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ အမျိုးသားပြတိုက် ပထမထပ်၌ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသခဲ့သည်။ အဆိုပါပြပွဲခင်းကျင်းပြသခြင်းသည် မြန်မာနိုင်ငံနှင့် ဆိုဗီယက်ယူနီယံပြည်သူနှစ်ရပ်အကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရေး ဆက်လက်ခိုင်မာရေးကို မုချအထောက်အကူ ပြုလိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဆိုဗီယက်နိုင်ငံ သံအမတ်ကြီးက ပြောကြားခဲ့သည်။

လက်ရှိ ရုရှား - မြန်မာမိတ်ဖက်ဆက်ဆံရေး

လက်ရှိအချိန်တွင်လည်း ရုရှား- မြန်မာ မိတ်ဖက်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး အစရှိသည့် ကဏ္ဍပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် တောင်ကြီးမြို့အနီးရှိ ပင်းပက် အမှတ် (၂) သံမဏိစက်ရုံဆောက်လုပ်ရေးတွင်လည်း ရုရှားကုမ္ပဏီ “ကျာ(ရ်)ပရော(မ်) အိတ်စပေ့(သ်)” က “ရိုမက်(သ်)” ရုရှားအဆင့်မြင့် နည်းပညာကို အသုံးပြုကာ ပါဝင်ဆောက်လုပ်ခဲ့သည်။

ထို့ပြင် စစ်ဘက်- နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်လည်း ရုရှား- မြန်မာဆက်ဆံရေး တိုးတက်ကောင်းမွန်သည့် အချက်တစ်ခုဖြစ်ပြီး ကာကွယ်ရေးကဏ္ဍဆိုင်ရာ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု ခြေလှမ်းသစ်များကို စတင်လျက်ရှိပေသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံရှိ အဆင့်မြင့် တက္ကသိုလ်များ၌ လွန်ခဲ့သော ၁၅ နှစ်ခန့်မှစ၍ မြန်မာနိုင်ငံမှ ပညာတော်သင်များ ထပ်မံစေလွှတ်ခဲ့ရာ ၂၀၁၈ ခုနှစ်အထိ မြန်မာကျောင်းသား ၆၀၀၀ ကျော်သည် ရုရှားနိုင်ငံ၏ မဟာဘွဲ့ရပြီးသူများနှင့် အချို့မှာ ပါရဂူဘွဲ့ရပြီးသူများလည်းရှိသည့်အပြင် ရာနှင့်ချီသော ကျောင်းသားကျောင်းသူများသည် ရုရှားနိုင်ငံ၏ တက္ကသိုလ်ပညာရပ်များကို ယနေ့အချိန်ထိ ဆက်လက်ပညာသင်ကြားလျက်ရှိကြပေသည်။

အချုပ်အားဖြင့်ဆိုရသော် ၁၉၄၈ ခုနှစ်မှ အစပြုခဲ့သည့် မြန်မာ- ရုရှား စိန်ရတု သံတမန် ဆက်ဆံရေးမှသည် နောင်အနာဂတ်တွင် မြန်မာနိုင်ငံကို တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်အောင်မြင်သော နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေး ကဏ္ဍပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် ဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား -

- **၁၉၅၅ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလထုတ် ဟံသာဝတီ သတင်းစာများ။**
- **၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလထုတ် မြန်မာ့အလင်း သတင်းစာ။**
- **မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးထုတ်ပြန်ချက်များ။**

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင် မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ၏ ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ၏ ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ ကျောက်မဲဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရမထေရ်မြတ် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်စာသင်တိုက် ပဓာနနာယက၊ ကန်သုံးဆင့်ကျောင်းဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တ ဂုဏိကာဘိဝံသ မထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားကို ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး အလှူရှင်များက သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ ကျောက်မဲ ဆရာတော်ထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညို တောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပညာရာမ ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခ တောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း)ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း။

ဆက်ကပ်လှူဒါန်း

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ စိန်ပန်းဇဝနကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သဒ္ဓမ္မ(ဂရု)ပုသိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ စွန်းလွန်းဂူဝိပဿနာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇောဓိရတနာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၂၉

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ လွိုင်လင်မြို့နှင့် တီးတိန်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးနေမင်းသူနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းသို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လှူဒါန်းသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြု(သီလရှင်) ကျောင်းသို့ သွားရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးအပ်လှူဒါန်းလိုက်သော မြဝတီစာပေတိုက်မှထုတ်ဝေသည့် စာအုပ်၊ စာစောင်များကို လှူဒါန်းခဲ့ပြီး သုတဥယျာဉ်စာကြည့်တိုက်အတွင်းရှိ ဗဟုသုတရရှိစေမည့် သုတ၊ ရသ စာအုပ်စာပေများ ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လဟယ်မြို့ရှိ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကျင်းပသည့် ရွှေပြည်သာ အားကစားကွင်းသို့ သွားရောက်ကြည့်ရှု၍(**အပေါ်ပုံ**) နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘက်စုံအသုံးပြုနိုင်သည့် (Synthetic) ပြေးလမ်းပါ ဘက်စုံသုံးအားကစားကွင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘောလုံးကွင်းဧရိယာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် စနစ်တကျတိုင်းတာ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တိုးချဲ့ရန်လိုအပ်သည့် မြေနေရာကို ဒေသအာဏာပိုင်အဖွဲ့ အပါအဝင် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဘောလုံးကွင်းကို အသစ်ပြန်လည်တည်ဆောက်ပြီးပါက မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် စနစ်တကျဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိုးနဲမြို့၌ လားဟူတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်းနှစ်သစ်ကူးပွဲ ကျင်းပ

မိုးနဲ ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု ဝမ်ယေးကျေးရွာတွင် လားဟူတိုင်းရင်းသားတို့၏ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်က ဥဿျှစ်ကုန်း ဘုရားကျောင်းနေရာ၌ ပျော်ရွှင်စွာဆင်နွှဲခဲ့ကြောင်း သိရသည်။

လားဟူတိုင်းရင်းသားများသည် ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်ကို ၎င်းတို့နေထိုင်ရာဒေသအလိုက် ကျင်းပခဲ့ကြပြီး တစ်နှစ်တာကာလအတွင်း စိုက်ပျိုးထားကြသော တောင်ယာ၊ လယ်နှင့် ဥယျာဉ်ခြံတို့မှထွက်ရှိသော စပါး၊ အသီးအနှံစသည့် ပစ္စည်းများကို နှစ်သစ်ကူးပွဲတော်တွင် ဦးဦးဖျားဖျား စုပေါင်း ပါဝင်လှူဒါန်းကြကြောင်း၊ သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များအား လူငယ်များက ရိုးရာလက်ဆေး မင်္ဂလာပြုလုပ်ခံယူသော ပွဲတော်ဖြစ်ကြောင်း အဆိုပါကျေးရွာနေ လားဟူတိုင်းရင်းသား ဦးအေးလိယက ပြောကြားသည်။

အဆိုပါနှစ်သစ်ကူးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး လားဟူတိုင်းရင်းသားတို့၏ နှစ်သစ်အတွက် ဆုမွန်ကောင်းများ တောင်းပေးခဲ့ကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)

နမ့်ခမ်းမြို့၌ ခိုလုံလီရှောနှစ်သစ်ကူးပွဲတော် ကျင်းပ

နမ့်ခမ်း ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ရှိ ခိုလုံလီရှောရိုးရာယဉ်ကျေးမှုအဖွဲ့ချုပ်ခန်းမကွင်းပြင်၌ ယမန်နေ့က ခိုလုံလီရှောရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားနှင့် (၃၃) နှစ်မြောက် ခိုလုံလီရှော ယဉ်ကျေးမှုအဖွဲ့တည်ထောင်ခြင်းအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ခိုလုံလီရှောယဉ်ကျေးမှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မြင့်က နှစ်သစ်မင်္ဂလာကြိုဆိုသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စစ်ရေးကွပ်ကဲမှုဌာနချုပ် စစ်ရေးကွပ်ကဲရေးမှူးက အဖွင့်အမှာစကားပြောကြားကာ မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကား ပြောကြားသည်။ ထို့နောက် ဒေသတွင်းရှိ ခိုလုံလီရှော၊ ရှမ်း၊ ပလောင်၊ ကချင်၊ လီဆူ၊ ဗမာ တိုင်းရင်းသားရိုးရာအကအဖွဲ့များက တိုင်းရင်းသား ရိုးရာ အကပဒေသာများ ကပြတင်ဆက်ဖျော်ဖြေခဲ့ရာ ခိုလုံလီရှော ယဉ်ကျေးမှုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ပွဲတော်လာရောက်ကြသူများက ဂုဏ်ပြုငွေ ချီးမြှင့်ပေးခြင်း၊ နှစ်ကူးအန်ပေါင်းလက်ဆောင် ပေးအပ်ခြင်းများဖြင့် ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

အဆိုပါ ပွဲတော်ကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကာလ သုံးနှစ်အတွင်း ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(မူဆယ်)

ဒုတိယဝန်ကြီး ဦးမြင့်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်ကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟိုမိန်းမြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရေးအတွက် ရည်ရွယ်ပြီး ကျေးလက် အခြေခံအဆောက်အအုံ၊ ရေ၊ မီး၊ လမ်း၊ တံတား ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်မှုနှင့် ဟိုမိန်းဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဟိုမိန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်အတွက် သုတရသ စာအုပ်များကို လည်းကောင်း၊ ဟိုမိန်းမြို့ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များက ထုတ်ဝေသော မဂ္ဂဇင်းစာအုပ်များကို လည်းကောင်း၊ ဝမ်မိုင်၊ မိုက်ပုတ်ခမ်း၊ ဝမ်မိုက်လုပ်လေ ကျေးရွာသုံးရွာ၏ ရေရရှိရေးလုပ်ငန်းများနှင့် စာသင်ကျောင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း

VDP ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဟိုမိန်းမြို့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဟိုမိန်းမြို့ တိုက်နယ်ဆေးရုံတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စက်ရုံသည် ဟိုမိန်းမြို့ရှိ နောင်လုံရေကန်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ ကီလိုဝပ် ၂၀၀ တာဘိုင် နှစ်လုံးဖြင့် ဟိုမိန်းမြို့မှ ရပ်ကွက် သုံးခု အိမ်ခြေ ၇၀၃ အိမ်ကို ၂၄ နာရီ ဓာတ်အားပေးလျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

ထားဝယ်မြို့၌ စာအောင်သံဃာတော်များအား စာအောင်ဆုနှင်းသဘင် ကျင်းပပူဇော်

ထားဝယ် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၁-၂၀၂၂ ခုနှစ် စာအောင်သံဃာတော်များအား စာအောင်ဆုနှင်းသဘင်ပူဇော်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ထားဝယ်မြို့ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ဧည့်သည်တော်များက ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ သီလခံယူပြီး ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၂၁-၂၀၂၂ ခုနှစ် ထားဝယ်စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် စာအောင်ဆုများဆက်ကပ်လှူဒါန်းခဲ့သည်။

၂၀၂၁-၂၀၂၂ ခုနှစ် ဓမ္မာစရိယ၊ နိကာယ်နှင့် ပထမပြန်စာမေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်စာဖြေဌာနမှ ဝင်ရောက်ဖြေဆို အောင်မြင်ကြသော စာအောင်သံဃာတော်၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များမှာ ဓမ္မာစရိယ သုံးကျမ်းအောင် သံဃာတော် တစ်ပါးနှင့် သီလရှင် တစ်ပါး၊ နိကာယ်အုပ်စု(၁) အောင်သံဃာတော် နှစ်ပါး၊ နိကာယ်အုပ်စု(၈) အောင် သံဃာတော် နှစ်ပါး၊ ပထမကြီးတန်းအောင် သံဃာတော် သုံးပါး၊ ပထမလတ်တန်းအောင် သံဃာတော်ခြောက်ပါး၊ ပထမငယ်တန်းအောင်သံဃာတော် ၁၂ ပါး၊ အခြေပြုမူလတန်းအောင် သံဃာတော် ၃၉ ပါး၊ မြိတ်ခရိုင်မှ စာအောင် သံဃာတော်/သီလရှင် ၁၄၂ ပါး၊ ကော့သောင်းခရိုင်မှ စာအောင် သံဃာတော်/ သီလရှင် ၄၂ ပါး ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် (၄၂) ကြိမ်မြောက် မဟာ/ စူဠဘွဲ့နှင်းသဘင် ကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၂၉

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ဂုဏဝိသိဋ္ဌပူဇာသဘင်နှင့် (၄၂) ကြိမ်မြောက် မဟာ/ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေနေပြည်တော် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က ဩဝါဒချီးမြှင့်ပြီး ဆရာစံရပ်ကွက် မဟာဇနကပရိယတ္တိ စာသင်တိုက် ပဓာနနာယက "အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝဏ္ဏာရဟ၊ ဘုရင့်နောင်ရပ်ကွက် ဂိုဏ်းထောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစန္ဒိမာဓဇ အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိအကျဉ်းများနှင့် သာသနဓဇဓမ္မာစရိယဘွဲ့ရဆရာတော်တို့၏ ထေရုပ္ပတ္တိအကျဉ်းများကို ဖတ်ကြားသည်။ ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ငွေတောင်တောရဆရာတော်ထံမှ သီလခံယူပြီး နေပြည်တော်ကောင်စီက သာသနာတော်ရေး ဆိုင်ရာများ လျှောက်တင်ခဲ့သည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် ပထမကြီးတန်း၊ ပထမလတ်တန်း၊ အခြေပြု မူလတန်း စာအောင် ရဟန်း၊ သာမဏေ၊ သီလရှင်များအား နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ နေပြည်တော် သာသနာရေးဦးစီးဌာနမှ သာသနာရေးမှူး ဦးဆန်းထွန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

တင်စိုးလွင်

ရှမ်းပြည်နယ်လုံးဆိုင်ရာ (၅၇)ကြိမ်မြောက် ကမ္မဋ္ဌာန်းဓမ္မသဘင်ညီလာခံနှင့် လင်းခေး ကမ္မဋ္ဌာန်းတိုက် စိန်ရတုပွဲတော် ကျင်းပမည်

လင်းခေး ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်လုံးဆိုင်ရာ ကမ္မဋ္ဌာန်းတိုက်များရှိ ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ တရားပြဆရာများ၏ (၅၇) ကြိမ်မြောက် ဓမ္မသဘင်ညီလာခံနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့ရှိ ကမ္မဋ္ဌာန်းကျောင်းတိုက် သက်တမ်း (၇၅) နှစ်မြောက် စိန်ရတုပွဲတော်ကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္မဋ္ဌာန်းတိုက်များ ဓမ္မသဘင်ညီလာခံကို လွန်ခဲ့သော ၁၉၇၆ ခုနှစ်မှစ၍ ရှမ်းပြည်နယ်လုံးဆိုင်ရာအဖြစ် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၅၇) ကြိမ်မြောက် ရှိလာခဲ့ပြီဖြစ်ကြောင်းနှင့် လာမည့်ညီလာခံကို လင်းခေးမြို့ ကမ္မဋ္ဌာန်းကျောင်း၏ စိန်ရတုနှစ်ပွဲတော်နှင့် ပူးတွဲကျင်းပရခြင်းဖြစ်ကြောင်း လင်းခေးမြို့ ကမ္မဋ္ဌာန်းတိုက် ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအုန်းဖေထံမှ သိရသည်။

ကမ္မဋ္ဌာန်းဓမ္မသဘင် ညီလာခံတွင် ကမ္မဋ္ဌာန်းတိုက် ၃၆ တိုက်ရှိ ပဋိပတ္တိသာသနာ့နုဂ္ဂဟအဖွဲ့ တရားပြဆရာများ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုနှင့် စပ်လျဉ်းသည်များကို အလှည့်ကျ ဆွေးနွေးတင်ပြခြင်း၊ အားသာချက်၊ အားနည်းချက်များကို ဗဟိုအဖွဲ့က သုံးသပ်၊ ဆုံးဖြတ်အတည်ပြုခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လင်းခေးမြို့ ကမ္မဋ္ဌာန်းကျောင်းတိုက် စိန်ရတုပွဲတွင် ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ နေ့စဉ် ဆရာတော်ကြီးများ၏ တရားပွဲများနှင့်အတူ ပွဲတော်သို့ လာရောက်ကြသူများ ကြည့်ရှုလေ့လာနိုင်ရန် လင်းခေးမြို့ သမိုင်းဆိုင်ရာများပြခန်းနှင့် စိန်ရတုအထိမ်းအမှတ် ပြခန်းများကိုလည်း ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြို့နယ်များရှိ စေတီပုထိုးများတွင် ပရိတ်ရွတ်ဖတ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မောက်မယ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဝတ်ရွတ်အသင်းအဖွဲ့များမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်က နန်းဖတ်ခုမ်စေတီတော်ကျောင်းတွင် ဆောင်ရွက်သည်။

မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မောက်မယ်မြို့ နန်းဖတ်ခုမ်စေတီတော်ကျောင်းဝင်းအတွင်း ဘုရားရုပ်ပွားတော်များအား ရောင်တော်ဖွင့်သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ကျောင်းအတွင်း၌ တံမြက်စည်းလှည်းခြင်း၊ ပေါင်းပင်များရှင်းလင်းခြင်း၊ ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်သည်။ ဇန်နဝါရီ ၂၈ ရက်တွင်လည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးဆောင်သည့်ဌာနဆိုင်ရာများနှင့် ဒေသခံဝတ်ရွတ်အသင်းများက အတွင်းအောင်ခြင်းရှစ်ပါး ပါဠိတော်နှင့် အပြင်အောင်ခြင်း ရှစ်ပါးပါဠိတော်၊ ဓဇဂ္ဂသုတ်တို့အား သီရိလင်္ကာမြို့လယ်ဓမ္မာရုံနှင့် ကမ္မဋ္ဌာန်းကျောင်းတိုက်ဓမ္မာရုံတွင် စုပေါင်းရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

စိုင်းမျိုးသန့်(မောက်မယ်)

ဓနုဖြူ

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ဓနုဖြူမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဇန်နဝါရီ ၂၇ ရက်က ဆောင်ရွက်သည်။

အန္တရာယ်ကင်း ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ရာတွင် ဓနုဖြူမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များက အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါးပါဠိတော်နှင့် ဓဇဂ္ဂသုတ်တို့ကို ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ရတနာစန်းကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဝတ်ရွတ်အသင်းအဖွဲ့များက ဘုရားစေတီပုထိုးများနှင့် ဌာနဆိုင်ရာရုံးများတွင် အတွင်းအောင်ခြင်း ရှစ်ပါး၊ အပြင်အောင်ခြင်း ရှစ်ပါး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ဘုရားစေတီပုထိုးများတွင်လည်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော် ရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဝန်ထမ်းများ စုပေါင်းပြီး ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ဆောင်ရွက်စဉ်။

မန်းကျော်(ပြန်/ဆက်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းနှင့် ဘုရားစေတီများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တနိုင်း

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဦးကုမာရ (ကသာ) မှအနုမောဒနာ ဂါထာရွတ်ပွားဖတ်ကြားပြီး ဦးစန္ဒာနာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များက မေတ္တာသုတ်ချီးမြှင့်ပူဇော်သည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များအား လှူဒါန်းဖွယ်ရာဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပန်းအိ(တနိုင်း)

ဇေယျာသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်လုံးဆိုင်ရာ တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ရေဆင်းကျေးရွာအုပ်စု ကန်သာအေးကျေးရွာရှိ အနန္တမေတ္တာသစ္စာဝါဒီကျောင်းတိုက်ဓမ္မာရုံ၌ ဇန်နဝါရီ ၂၈ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဝိစိတ္တသာရ၊ မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ စည်ပင်ရွာဦးကျောင်းတိုက် ပဓာနနာယက၊ ဘဒ္ဒန္တက္ကန္ဒာစက္ကနှင့် ပင့်သံဃာတော်များ၊ နေပြည်တော်ကောင်စီဝင်ဦးကျော်သိန်းဆိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်ဦးကြည်နိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဘဒ္ဒန္တက္ကန္ဒာစက္က မထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က သာသနာတော်ဆိုင်ရာကိစ္စရပ်များလျှောက်ထားခဲ့ပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

အမာ

ဧရာဝတီတိုင်းဒေသကြီး အမာမြို့ (၃) ရပ်ကွက် ဒက္ခိဏာရာမကျောင်းတိုက်ရှိ အောင်ဗောဓိစေတီတော်မြတ်ကြီးနှင့် အောင်စေတီတို့တွင် မြို့အုပ်ချုပ်ရေးမှူး ဦးပြည့်စုံဝင်း ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အမာမြို့ အုပ်ချုပ်ရေးမှူး ဦးပြည့်စုံဝင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ နယ်မြေရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းပြီး အောင်ဗောဓိစေတီတော်မြတ်ကြီးနှင့် အောင်စေတီတို့တွင် သန့်ရှင်းရေးများ စုပေါင်းရှင်းလင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီး၌ ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စေတီတော်မြတ်ကြီးတွင် ရေသပ္ပာယ်ဆေးကြောသန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်၌ တံမြက်စည်းလှည်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မိုးမိတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် လက်ခုပ်တန်းရပ်ကွက် ဂူတော်သစ်ဘုရား၌ ရောင်တော်ဖွင့်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဘော် ဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဘုရားစေတီပရိဝုဏ်အတွင်း ဘုရားရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ စေတီတော်ရင်ပြင်အား တံမြက်စည်းလှည်းကုသိုလ်ယူခြင်း၊ ဘုရားပရိဝုဏ်အတွင်းရှိ ချုံနွယ်များနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စည်သူဋ္ဌေး(ပြန်/ဆက်)

မဘိမ်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့၌ မဟာသန္တိသုခဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးအား ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၈ ရက်က နမ့်ပုံးပုံး ရပ်ကွက်ရှိ အဆိုပါစေတီတော်မြတ်ကြီး၏ဝင်းအတွင်း၌ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းသူဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇာနည်မောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် စာရေးဝန်ထမ်းများ စုပေါင်း၍ မဟာသန္တိသုခဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးအား ထုံးသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ စေတီတော်မြတ်ကြီး၏ ဝင်းအတွင်း စုပေါင်း သန့်ရှင်းရေးများပြုလုပ်ပေးခြင်းနှင့် အရံစေတီတော်များအား ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မျိုးမင်း (မဘိမ်း)

ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ တပ်နယ်မိသားစုများ ပူးပေါင်း၍ ဇန်နဝါရီ ၂၈ ရက်က မြို့ဦးအောင်စေတီဘုရားကြီးအား ရေသပ္ပာယ်ခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ကျောက်ပန်းတောင်းတပ်နယ်မှ အရာရှိ/အရာခံ/အကြပ်၊ တပ်သားများနှင့် မိသားစုဝင်များ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက မြို့ဦးအောင်စေတီဘုရားကြီး အထက်ပစ္စယံနှင့် ထီးတော်အား ရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်များ ရှင်းလင်းခြင်း၊ အဆောက်အအုံ၊ ဇရပ်/တန်ဆောင်းနှင့် မလွတ်ကင်းသည့် သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ကမ္ဘောဒီးယား အာဏာရပါတီက ဟွန်ဆန်ကို လာမည့်ရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ်အဖြစ် အပြည့်အဝထောက်ခံ

ဖနောင်ပင် ဇန်နဝါရီ ၂၉

လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ (စီပီပီ)၏ ညီလာခံသည် ဇန်နဝါရီ ၂၉ ရက်တွင် ပြီးဆုံးခဲ့ပြီးနောက် လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်၏ နောက်ထပ် ငါးနှစ် သက်တမ်းအတွက် အရွေးခံရန် အပြည့်အဝထောက်ခံကြောင်း ထုတ်ပြန်သည်။

သတ္တမအကြိမ် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအတွက် မစ္စတာ ဆမ်ဒက်ဟွန်ဆန်ကို ဝန်ကြီးချုပ်အဖြစ် အပြည့်အဝထောက်ခံလိုက်ပြီး သားဖြစ်သူ မစ္စတာ ဟွန်မာနက်ကို အနာဂတ် ဝန်ကြီးချုပ်လောင်း အဖြစ် ထောက်ခံလိုက်ကြောင်း ပါတီညီလာခံက ဆုံးဖြတ်လိုက်သည်။

အသက် ၇၀ အရွယ် ဟွန်ဆန်သည် ၃၈ နှစ်ကြာအထိ အာဏာချုပ်ကိုင်နိုင်ခဲ့သည်။ ၎င်း၏ သားဖြစ်သူ ဟွန်မာနက် အသက် ၄၅ နှစ်သည် စီပီပီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ကာ လက်ရှိတွင် ကမ္ဘောဒီးယားတော်ဝင်တပ်မတော်၏ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တာဝန်ကိုထမ်းဆောင်နေသူဖြစ်သည်။

အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဆွတ်ခ်အိုင်ဆန်က ပါတီညီလာခံသည် ၂၀၂၃ ခုနှစ်အတွက် လုပ်ငန်းတာဝန်များနှင့် လမ်းညွှန်ချက်များကို အတည်ပြုခဲ့ပြီး ၂၀၂၃-၂၀၂၈ အတွက် နိုင်ငံရေးမူဝါဒများ ချမှတ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ကမ္ဘောဒီးယား နိုင်ငံ၏ သတ္တမအကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ဆင်ဟွာ

သီရိလင်္ကာနိုင်ငံ၏စီးပွားရေး ၂၀၂၄ ခုနှစ်အတွင်း မြင့်တက်လာမည်

ကိုလံဘို ဇန်နဝါရီ ၂၉

သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးမှာ ၂၀၂၂ ခုနှစ်က ၁၁ ရာခိုင်နှုန်းလျော့နည်းခဲ့သော်လည်း ယခုနှစ်အတွင်း ၃ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် ၄ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် မြင့်တက်လာမည်ဖြစ်ကြောင်း သမ္မတရာနေးလ်ဝစ်ခ်ရီမီဆင်းဟီက ဇန်နဝါရီ ၂၈ ရက်က ပြောကြားသည်။

အစိုးရက စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ခြင်းနှင့် ကြွေးမြီပြန်လည်တည်ဆောက်ရေး အစီအစဉ်များ အလျဉ်ပြတ်ခဲ့လျှင် နိုင်ငံသည် စီးပွားရေးအကျပ်အတည်းသို့ ကျရောက်နိုင်ဖွယ်ရှိကြောင်း သမ္မတဝစ်ခ်ရီမီဆင်းဟီက သတိပေးထားသည်။ အနုရာဓပူရတွင် ကျင်းပသည့် ဘာသာရေးပွဲ၌ မိန့်ခွန်းပြောကြားစဉ် ထိုသို့မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ အသက်ခြောက်နှစ်အောက်ကလေးများကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေးမှု စတင်တော့မည်

ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်ဒုတိယနှစ်ဝက်မှ စတင်ကာ အသက်ခြောက်နှစ်အောက်ကလေးငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု စတင်တော့မည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ပြောသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရမည့် အသက်ခြောက်နှစ်အောက် ကလေးများစာရင်းနှင့် ကာကွယ်ဆေး မည်မျှလိုအပ်သည်ကို စာရင်းပြုစုထားပြီးဖြစ်ကြောင်း၊ အဆိုပါ အချက်အလက်များကို အခြေခံကာ ယခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် ကာကွယ်ဆေးထိုးနှံမှုကို စတင်နိုင်ပြီဟု ခန့်မှန်းထားကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စီတီနာဒီရာ တာမီဇီက ဂျကာတာတွင် သတင်းထောက်များကို ပြောသည်။

ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ဆေးစစ်ပေးနေစဉ်။

အင်ဒိုနီးရှားနိုင်ငံ၌ အသက်အပိုင်းအခြားအလိုက် အသက်ခြောက်နှစ်မှ ၁၁နှစ်အတွင်း ကလေးများ၊ အသက် ၁၂နှစ်မှ ၁၇နှစ်ကလေးများ၊ အသက် ၁၈ နှစ် အထက်များစသည်ဖြင့် အုပ်စုခွဲကာ ကာကွယ်ဆေးထိုးနှံပေးမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ ဇန်နဝါရီ ၂၇ ရက်အထိ တိုင်းပြည်အတွင်း ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၂၀၄ သန်းရှိပြီး နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူဦးရေမှာ ၁၇၅ သန်းရှိသည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၆၉ သန်းရှိသည်ဟု ဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် လုပ်ကိုင်နေကြသည့် လူပေါင်း ၁ ဒသမ ၂ သန်း ဝန်းကျင်ကို စတုတ္ထအကြိမ် ကာကွယ်ဆေးထိုးပေးထားကြောင်း သိရသည်။

ဆင်ဟွာ

တူနီးရှားနိုင်ငံ၏ ဥပဒေပြုရေးရွေးကောက်ပွဲ ဒုတိယအကျော့ မဲပေးမှု စတင်

တူးနစ် ဇန်နဝါရီ ၂၉

တူနီးရှားနိုင်ငံ၌ ဥပဒေပြုရေးရွေးကောက်ပွဲများ၏ ဒုတိယအကျော့ မဲပေးမှုကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်ခဲ့ကြောင်း တူနီးရှားရွေးကောက်ပွဲဆိုင်ရာ လွတ်လပ်သော အဆင့်မြင့်အာဏာပိုင်အဖွဲ့ (အိုင်အက်စ်အိုင်အီး)က ပြောကြားသည်။

မဲပေးစင်တာစုစုပေါင်း ၄၂၂၂ ခုနှင့် မဲရုံ ၁၀၀၁၂ ခုကို လုံခြုံရေးအစီအမံများ တင်းကျပ်စွာဖြင့် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဖွင့်လှစ်ခဲ့ပြီး ဆန္ဒမဲပေးခြင်းကို ညနေ ၆ နာရီအထိ စီစဉ်ထားကြောင်း သိရသည်။

ယခုအကျော့အတွက် ရွေးကောက်ခံသည့် ကိုယ်စားလှယ် အမျိုးသမီး ၃၄ ဦးအပါအဝင် စုစုပေါင်း အရေအတွက်မှာ ၂၆၅ ဦးရှိကြောင်း ရွေးကောက်ပွဲဆိုင်ရာ လွတ်လပ်သော အဆင့်မြင့်အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဖာရွတ်ဘော့အက်ကာက ဇန်နဝါရီ ၂၈ ရက် ညနေ့ခင်းပိုင်းက တူးနစ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ဒုတိယအကျော့ ရွေးကောက်ပွဲ၏ ပဏာမရလဒ်များကို ဖေဖော်ဝါရီ ၁ ရက်ထက်နောက်မကျဘဲ ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး နောက်ဆုံးရလဒ်များကို မတ် ၄ ရက်မတိုင်မီ ကြေညာသွားမည်ဖြစ်ကြောင်း ဘော့အက်ကာက ပြောကြားသည်။ တူနီးရှားနိုင်ငံ၏ ဥပဒေပြုရေးရွေးကောက်ပွဲများ၏ ပထမအကျော့ မဲပေးခြင်းကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဆည်အတွင်း အပန်းဖြေထွက်သည့် ကလေးများ စက်လှေတိမ်းမှောက်၍ ၁၀ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ခိုင်ဘာပါတ်ထွန်ခ်ဟွာ ပြည်နယ် ခိုရက်ခရိုင်ရှိ ဆည်တစ်ခုအတွင်း ဇန်နဝါရီ ၂၉ ရက်က စက်လှေတိမ်းမှောက်မှုကြောင့် ကလေး ၁၀ ဦးသေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက တန်ဒါဆည်တွင် ကလေး ၂၅ ဦး ပါဝင်သည့် စက်လှေတိမ်းမှောက်ခဲ့ရာ ရေငုပ်သမားများက ကလေး ၁၆ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ခိုရက်ခရိုင် ကော်မရှင်နာဖာကန်အက်ရှရက်ဖ်ကပြောသည်။

ဆည်အတွင်း သေဆုံးနေသည့် ကလေးကိုးဦး၏ အလောင်းကိုလည်း တွေ့ရှိခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ ထိုစဉ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည့် ကလေးများအနက် တစ်ဦးမှာလည်း သေဆုံးသွားခဲ့သည်။ ကလေးများသည် ဆည်သို့ အပန်းဖြေရန် လာရောက်ကြသည့် စာသင်ကျောင်းတစ်ခုမှ ကလေးငယ်များ ဖြစ်ကြကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ဆင်ဟွာသို့ ပြောသည်။

ဆင်ဟွာ

ကလေးများကို ရှာဖွေနေသည့် ကယ်ဆယ်ရေးသမားများကို တွေ့ရစဉ်။

နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသဘောတူညီချက် အီတလီနှင့် လစ်ဗျားတို့ လက်မှတ်ရေးထိုး

ထရီပိုလီ ဇန်နဝါရီ ၂၉

ဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီ ဦးဆောင်သော အီတလီကိုယ်စားလှယ်အဖွဲ့သည် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်သက်ပြီး သဘောတူညီချက်များကို လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီ၌ လစ်ဗျားအစိုးရ တာဝန်ရှိသူများနှင့် ဇန်နဝါရီ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံအကြား နိုင်ငံရေး အခြေအနေများနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုအပြင် စွမ်းအင်ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နယ်စပ်ထိန်းချုပ်ရေးကဏ္ဍနှင့် တရားမဝင်ခိုးဝင်မှု တိုက်ဖျက်ရေးကဏ္ဍစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး ဆွေးနွေးကြကြောင်း မယ်လိုနီနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် လစ်ဗျားဝန်ကြီးချုပ် အက်ဒူလ် ဟာမက် ဒီဘိုင်ဘာက ပြောသည်။

ထို့အပြင် အီတလီအနေဖြင့် လစ်ဗျား၌ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အပြည့်အစုံတပ်ဆင်ထားသော သင်္ဘောငါးစင်းကို ထောက်ပံ့ပေးရေးနှင့် ပတ်သက်ပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများကလည်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြကြောင်း ဒီဘိုင်ဘာက ပြောသည်။

ထို့နောက် လစ်ဗျား ပြည်တွင်းဈေးကွက်နှင့် ဥရောပသို့ ဓာတ်ငွေ့တင်ပို့နိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု တိုးမြှင့်နိုင်ရေး ရည်ရွယ်၍ မဟာဗျူဟာကျသော စီမံကိန်း Structures A&E ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အီတလီစွမ်းအင်ကုမ္ပဏီ Eni နှင့် လစ်ဗျားအမျိုးသားရေနံကော်ပိုရေးရှင်းတို့ သဘောတူခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာ

လစ်ဗျားအစိုးရ တာဝန်ရှိသူများနှင့် ဝန်ကြီးချုပ် ဂျော်ဂျီယာ မယ်လိုနီဦးဆောင်သော အီတလီ ကိုယ်စားလှယ်အဖွဲ့တို့ ဇန်နဝါရီ ၂၈ ရက်တွင် မြို့တော်ထရီပိုလီ၌ တွေ့ဆုံစဉ်။

အနောက်အဇာဘိုင်ဂျန်ပြည်နယ်၌ ငလျင်လှုပ်ခတ်ပြီးနောက် ငလျင်ဒဏ်သင့်ပြည်သူများ ခိုကောင်တီဒေသရှိ အဆောက်အအုံတစ်ခုအတွင်း၌ ဝင်ရောက်ခိုလှုံနေသည်ကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

အီရန်နိုင်ငံ၌ ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ် သုံးဦးသေဆုံးပြီး ၈၁၆ ဦး ဒဏ်ရာရ

တီဟီရန် ဇန်နဝါရီ ၂၉

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း အနောက် အဇာဘိုင်ဂျန်ပြည်နယ်၌ ဇန်နဝါရီ ၂၈ ရက် ညပိုင်းက ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့သောကြောင့် သုံးဦး သေဆုံးပြီး အခြား ၈၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ ငလျင်သည် ခိုကောင်တီဒေသ အနက် ၇ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် ည ၉ နာရီ ၄၄ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပင်မငလျင်လှုပ်ခတ်ပြီးနောက် ငလျင်ငယ် အများအပြား လှုပ်ခဲ့ကြောင်းနှင့် ငလျင်ငယ်တစ်ခုမှာ ပြင်းအား ၄ ဒသမ ၂ အဆင့်ရှိကြောင်း အီရန်ငလျင်တိုင်းတာရေး စင်တာက ပြောသည်။

ငလျင်လှုပ်မှုကြောင့် ခိုကောင်တီဒေသတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားခဲ့သည်။ ငလျင်လှုပ်မှုဒဏ်ခံရသည့် ဒေသများ၏ အစီရင်ခံစာများအရ ကျေးလက်ဒေသများရှိ ပျက်စီးဆုံးရှုံးမှု ပမာဏမှာ များပြားနိုင်ကြောင်း ခန့်မှန်းထားသည်။ ယခုအကြိမ် ငလျင်လှုပ်မှုသည် ရက်သတ္တနှစ်ပတ်အတွင်း ဒုတိယမြောက် အားပြင်းသော ငလျင်လှုပ်မှုဖြစ်ကြောင်းနှင့် ယခင်လှုပ်ခတ်မှုမှာ ဇန်နဝါရီ ၁၉ ရက်ကဖြစ်ပြီး ပြင်းအား ၅ ဒသမ ၄ အဆင့်ရှိ၍ လူ ၁၉၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

ဆင်ဟွာ

နယူးဇီလန်နိုင်ငံ အော့ကလန်၌ စံချိန်တင်မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်စဉ်ကြောင့် လေးဦးသေဆုံး

အော့ကလန် ဇန်နဝါရီ ၂၉

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ဇန်နဝါရီ ၂၇ ရက်နောက်ပိုင်း စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လေးဦးသေဆုံးကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် နယူးဇီလန်ရဲတပ်ဖွဲ့က အတည်ပြုပြောသည်။

အစိုးရ၏ ဦးစားပေး ဆောင်ရွက်မှုမှာ အော့ကလန်ရှိ ရေဘေးသင့်ပြည်သူများ ဘေးကင်းရေးနှင့် လိုအပ်သော ထောက်ပံ့မှုများ ရရှိရေးဖြစ်ကြောင်း နယူးဇီလန်ဒုတိယဝန်ကြီးချုပ် ကာမဲလ်ဆီပူလိုနီက ပြောသည်။ ဇန်နဝါရီ ၂၇ ရက်နောက်ပိုင်း အော့ကလန်မြို့တွင် ဇန်နဝါရီ ၂၈ ရက် နံနက် ၁ နာရီအထိ ၂၄ နာရီအတွင်း မိုးရေချိန် ၂၄၉ မီလီမီတာအထိ သမိုင်းတစ်လျှောက် စံချိန်တင်ရွာသွန်းခဲ့သည်ဟု ဆိုသည်။

ယခင် ၂၄ နာရီအတွင်း စံချိန်တင်မိုးရွာသွန်းမှုမှာ ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလကဖြစ်ပြီး ၁၆၁ ဒသမ ၈ မီလီမီတာရှိကြောင်း အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

လော့စ်အိန်ဂျလိစ်၌ ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၉

ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီဟေးလ်အနီး၌ ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦး သေဆုံးပြီး ဒဏ်ရာရရှိသူများလည်းရှိကြောင်း သိရသည်။ ဇန်နဝါရီ ၂၈ ရက် နံနက် ၂ နာရီခွဲတွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သုံးဦးမှာ လမ်းပေါ်တွင် ရပ်နားထားသည့် ယာဉ်အတွင်း သေဆုံးနေခြင်းဖြစ်သည်။

သေဆုံးသူများအနက် နှစ်ဦးမှာ အမျိုးသားများဖြစ်ပြီး ကျန်တစ်ဦးမှာမူ အမျိုးသမီးတစ်ဦးဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ခေါ်ဆောင်သွားပြီး စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု သိရသည်။ ပစ်ခတ်မှုအတွက် သံသယရှိသူများပြားကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြကြသည်။ ယခုတစ်ကြိမ် ပစ်ခတ်မှုမှာ လော့စ်အိန်ဂျလိစ်တွင် ဒုတိယအကြိမ်မြောက် အစုလိုက် ပစ်ခတ်ခံရခြင်းဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်အတွင်း လေးကြိမ်မြောက် အစုလိုက် ပစ်ခတ်ခံရခြင်းလည်းဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ ပြီးခဲ့သည့်သီတင်းပတ်ကလည်း မွန်ထရီရယ် ဥယျာဉ်တွင် ပစ်ခတ်မှုကြောင့် လူ ၁၁ ဦးထက်မနည်း သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်အပြီး နောက်ထပ်နှစ်ရက်အကြာတွင် ဆန်ဖရန်စစ္စကိုအနီး၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ယင်းပစ်ခတ်မှုကြောင့် ခုနစ်ဦးသေဆုံးခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

ကဘူးလ်မြို့ရှိ နှင်းထူထပ်သော လမ်းတစ်ခု၌ ကလေးငယ်များ ပွေ့ချီကာ သွားလာနေသော အမျိုးသမီးများကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။

အာဖဂန်နစ္စတန်၌ အအေးလွန်ကဲမှုကြောင့် လူ ၁၇၀ ခန့် သေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၉

လွန်ခဲ့သည့် ရက်သတ္တသုံးပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ နှင်းထူထပ်စွာ ကျဆင်းမှုနှင့် အအေးလွန်ကဲသော ဖြစ်စဉ်များကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ အပါအဝင် လူပေါင်း ၁၇၀ ခန့် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှာဖီလာ ရာဟီမီက ဇန်နဝါရီ ၂၉ ရက်တွင် ပြောသည်။

အာဖဂန်နစ္စတန် နိုင်ငံရှိ ပြည်နယ် ၃၄ ခုအနက် ၂၄ ခုမှာ ရာသီဥတု ဆိုးရွားမှုကြောင့် လူပေါင်းများစွာ သေဆုံးခြင်းဖြစ်ကြောင်း ရာဟီမီက ဆင်ဟွာသို့ပြောသည်။ လူနေအိမ် ၁၅၀ ကျော်မှာ အလုံးစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သည့်အပြင် နိုင်ငံ၏ အခြား နေရာဒေသများတွင်လည်း နှင်းထူထပ်စွာ ကျဆင်းမှုနှင့် အအေးလွန်ကဲမှု ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ကျွဲ၊ နွား တိရစ္ဆာန်ပေါင်း ရှစ်သောင်းခန့် သေဆုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့သော အခြေအနေတွင် အာဖဂန်ရှိ ဆင်းရဲနွမ်းပါးသည့် မိသားစုဝင်များအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးနိုင်ရန်နှင့် အအေးလွန်ကဲသော ဆောင်းရာသီတွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ကူညီပေးနိုင်ရန် အကူအညီပေးရေးအေဂျင်စီများကို တာဝန်ရှိသူများက တောင်းဆိုထားသည်။ ဇန်နဝါရီ ပထမသီတင်းပတ်နောက်ပိုင်း အာဖဂန်ဒေသအနှံ့အပြားတွင် အအေးလွန်ကဲမှုနှင့် နှင်းထူထပ်စွာကျဆင်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အချို့နေရာဒေသများတွင် အပူချိန် အနုတ် ၃၀ ဒီဂရီ ဆဲလ်စီးယပ်စ် အထိရှိကြောင်း သိရသည်။ **ဆင်ဟွာ**

ပထဝီဝင်တည်နေရာအရ တိမ်မြုပ်ပျောက်ကွယ်ဖို့ နီးကပ်လာတဲ့ အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်ပေါ် ဂျိုရှီမတ်သ်မြို့

လင်းလက်ကြယ်

အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ် ဂျိုရှီမတ်သ်မြို့ဟာ အမြင့်ပေ ၆၁၅၀ မှာ တည်ရှိပြီး ဟိမဝန္တာ တောင်တက်ခရီးစဉ် တွေအတွက် အချက်အချာကျတဲ့ ဝင်ပေါက်တစ်ခုအဖြစ် ရှိနေပါတယ်။ တောင်ကုန်းတစ်ခုရဲ့ ကုန်းစောင်းပေါ်မှာ တည်ရှိတဲ့ ၎င်းမြို့ဟာ ပထဝီဝင် တည်နေရာကြောင့် နစ်မြုပ်တော့မယ်လို့ အတည်ပြုထားတဲ့ မြို့လေးလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ မြို့တစ်ဝိုက်မှာရှိတဲ့ အဆောက်အအုံတွေ အက်ကွဲ ပြိုကျတာ၊ မြေတွေကျွံဝင်တာတွေကြောင့် မြို့နေလူတွေ ပိုင်ဆိုင်ပစ္စည်းတွေကို ထုပ်ပိုးပြီး ဘေးလွတ်ရာကို ပြောင်းရွှေ့နေကြရပါတယ်။

ဂျိုရှီမတ်သ်မြို့ဟာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ မြေပြိုကျမှုတွေကြောင့် နေအိမ်တွေရဲ့ မျက်နှာကြက်တွေ၊ ကြမ်းပြင်တွေ၊ နံရံတွေမှာ အက်ကွဲကြောင်းပေါ်လာတဲ့ အဆောက်အအုံ ၈၆၃ ခုရှိပြီး အဲဒီထဲက မှ ၁၈၁ ခုကို နေထိုင်ဖို့ မလုံခြုံတဲ့ အဆောက်အအုံတွေအဖြစ် သတ်မှတ်ထားတယ်လို့ ခရိုင်တရားသူကြီး ဟီမန်ရှူ ခူရာနာက ပြောပါတယ်။ အိန္ဒိယအာကာသ သုတေသနအဖွဲ့က ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်ကြား ၁၂ ရက်အတွင်း ထုတ်ပြန်တဲ့ ဂြိုဟ်တု ဓာတ်ပုံတွေမှာ ဟိမဝန္တာတောင်ပေါ်မြို့ ဂျိုရှီမတ်သ်မြို့ဟာ ၅ ဒသမ ၄ စင်တီမီတာ နစ်မြုပ်နေတယ်လို့ ဖော်ပြထားတာကြောင့် မြေပြိုကျမှုတွေအပေါ် ဒေသခံတွေ စိုးရိမ်မှု မြင့်တက်လာနေပါတယ်။

လူပေါင်း ၁၃၀၀ ကျော် သေဆုံး

ဂျိုရှီမတ်သ်မြို့ဟာ တည်နေရာ အနေအထားအရ သဘာဝဘေးအန္တရာယ် မကြာခဏဖြစ်ပွားလေ့ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ အဲဒီပြည်နယ်မှာ သဘာဝ ဘေးအန္တရာယ်နဲ့ပတ်သက်ရင် ယခင် ကတည်းက ဖြစ်ရပ်ဆိုးတွေ တော်တော် များများ ဖြစ်ပွားခဲ့ပါတယ်။ ၁၈၈၀ ပြည့်နှစ်နဲ့ ၁၉၉၉ ခုနှစ်အကြားမှာ ငလျင်နဲ့ မြေပြိုကျမှုတွေကြောင့် လူပေါင်း ၁၃၀၀ ကျော် အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၉ ခုနှစ်ကြားမှာ မြေပြိုမှုနဲ့ ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ၄၃၃ ဦးထက် မနည်း သေဆုံးခဲ့တယ်လို့ တရားဝင် ထုတ်ပြန်ထားတဲ့ အချက်အလက်အရ သိရပါတယ်။ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၂၀ ပြည့်နှစ်ကြားမှာ ဆိုးရွားတဲ့ ရာသီဥတု ဖြစ်စဉ်တွေကြောင့် လူပေါင်း ၁၃၁၂ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အဲဒီမြို့ကို သဘာဝ ဘေးအန္တရာယ် မကြာခဏဖြစ်ပွားလေ့ ရှိကြောင်း သက်ဆိုင်ရာ ထုတ်ပြန် ကြေညာထားတာပါ။

၂၀၂၁ ခုနှစ် တစ်နှစ်တည်း ဥတ္တရာ ခန်းပြည်နယ်မှာ မြေပြိုကျခြင်း၊ ရုတ်တရက်ရေကြီးခြင်းနဲ့ နှင်းလျှော ကျခြင်းတွေကြောင့် လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့တယ်လို့ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တာဝန်ရှိသူတစ်ဦးဖြစ်သူ ဆူရှီလ် ခန်းဒူရီရဲ့ လေ့လာမှုတစ်ခုအရ သိရပါ တယ်။ လက်ရှိမှာတော့ ဥတ္တရာခန်း ပြည်နယ်မှာရှိတဲ့ ဂျိုရှီမတ်သ်မြို့လေးဟာ မြေသားတွေကျွံဝင်တာ၊ နေအိမ်တွေရဲ့ မျက်နှာကြက်တွေ၊ ကြမ်းပြင်တွေ၊ နံရံတွေမှာ အက်ကွဲကြောင်းပေါ်လာ တာကြောင့် နေထိုင်ဖို့ မလုံခြုံတဲ့နေရာ အဖြစ် သက်ဆိုင်ရာက သတ်မှတ်ထား တာ ဖြစ်ပါတယ်။

လက်ရှိ အဲဒီမြို့မှာနေထိုင်တဲ့ ဒေသခံ တွေဟာ နေ့တစ်မျိုး ညတစ်ဖုံ ငလျင် ကြောင့်သော်လည်းကောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်သော် လည်း ကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကြောင့်သော်လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်တစ်ခုခုကြောင့် ကျိုးလန့် စာစားနေရတယ်လို့ ဆိုပါတယ်။ အန်ရှူ ရာဝပ်ဆိုသူ အမျိုးသမီးတစ်ယောက် ကျယ်လောင်တဲ့အသံတစ်ခု ကြားလိုက် ချိန်မှာ အိပ်မောကျနေခဲ့တာပါ။ အဲဒီနောက် အိပ်မက်မက်နေတယ်လို့ စိတ်ကထင်ပေ မယ့် ငိုသံတွေ ကျယ်ကျယ်လောင်လောင် ကြားရတဲ့ အခါမှာတော့ ထကြည့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၎င်းထပြီး စူးစမ်း ကြည့်တော့ အပြင်ဘက်မှာ ရှုပ်ယှက် ခတ်နေတဲ့ လူတွေရယ်၊ ထိတ်လန့် တကြား ပြေးလွှားနေတဲ့ လူတွေရယ်၊ ဝရုန်းသုန်းကားဖြစ်နေတဲ့ အခြေအနေ ကို တွေ့လိုက်ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် တချို့ကလည်း ကလေးတွေ ကို အိတ်တွေ၊ စောင်တွေနဲ့ ထုပ်ပိုးပြီး သယ်သွားကြတယ်။

အနီးအနားရှိ အဆောက်အအုံ တစ်လုံး ရုတ်တရက်ပြိုကျသွားတယ်လို့ ကောလာဟလတွေလည်းကြားနေရတာ ကြောင့် ၎င်းရဲ့ ခင်ပွန်းဖြစ်သူ ဒေ့ဗ်က သွားကြည့်တဲ့အခါ အဆောက်အအုံဟာ မပျက်မစီးဘဲ နဂိုအတိုင်း ရှိနေတာ တွေ့ရတယ်။ အမှန်တကယ်ဖြစ်တာက တခြားအဆောက်အအုံမဟုတ်ဘဲ ၎င်းတို့ နေအိမ်ဖြစ်နေခဲ့တာ အံ့အားသင့်ဖွယ် တွေ့လိုက်ရတဲ့နောက်မှာ ဒေ့ဗ်နဲ့ရာဝပ် ဟာ ခြောက်လသား သမီးလေးကို ပွေ့ခေါ်ကာ ဆွေမျိုးတွေနဲ့ ဘေးလွတ်ရာ ပြေးထွက်ခဲ့ရတယ်လို့ ပြောပါတယ်။

ဘေးလွတ်ရာပြောင်းရွှေ့

အချိန်က အလွန်အေးနေတဲ့အချိန် ဖြစ်ပြီး ညှပ်ဖိနပ်စီးထားရကာ ခေါင်း ဆောင်းဖို့ သိုးမွှေးဦးထုပ်မရှိကြောင်း၊ ၎င်းရဲ့ သမီးလေးမှာ ဂျာကင်တစ်ထည် သာရှိပြီး တစ်ညလုံး ငိုယိုခဲ့ကြောင်း ရာဝပ်က ပြောပါတယ်။ နောက်တစ်နေ့ မှာတော့ အခန်းကိုးခန်းပါ အိမ်ကြီးနဲ့ တစ်သက်တာ အမှတ်တရတွေကို ချန်ထားရစ်ကာ ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ယူဆောင်ပြီး ဘေးလွတ်ရာ ပြောင်းရွှေ့ ခဲ့ရတယ်လို့ ဆိုပါတယ်။ လက်ရှိမှာတော့ မိသားစု ငါးဦးဟာ ဒေသဆိုင်ရာအစိုးရ ရဲ့ စီစဉ်ပေးမှုအရ ကျဉ်းမြောင်းလှတဲ့ ယာယီအခန်းငယ်တစ်ခုအတွင်း ခိုလှုံ လျက်ရှိတယ်လို့ ပြောပါတယ်။

> “၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၉ ခုနှစ်ကြားမှာ မြေပြိုမှုနဲ့ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ၄၃၃ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ တရားဝင်ထုတ်ပြန်ထားတဲ့ အချက်အလက်အရ သိရပါတယ်။ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၂၀ ပြည့်နှစ်ကြားမှာ ဆိုးရွားတဲ့ ရာသီဥတုဖြစ်စဉ်တွေကြောင့် လူပေါင်း ၁၃၁၂ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အဲဒီမြို့ကို သဘာဝဘေးအန္တရာယ် မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သက်ဆိုင်ရာ ထုတ်ပြန်ကြေညာထား”

အဲဒီအခန်းငယ်ထဲမှာ မီးဖိုချောင်သုံး ပစ္စည်းအချို့နဲ့ အိပ်ခန်းအချို့ ရှိပါ တယ်။ အိပ်ခန်းမလုံလောက်တာကြောင့် ၎င်းအမျိုးသားနဲ့ အစ်ကိုဖြစ်သူတို့ ကြမ်းပြင်ပေါ်မှာ အိပ်ကြရတယ်လို့ ဆိုပါ တယ်။ အိမ်ကို ပြန်ခွင့်ရပါတော့မလားလို့ တွေးမိနေပြီး အိမ်ကိုပစ်ထားခဲ့ရတာ နာကျင်မိကြောင်းနဲ့ အိမ်တစ်လုံးဆုံးရှုံး ရတဲ့ ခံစားချက်ကို မရှင်းပြတတ်ကြောင်း ရာဝပ်က ပြောပါတယ်။

လူဦးရေ ၂၀၀၀၀ ခန့်ရှိတဲ့ ဟိမဝန္တာ တောင်တန်းမြို့လေးမှာ အဆောက်အအုံ ၈၆၀ ကျော်ဟာ အက်ကွဲကြောင်းတွေ ပေါ်ထွက်လာပြီးနောက် မိသားစု ၁၄၅ စုမှ လူပေါင်း ၆၀၀ နီးပါးဟာ ၎င်းတို့ရဲ့ နေအိမ်တွေကို စွန့်ခွာကာ ကျောင်းတွေ၊ တည်းခိုခန်းနဲ့ အခြားမိသားစု နေအိမ် တွေထံ ပြောင်းရွှေ့နေကြရတယ်လို့ ဆိုပါတယ်။ မကြာသေးမီအချိန်အတွင်း မှာလည်း သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့ တွေက ဒေသခံရာပေါင်းများစွာ ကို လုံခြုံစိတ်ချရတဲ့ နေရာတွေထံ ပြောင်းရွှေ့ပေးခဲ့ရတယ်လို့ ပြောပါတယ်။

ယာယီစခန်းမှာ မည်မျှနေရမည်မသိ

အဲဒီလို ပြောင်းရွှေ့မိသားစုတွေအနေ နဲ့ ယာယီစခန်းတွေမှာ အချိန်မည်မျှအထိ နေရမှာကို မသိရှိကြောင်းနဲ့ လက်ရှိ မှာတော့ အသက်ဘေးအန္တရာယ်ကင်း ဖို့က ၎င်းတို့ရဲ့ ဦးစားပေးဖြစ်တယ်လို့ အာဏာပိုင်တွေက ဆိုပါတယ်။ အချို့ ဒေသခံတွေက ၎င်းတို့ရဲ့ မွေးမြူရေး တိရစ္ဆာန်တွေကို ကျွေးမွေးဖို့နဲ့ ၎င်းတို့ ကိုယ်တိုင် ချက်ပြုတ်စားသောက်ဖို့ နေ့ခင်းဘက်တွေမှာ ၎င်းတို့အိမ်ရှိရာကို ပြန်လာကြပြီး ညနေခင်းကျမှသာ ယာယီကယ်ဆယ်ရေး စခန်းတွေထံ ပြန်လာကြတယ်လို့ ပြောပါတယ်။ ၎င်းတို့ရဲ့ နေအိမ်ပေါက်ဈေးက အမေရိကန်ဒေါ်လာ ၉၀၀၀၀ ကျော် ရှိကြောင်း၊ အစိုးရဆီက ပိုက်ဆံရရင် ဆန္ဒရှိတဲ့နေရာကို ပြောင်းရွှေ့မှာဖြစ် ကြောင်း ရာဝပ်က ပြောပါတယ်။ ။

ငလျင်လှုပ်မှုကြောင့် နေအိမ်အက်ကွဲမှုကို တာဝန်ရှိသူတစ်ဦး စစ်ဆေးစဉ်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၃ ရာခိုင်နှုန်းရှိ

(၂၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၃၄,၅၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၁၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၀၆,၀၉၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၉,၅၆၃) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု
(၂၈-၁-၂၀၂၂ ရက်နေ့အထိ)

အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၃၀,၉၀၆,၀၉၀
အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၆,၈၀၉,၅၆၃

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၂၇၅	၂၃၂၅	၂၃၂၀	၂၂၈၅	၂၃၂၅	၂၃၅၀	၂၃၃၅	၂၃၁၀	၂၄၁၀	၂၄၂၅	၂၃၁၅	၂၃၂၅	၂၃၆၀	၂၃၆၅	၂၃၆၅	၂၅၉၅	၂၉၀၀
95 Ron	၂၃၅၅	၂၄၀၅	၂၄၀၅	၂၃၆၅	၂၄၀၅	၂၄၂၅	၂၄၁၀	၂၃၉၀	၂၄၉၀	၂၅၀၅	၂၃၉၅	၂၄၁၅	၂၄၄၀	၂၄၄၀	၂၄၄၅	၂၆၇၅	၂၉၈၀
HSD (500 ppm)	၂၄၉၀	၂၅၄၀	၂၅၃၅	၂၅၀၀	၂၅၃၅	၂၅၆၀	၂၅၅၅	၂၅၂၅	၂၆၄၅	၂၆၃၅	၂၅၃၀	၂၅၄၀	၂၅၇၅	၂၅၇၅	၂၅၈၀	၂၈၁၀	၃၅၀၀
HSD (50 ppm)	၂၅၇၀	၂၆၂၀	၂၆၁၅	၂၅၈၀	၂၆၁၅	၂၆၄၀	၂၆၃၅	၂၆၀၅	၂၇၂၅	၂၇၁၅	၂၆၁၀	၂၆၂၀	၂၆၅၅	၂၆၅၅	၂၆၆၀	၂၈၉၀	၃၅၃၀
HSD (10 ppm)	၂၅၇၀	၂၆၂၀	၂၆၁၅	၂၅၈၀	၂၆၁၅	၂၆၄၀	၂၆၃၅	၂၆၀၅	၂၇၂၅	၂၇၁၅	၂၆၁၀	၂၆၂၀	၂၆၅၅	၂၆၅၅	၂၆၆၀	၂၈၉၀	၃၅၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၆၄	၂၂၄၁
95 Ron	၂၂၄၀	၂၃၁၉
HSD (500 ppm)	၂၃၇၄	၂၄၅၁
HSD (50 ppm)	၂၄၄၇	၂၅၂၆
HSD (10 ppm)	၂၄၄၇	၂၅၂၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်အတွင်းတွေ့ရှိရသော မြန်မာ့ရေချိုငါးလိပ်ကျောက်

နိုင်ဝင်းသိန်း(ငါးဦးစီး)
အိသီရိကြွယ်(မကွေးခရိုင်ငါးဦးစီး)

မြန်မာနိုင်ငံသည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း၊ ကုန်းတွင်းပိုင်း၌ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစသည့် ရှည်လျားသော မြစ်ကြီးလေးသွယ်၊ ကမ်းရိုးတန်းနှင့်ကုန်းတွင်း၊ ပင်လယ်နှင့် မြစ်ချောင်းများဖြင့် တစ်ဆက်တစ်စပ်တည်းရှိသည့် မြစ်ဝှမ်းနှင့်မြစ်ဝကျွန်းပေါ် ဒေသများ၊ ကုန်းတွင်းမြေနိမ့် ရေဝပ်အင်းအိုင်များ၊ ရေဝင်ရေထွက်ရှိသည့် ရေကန်ကြီးများကြောင့် ရေချို၊ ရေငန်ငါး၊ ပုစွန်သယံဇာတ မျိုးကွဲ စုံလင်ပေါများသည့် ဒေသတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏အဓိက ရေချိုသွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီးကလည်း နိုင်ငံ၏ အလယ်တည့်တည့် မကွေးတိုင်းဒေသကြီးအတွင်း မြောက်မှတောင်သို့ အရှည်မိုင် ၁၈၅ မိုင်အထိ ဖြတ်သန်းစီးဆင်းနေမှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုများ၏ မရှိမဖြစ်လိုအပ်သော ငါးရိက္ခာကို အထိုက်အလျောက် ဖြည့်ဆည်းပေးလျက်ရှိပြီး ငါးလုပ်ငန်းအပေါ် မှီခိုနေသော အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနေကြသည်။ ထိုဧရာဝတီမြစ်ကြီးအတွင်း ရေနေသတ္တဝါမျိုးစိတ်မျိုးစုံကျက်စားလျက်ရှိရာ ဂေဟစနစ်တွင် အကျိုးဝင်သော ဒေသခံငါးမျိုးစိတ်များအနက် အချို့သောမျိုးစိတ်များသည် အလွန်အကျွံဖမ်းဆီးခံရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ မသန့်ရှင်းသော ရေထုများနှင့် မျိုးပွားစနစ်များ အားနည်းမှုတို့အရ မျိုးသုဉ်းမည့်အနေအထားနှင့် ရင်ဆိုင်နေကြရလျက်ရှိနေသည်။ ထိုမျိုးစိတ်များမျိုးသုဉ်းပျက်စီးသွားပါက ဧရာဝတီမြစ်ကြီးဂေဟစနစ်ကိုပါ ပျက်စီးယိုယွင်းလာနိုင်မည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေကြရမည်ဖြစ်သည်။

စရိုက်သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် မသိရသေး

ဧရာဝတီမြစ်ကြီးအတွင်း ရေချိုငါး၊ ပုစွန်မျိုးစိတ်များ မြောက်မြားစွာတည်ရှိနေပြီး အချို့မှာ အခြားဒေသများမှ အခြားဒေသများသို့ အစာအတွက်လည်းကောင်း၊ မိတ်လိုက်၊ မျိုးပွားသားပေါက်ရန်နှင့် ရာသီဥတုခိုလှုံရန်အတွက်လည်းကောင်း၊ မကြာခဏရွှေ့ပြောင်း သွားလာလျက်ရှိသည်ကို တွေ့ရှိရသော်လည်း အချို့သောမျိုးစိတ်များမှာ ဧရာဝတီမြစ်အတွင်း၌သာ ကျက်စားနေထိုင်လျက်ရှိကြသည်ကို တွေ့ရှိရသည်။ ထိုရေချိုငါးမျိုးများအနက် ဧရာဝတီမြစ်၏ မကွေးတိုင်းဒေသကြီးရေပြင်အတွင်း မကြာမကြာတွေ့ရှိရသော်လည်း ယင်းတို့၏ စရိုက်သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိရသေးသည့်အပြင် မျိုးထိန်းသိမ်းရေးဆောင်ရွက်နိုင်မှု မရှိသေးသော မြန်မာ့ရေချို ငါးလိပ်ကျောက်မျိုးစိတ်များအကြောင်းကို လေ့လာပြီး ဆောင်းပါးအဖြစ် ပြုစုတင်ပြထားခြင်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏အလယ်ပိုင်း မြေနိမ့်သဲဝန်း မိုးနည်းဒေသဖြစ်၍ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် ရေအရင်းအမြစ်နည်းပါးသည့် ဒေသတစ်ခုဖြစ်သည်။ သို့ရာတွင် မကွေးတိုင်းဒေသကြီး၏ အလယ်ဗဟို၌ စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးသည် ကျယ်ပြောလှ၍ အနောက်ဘက် ကပ်လျက်ရှိသောရခိုင်ရိုးမ တောင်စဉ်တောင်တန်းများကြောင့် ရေချိုရရှိမှုရှိပြီး အစိုးရအဆက်ဆက်က ဆည်ရေလှောင်တမံကောင်းများလည်း တည်ဆောက်ပေးခဲ့သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်သည့် ဒေသတစ်ခုလည်းဖြစ်သည်။ သို့ရာတွင် ငါးသယံဇာတအရင်းအမြစ်များမှာ အဓိကသဘာဝရေပြင် ဧရာဝတီမြစ်ကြီးတစ်ခုတည်းသာရှိခြင်း၊ မြစ်ငယ်ချောင်းငယ်များမှာလည်း မိုးကာလတွင်သာ ရေရှိခြင်း၊ မြေနိမ့်ရေဝပ် မြစ်ချောင်းအင်းအိုင်များနည်းပါးခြင်းစသည့် ပထဝီအနေအထားများကြောင့် ငါးထုတ်လုပ်နိုင်မှုနည်းပါးသကဲ့သို့ ငါးစားသုံးနိုင်မှု နည်းပါးသေးသည့် ဒေသတစ်ခုလည်းဖြစ်သည်။ တိုင်းဒေသကြီးတစ်ခုလုံး၏ ငါးထုတ်လုပ်နိုင်မှု ပိဿာထောင်ပေါင်း ၁၁၇၀၀ သာ ရှိသည်။

သို့ဖြစ်ရာ တိုင်းဒေသကြီးမှ ငါးထုတ်လုပ်မှု ပိုမိုမြင့်မားလာစေရန်



မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်ရှိ ငါးလိပ်ကျောက်များ ဖမ်းဆီးရရှိမည့်နေရာများ။

ငါးမွေးရေကန်များ ပိုမိုများပြားလာစေရန်နှင့် ငါးမွေးကန်တစ်ကေ ထုတ်လုပ်မှုနှုန်း တိုးတက်စေရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ကျယ်ပြောလှသည့် ဧရာဝတီမြစ်ရေပြင်အတွင်း မှီတင်းနေထိုင် ကျက်စားလျက်ရှိသော သဘာဝငါးမျိုးစိတ်များ ပေါများလာပြီး ရေရှည်တည်တံ့စေရန်၊ ယင်းတို့၏ ဂေဟစနစ် ကာကွယ်ရန်၊ တိုင်းရင်းငါးမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ရှိသည့်အပြင် ဧရာဝတီလင်းပိုင်ကဲ့သို့ ကမ္ဘာပေါ်တွင် ရှားရှားပါးပါး တွေ့ရခဲသည့် ရေချိုငါးလိပ်ကျောက်ငါးမျိုးများကို စနစ်တကျလေ့လာပြီး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းတစ်ဦးအနေဖြင့် ခံယူထားသည်။

ငါးလိပ်ကျောက်များအကြောင်း

ငါးလိပ်ကျောက်မျိုးများသည် အသားစားသတ္တဝါများဖြစ်ပြီး ငါးငယ်များ၊ တီကောင်များနှင့် အခွံရှိသတ္တဝါငယ်များကို ဖမ်းယူစားသောက်လေ့ရှိကြသည်။ ရေအောက်နေငါးအမျိုးအစား (Demersal fish) ဖြစ်၍ ရေအောက်ကြမ်းပြင် သဲဆန်သောမြေ၊ ရွှံ့စေးမြေများ၌လည်း နေထိုင်ကြပြီး ပုံသဏ္ဍာန်မှာ အပြားအဝိုင်းပုံမျိုးဖြစ်၍ ဖမ်းဆီးရခက်ခဲကာ ၎င်း၌ပါသည့် ဆူးချွန်ဖြင့် ရန်ပြုတိုက်ခိုက်တတ်သည့် ရေနေသတ္တဝါတစ်မျိုး ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေငန်ပိုင်း၌ အဓိကတွေ့ရှိရသော ငါးလိပ်ကျောက်မျိုးစိတ်များမှာ လိပ်ကျောက် တင်းခွန် (Cow tail ray)၊ လိပ်ကျောက်ရင်မည်း (whip tail stingray)၊ လိပ်ကျောက်နီ (Banded whip stingray)၊ လိပ်ကျောက်ထမနဲ (scale stingray)၊ လိပ်ကျောက်ကြွေ (Blue spotted stingray)၊ သင်ပေါင်းဖက်ချေ (Pale-edged sting ray)၊ ထမင်းနီ (Eagle ray)၊ လိပ်စွန် (Javanese cow ray)၊ တင်းဟေး (Nichof's eagle ray)၊ နေ့ဖရာ (spotted eagle ray)၊ မျှင်သောက် (ဂွ၊ ဘဲလိပ်) (lesser-devil ray)၊ ငါးလက်ထုံ (ငါးယောင်းမ) (Brown electric ray) (Numb fish) (spotted electric ray) တို့ ဖြစ်ကြသည်ကို သိရှိရသည်။ ရေငန်ငါးလိပ်ကျောက်၊ ငါးလိပ်စွန်တို့သည် ကိုယ်ထည်အရွယ်အစား အလျားခုနစ်ပေခန့်၊ အလေးချိန်ကီလို ၁၀၀၀ ကျော်အထိကြီးမားသည်ကို တွေ့ရှိရပြီး သင်ပေါင်းဖက်ချေ မျိုးစိတ်သည် အများဆုံးဆယ်လက်မခန့် အထိသာ ကြီးမားသည်ကို သိရသည်။

ဤကမ္ဘာပေါ်တွင် ငါးမန်း၊ ငါးလိပ်ကျောက်တို့ပါဝင်သော အရိုးနုငါးများ CHONDRICHTHYES (Elasmo-branchaii)(LeoS.Berg1940) တို့သည် ရှေးလွန်ခဲ့သော နှစ်ပေါင်းသန်း ၃၅၀ ကာလမှစ၍ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်များက တွက်ချက်ယူဆထားကြပြီး ယခုမျက်မှောက်ကာလတွင် ကမ္ဘာ့ရေချိုရေငန်များထဲ၌ ငါးလိပ်ကျောက်မျိုးပေါင်း ၂၆ မျိုးတို့၏ မျိုးစိတ်ပေါင်း ၂၀၀ ခန့်နှင့် ရေချိုတွင် နေထိုင်သည့် မျိုးစိတ်ပေါင်း ၃၅ မျိုးခန့် ပညာရှင်အသီးသီးက လေ့လာတင်ပြထားသည်ကို တွေ့ရှိသည်။ မြန်မာနိုင်ငံတွင်မူ ရေချိုငါးလိပ်ကျောက်မျိုးစိတ်လေးမျိုးခန့်သာရှိသည်ဟု သိရှိရသော်လည်း အတိအကျမှတ်တမ်းကောက်ယူထားရှိမှုမရှိဟု သိရသည်။

မိမိတို့လေ့လာချက်များ၌ ကမ္ဘာ့အနောက်ခြမ်းတွင်ရှိသော ရေချိုငါးလိပ်ကျောက်များကို မျိုးစိတ်အများဆုံးတင်ပြထားသည်ကိုသာတွေ့ရပြီး ကမ္ဘာ့အရှေ့ခြမ်းရှိ အာရှနှင့် အထူးသဖြင့် ငါးမျိုးစိတ်များပေါများရာ အရှေ့တောင်အာရှတွင် တွေ့ရှိရသည့်ရေချိုငါးလိပ်ကျောက်မျိုးစိတ် အနည်းငယ်သာပါရှိသဖြင့် ရေချိုငါးလိပ်ကျောက်မှာ အဆိုပါဒေသ ရေချိုတိုင်းတွင်ပင် မတွေ့နိုင်ပါ၊ သို့သော် မျိုးခွဲသုတေသီပညာရှင် Roberts က ၂၀၀၇ ခုနှစ်တွင် မြန်မာနိုင်ငံ ချင်းတွင်းမြစ်အတွင်းမှရသည့် Makararaja chindwinensis ကို အမည်ပေးမှတ်တမ်းတင်ထားကြောင်း တွေ့ရသဖြင့် မိမိတို့ဒေသတွင် ရှားရှားပါးပါးရှိသည်ဟု သတိထား ဂုဏ်ယူမိခဲ့သည်။

ထို့ပြင် ငါးလိပ်ကျောက်ငါးမျိုးများသည် ပင်လယ်တွင်သာ တွေ့ရှိရများသော ငါးမျိုးဖြစ်သဖြင့် လူအများက ပင်လယ်ရေငန်တွင်သာ နေထိုင်ကျက်စားသည့် သဘာဝရှိသည်ဟု ထင်မှတ်နေကြသည့်အတွက် ရေချိုတွင်လည်း ငါးလိပ်ကျောက် နေထိုင်ကျက်စားကြကြောင်း၊ ကမ္ဘာပေါ်တွင် ရေချိုငါးလိပ်ကျောက်မျိုးစိတ် အနည်းငယ်သာရှိသည့်အပြင် ဧရာဝတီမြစ်အတွင်းရှိသည်ကို ပြည်တွင်းပြည်ပလူအများက မသိကြသည့်အတွက် မြန်မာနိုင်ငံသားများလည်း မိမိတို့ကဲ့သို့ ဂုဏ်ယူနိုင်ကြစေလိုသောကြောင့် ဤရေချိုငါးလိပ်ကျောက်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ကြိုးစားလေ့လာ၍ တင်ပြရခြင်း ဖြစ်သည်။

Classification of Ray

Kingdom: Animalia
Phylum: Chordata
Class: Chondrichthyes
Superorder: Batoidea
Orders

- **Myliobatiformes**
- **Rajiformes**
- **Rhinopristiformes**
- **Torpediniformes**

****

Classification of Freshwater sting Ray

Kingdom: Animalia
Phylum: Chordata
Class: Chondrichthyes
Order: Myliobatiformes
Family: Dasyatidae
Genus: Himantura/Makararaja
Species Himantura Spp;
Makararaja chindwinensis
Local name. Freshwater Sting Ray

စာမျက်နှာ ၁၇ သို့

✦ မကွေးတိုင်းဒေသကြီး၏ အလယ်ဗဟို၌ စီးဆင်းနေသည့် ဧရာဝတီမြစ်ကြီးသည် ကျယ်ပြောလှ၍ အနောက်ဘက်ကပ်လျက်ရှိသော ရခိုင်ရိုးမတောင်စဉ်တောင်တန်းများကြောင့် ရေချိုရရှိမှုရှိပြီး အစိုးရအဆက်ဆက်က ဆည်ရေလှောင်တမံကောင်းများလည်း တည်ဆောက်ပေးခဲ့သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ဒေသတစ်ခုလည်းဖြစ်သည်။ သို့ရာတွင် ငါးသယံဇာတ အရင်းအမြစ်များမှာ အဓိကသဘာဝရေပြင် ဧရာဝတီမြစ်ကြီးတစ်ခုတည်းသာရှိခြင်း၊ မြစ်ငယ်ချောင်းငယ်များမှာလည်း မိုးကာလတွင်သာရေရှိခြင်း၊ မြေနိမ့်ရေဝပ်မြစ်ချောင်း အင်းအိုင်များနည်းပါးခြင်းစသည့် ပထဝီအနေအထားများကြောင့် ငါးထုတ်လုပ်နိုင်မှု နည်းပါးသကဲ့သို့ ငါးစားသုံးနိုင်မှု နည်းပါးသေးသည့် ဒေသတစ်ခုလည်းဖြစ်သည်။ တိုင်းဒေသကြီးတစ်ခုလုံး၏ ငါးထုတ်လုပ်နိုင်မှု ပိဿာထောင်ပေါင်း ၁၁၇၀၀ သာရှိ

စာမျက်နှာ ၁၆ မှ

ယခုဆောင်းပါးသည် ဤရေချိုငါးလိပ်ကျောက် ငါးမျိုးတွေ့ရှိခဲ့သည့် အခြေအနေအချက်အလက်များကို အင်း၊ တင်ဒါသူကြီးများ၊ ရေလုပ်သားများနှင့် သွားရောက်တွေ့ဆုံ မှတ်တမ်းကောက်ယူပြုစုပြီး စာရင်းဇယား၊ ဓာတ်ပုံ၊ မြေပုံများဖြင့် ကနဦးတင်ပြထားခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်အတွင်း ငါးလိပ်ကျောက်များ တွေ့ရှိမှုအခြေအနေ

မကွေးတိုင်းဒေသကြီးအတွင်း၌ ဧရာဝတီမြစ်သည် တောင်ဘက်တွင် ကံမမြို့နယ်မှစတင်၍ မြောက်ဘက်ရေစကြိုမြို့နယ်အထိ မိုင် ၁၈၀ ကျော် ရှည်လျားကာ ရေပြင်ဧရိယာ ၂၀၀၀ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသည်။ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် မြစ်ဝချောင်းများ၊ မြစ်စို့ ရေဝင်ထောင့်များနှင့် မြစ်ရိုးတစ်လျှောက်ရေစီးညင်သာသည့် နေရာများ များစွာရှိရာ ရေချိုငါးလိပ်ကျောက်များကို ယင်းနေရာများ၌ တွေ့ရှိရသည်ဟု သိရသည်။ ရေအောက်ကြမ်းပြင်နေငါးမျိုးစိတ်ဖြစ်၍ ဖမ်းဆီးရခက်ခဲသော်လည်း နှစ်စဉ်နှစ်တိုင်း ပြာသို၊ တပို့တွဲ၊ တပေါင်းလများ၌ ရေလုပ်သားများ ငါးဖမ်းစဉ် သုံးထပ်ပိုက်၊ တန်းပိုက်၊ မျော (ကြာဆံ) ပိုက်များနှင့် ငါးမျှားတန်များ၌ ထိမိမှုရှိသည်ဟု သိရသည်။ မြစ်ရေကြီးသည့်အချိန် ရေအနက်ဆယ်ပေ၊ ရေနောက်သည့် အချိန်ပိုမိုထိမိပြီး ၁၂ ရာသီလုံးတွင် အထိအမိရှိနိုင်ကာ သောင်ခုံများရှိသည့် နေရာတစ်ဝိုက်တွင်လည်း ပိုမိုတွေ့ရှိရသည်ဟု သိရသည်။ သက်ကြီးရေလုပ်သားများ၏ ပြောပြချက်အရ အုပ်စုလိုက်တွေ့ရခြင်းမရှိဘဲ တစ်ကောင်ချင်းသာ တွေ့ရှိရကြောင်း ညဘက်များတွင် ဖမ်းဆီးရရှိမှုပိုများကြောင်း သိရသည်။

ဒေသတွင်းရေချိုငါးလိပ်ကျောက်များ ပျံ့နှံ့နေထိုင်ကျက်စားမှု

ရေချိုငါးလိပ်ကျောက်များကို ပခုက္ကူမြို့မှစတင်၍ ပခုက္ကူချောက်မြို့၊ စလေမြို့၊ စလင်းမြို့၊ မကွေးမြို့တို့ရှိ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တွေ့ရှိရသည်ဟု သိရသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အစပ်တို့တွင် ယခင်ကတွေ့ရှိရကြောင်း၊ ယခုအခါ မတွေ့ရှိတော့သည်မှာ လေးနှစ်၊ ငါးနှစ်ရှိပြီးဖြစ်ကြောင်း ရေစကြိုမြို့နယ် ခွေးတောက်အင်း၏ အထက်နှင့်အောက်ဘက်တို့တွင်လည်း ယခုအခါ ဖမ်းဆီးရရှိမှုမရှိတော့ကြောင်း ၂၀၁၆၊ ၂၀၁၇ ခုနှစ်ခန့်က ဖမ်းဆီးရမိခဲ့ပြီး ယခုအခါ ဖမ်းမိခြင်းမရှိတော့ဟု သိရသည်။ ယခင်က မန္တလေးတိုင်းဒေသကြီး မြင်းခြံနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အစရှိသော တိုင်းသုံးတိုင်းဆုံသောနေရာတွင် တွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

တန်းပိုက်၊ တန်းကြိုးတို့၌ထိမိပြီး တစ်ခါတစ်ရံတွင်ဝမ်းပူပိုက်တွင်လည်း ပါလာတတ်ကြောင်း၊ အများအားဖြင့် တန်းပိုက်တွင် ပိုမိုဖမ်းဆီးမိပြီး ကျောက်တုံးကျောက်ဆောင်များကြား နေထိုင်တတ်သော သဘာဝရှိကြောင်း၊ အလယ်ချောင်းကျေးရွာတွင် လွန်ခဲ့သောသုံးနှစ်က တွေ့ရှိရဖူးကြောင်း၊ တော်သလင်းနှင့် သီတင်းကျွတ်လများဖြစ်သော ရေကျချိန်တွင် ဖမ်းဆီးရတတ်ကြောင်း၊ ငါးလိပ်ကျောက်သည် ရေအောက်ခြေတွင် ကုတ်အားကောင်းသောကြောင့် ငါးမျှားတန်း၌ ထိမိပါက ဝါးလုံးဖြင့်ထောက်၍ ထိုးထားမှသာ နာကျင်၍ ရေအောက်ကြမ်းပြင်နှင့် ခွာယူ၍ ဖမ်းယူနိုင်သည်ဟုလည်း သိရသည်။

မကွေးမြို့နယ် မြင်ကွန်းကျေးရွာရှိ မြစိမ်းရောင်ကော်မတီဝင်၊ ရေလုပ်သားဟောင်းတစ်ဦးဖြစ်သည့် ဦးသိန်းဝင်းက ယခုနှစ်တွင် နှစ်ကြိမ်၊ သုံးကြိမ်ခန့်သာ ဖမ်းဆီးရမိကြောင်းပြောပြသည်။ တစ်ပိဿာကျော် အကောင်နှင့် ၄၀ သား ၅၀ သား၊ ၆၀ သား ကျော် အကောင်များ ဖမ်းဆီးရမိကြောင်း ပြောပြခဲ့သည်။ ကဆုန်၊ နယုန်လများတွင်ဖမ်းဆီးမိခဲ့ပြီး မြေနုကျွန်းခုံ အနီးတစ်ဝိုက်ကွင်းအမှတ်(၁၇၄၁) (မြေနုရင်း တာကွင်းပိုက်ချက်တင်ဒါ) အတွင်းနှင့် အနီးတစ်ဝိုက်ချောင်းတွင် ဖမ်းဆီးရမိကြောင်း ပြောပြသည်။ ငါးလိပ်ကျောက်ငါးကို ဆီပြန်ချက်၍ စားလျှင် အလွန်အရသာရှိကြောင်း လွန်ခဲ့သော ၅၀ နှစ်ခန့်က ပိဿာချိန် ၁၀၀ နီးပါးရှိ ငါးလိပ်ကျောက်တစ်ကောင်ကို ဝဲတန်းပိုက်ဖြင့် ဖမ်းဆီးရမိခဲ့ပြီး ဖမ်းမိသူထက် အသက်ကြီးသော ငါးဖြစ်နေသည့်အတွက် ပြန်လွှတ်ပေးခဲ့ရာ ညောင်ပင်သာရွာအနီးတွင် သေဆုံးသွားခဲ့သည်ကိုလည်းကောင်း၊ အချိန် ၁၀၀ ခန့်ရှိသော ငါးလိပ်ကျောက်ကြီးဖမ်းဆီး၍ မိခဲ့ဖူးသည်ကို မြင်ကွန်းရွာမှ မီခဲ့သူအားလုံးသိရှိကြသည်။ ထိုစဉ်က ဖမ်းခဲ့မိသော ငါးလိပ်ကျောက်မှာ အမဖြစ်ပြီး ယင်း၏ဝမ်းတွင်း၌ တစ်ပိဿာ၊ ၉၀ သား၊ ၅၀ သားရှိသောပန်းကန်ပြားချပ်အရွယ် အကောင်ငယ်ခြောက်ကောင်ပါလာကြောင်း ပြောသည်။

ရေနံချောင်းမြို့နယ် ရွာပင်ရိုးရပ်မှ ရေလုပ်သားကြီး ဦးဝမ်းတူး၏ ပြောပြချက်အရ ငါးလိပ်ကျောက်များသည် မြစ်ဝချောင်းနှင့် မြစ်စို့ ရေဝင်ထောင့်များတွင် နေထိုင်ကျက်စားသည့် အလေ့အထရှိသည်ကိုလည်း သိရသည်။ နှစ်စဉ်ပြာသို၊ တပို့တွဲလနှင့် တပေါင်းလများတွင် ငါးဖမ်းပိုက် (သုံးထပ်ပိုက်-ခုနစ်သစ်၊ ရှစ်သစ်)၊ (ကြာဆံပိုက်) နှင့် ငါးမျှားတန်းတို့တွင် ဖမ်းဆီးရမိသည်။ ယင်းတို့အထဲမှ ငါးမျှားတန်းနှင့် ပိုမိုဖမ်းမိသည်ကိုလည်း သိရသည်။ ရေလုပ်သားကြီး ဦးဝမ်းတူး၏အတွေ့အကြုံအရ ဆင်ပေါင်ဝဲမြို့နယ် သာဝတ္ထိနှင့် ကျောက်ချက်ကျေးရွာတို့တွင် ၂၀၁၆၊ ၂၀၁၇ ခုနှစ်ခန့်က ငါးပိဿာ၊ ခြောက်ပိဿာခန့်ရှိသော အကောင်များတွေ့ရှိသည်ကိုလည်း သိရသည်။

ရေနံချောင်းမြို့နယ် ပေတောကျေးရွာနေ အသက် ၇၃ နှစ်ရှိ အဘဦးချစ်အောင်ကလည်း လွန်ခဲ့သော ဆယ်နှစ်ခန့်က အချိန် ၁၅ ပိဿာခန့်ရှိသော အကောင်များကို တွေ့ရှိခဲ့ကြောင်း၊ ဟိုးယခင်က ပိဿာချိန် ၄၀ ရှိသော အကောင်များကို မိခဲ့ဖူးသော်လည်း ယခုအခါ ၆၀ ကျပ်သား လောက်သာရှိသော အကောင်များကိုသာ တွေ့ရတော့သည်ဟု ပြောပြသည်။

ရေနံချောင်းမြို့နယ် ရွာပင်ရိုးရပ်မှ ဦးတင်ဝင်းက တစ်ကောင်တလေသာတွေ့ရတတ်ပြီး ရေစီးမှာလည်း နေထိုင်တတ်သည့် အလေ့အထရှိကြောင်း၊ အုပ်စုလိုက် မတွေ့ရကြောင်း၊ ဖမ်းမိပါက အချို့သော ငါးလိပ်ကျောက် အမများ၌ လေ့ပေါ်တွင် မိခင်ဝမ်းအတွင်းမှ ထွက်လာနေသော ငါးလိပ်ကျောက်ငယ်များကို တွေ့ရကြောင်း၊ ငါးလိပ်ကျောက်ကို တန်းပိုက်၊ တန်းကြိုးများ၊ ငါးမျှားတန်းများနှင့်လည်း ဖမ်းဆီးရမိကြောင်း ပြောပြပါသည်။

စလင်းမြို့နယ် တညောင်ကြူတောအင်းသူကြီး ဦးစိုးသူအောင်ကလည်း ၂၄-၁၂-၂၀၂၂ ရက်နေ့က နှစ်ပိဿာခန့်ရှိ ငါးလိပ်ကျောက်ကို ဇီးဖြူပင်ကျေးရွာရှိ ကမ်းပါး၌တွေ့ရှိခဲ့ကြောင်း၊ ရေကြည်ရေနောက် နှစ်မျိုးလုံးတွင် တွေ့နိုင်၍ နွေရာသီတွင် ပိုမိုတွေ့ရတတ်ပြီး ငါးပိဿာ၊ ခြောက်ပိဿာခန့်ရှိသော ငါးလိပ်ကျောက်အကောင်များကို တွေ့ဖူးကြောင်း၊ ယင်းအရွယ်အစားထက်ကြီးသော အကောင်များကို မမြင်ဖူးကြောင်း ပြောပြသည်။ စလင်းမြို့နယ်တွင် ငါးလိပ်ကျောက်ကို ဧရာဝတီမြစ် ၏နေရာတိုင်း၌ တွေ့ရှိရ၍ တန်းကြိုးနှင့် မျှောပိုက်များတွင် အမိများကာ ဝမ်းပူပိုက်နှင့် ပိုက်စိပ်တို့တွင်မူ တွေ့ရကြောင်း၊ ငါးလိပ်ကျောက်ဆူးနှစ်ချောင်းပါသော နှစ်ပင်တိုင်ငါးကို ချောက်မြို့နယ် လက်ပန်ကျွန်းရွာဘက်မှ ရေလုပ်သား ဦးကြည်စိုးက ဖမ်းဆီးရမိကြောင်း ပြောပြသည်။

ချောက်မြို့နယ် ဆားလယ်ကျေးရွာမှ ဦးစိုးနိုင်က နတ်တော်လတွင် ဖမ်းဆီးရမိပြီး ရေနောက်ရွှံ့ဗွက်မြေအောက်ခြေကြမ်းပြင်တွင် နေထိုင်လေ့ရှိပြီး တစ်ကောင်ချင်းသာ တွေ့ရှိရကြောင်း ဆားလယ်ကျေးရွာ မြစ်ရိုးတစ်လျှောက်လုံးတွင် ဖမ်းဆီးရမိကြောင်း ငါးလိပ်ကျောက်ကို တန်းကြိုးတွင် အများဆုံးမိကြောင်း၊ ပိုက်သမားတွင် အထိမိနည်းကြောင်း၊ ၁၂ လပိုင်းတွင် ရေနက်ပိုင်း၌ တွေ့ရှိနိုင်ပြီး တစ်လပိုင်း၊ နှစ်လပိုင်းတို့တွင် ရေတိမ်ပိုင်း၌ တွေ့နိုင်ကြောင်း ပြောပြသည်။ ငါးလိပ်ကျောက်ဆူးထိုးမိလျှင် လေပြင်းတိုက်ပါက အနာရှိ အသားကွဲတတ်ကြောင်း ပြောပြသည်။

စလင်းမြို့နယ် ရေနားကျေးရွာရှိ ရေလုပ်သားကြီးဦးမြင့်စိုးက ငါးလိပ်ကျောက်သည် တစ်ကောင်တည်းသာ တွေ့ရှိရကြောင်းနှင့် အုပ်စုလိုက်ကို သားပေါက်ချိန်တွင်သာ တွေ့ရှိနိုင်ကြောင်း၊ လက်တစ်ဝိုင်းခန့်ရှိသော အကောင်ငယ်ဆယ်ကောင် ၁၅ ကောင်ခန့်ကိုမူ သားပေါက်ချိန်တွင် အုပ်စုလိုက်မြင်ဖူးကြောင်း၊ ငါးလိပ်ကျောက်ကို ရေစီးမျှောပိုက်များတွင်ဖမ်းဆီးရမိကြောင်း ပြောပြသည်။

ချောက်မြို့နယ် ညောင်ချောင်းကျေးရွာနေ ဦးကျော်ဝေက လေးပိဿာ ငါးပိဿာခန့် တွေ့ရှိဖူးကြောင်း၊ တစ်ကောင်ချင်းသာ တွေ့ရှိရပြီး အုပ်စုလိုက်တွေ့ရှိရမှုနည်းပါးကြောင်း ညောင်ချောင်းကျေးရွာ အနီးတစ်ဝိုက်တွင် ငါးလိပ်ကျောက်ငါးအထိ အမိများကြောင်း ပြောသည်။

ရေချိုငါးလိပ်ကျောက်မျိုးစိတ်များ နှိုင်းယှဉ်မှု

မကွေးတိုင်းဒေသကြီး၌ တွေ့ရှိသည့် မျိုးစိတ်

ချင်းတွင်းမြစ်၌ တွေ့ရှိရသည့် Makararaja chindwinensis (Robert.2007)

ရေချိုငါးလိပ်ကျောက်နမူနာပုံစံများကို လေ့လာတွေ့ရှိချက်

မကွေးတိုင်းဒေသကြီး၏ ဧရိယာဧရာဝတီမြစ်အတွင်း ဖမ်းဆီးရရှိသော ရေချိုငါးလိပ်ကျောက်လေးကောင်ကို လေ့လာခဲ့ရာတွင် ၇-၁၂-၂၀၂၂ ရက်နေ့တွင် တွေ့ရှိခဲ့သည့် ငါးလိပ်ကျောက်ကို မျိုးခွဲနိုင်ရေး မကွေးတက္ကသိုလ် သတ္တဗေဒဌာနသို့လည်းကောင်း၊ ဆရာဦးလှဝင်း၊ ဒေါက်တာဆွေသွင်နှင့် အခြားပညာရှင်တို့သို့လည်းကောင်း တင်ပြညွှန်ကြားမှုခံယူခဲ့သည်။ ယင်းငါးလိပ်ကျောက်ကို အခြားမျိုးစိတ် များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် အနီးစပ်ဆုံးဖြစ်သည့် ချင်းတွင်းမျိုးစိတ်၊ ကမ္ဘောဒီးယား မျိုးစိတ်များဖြစ်သည့် (Himantura chaophraya), (Himantura krempfi) တို့နှင့် တူညီပြီး အနီးစပ်ဆုံးအဖြစ် (Himantura chaophraya) နှင့် မျိုးစိတ်ချင်းဆင်တူသည်ကို တွေ့ရှိရသည်။ ခန္ဓာကိုယ်ပုံသဏ္ဌာန် ထိပ်ဘက်ဝိုင်း၍ အဝိုင်းတွင်ထိပ်ဘက်၌ အချွန်ငယ်တစ်ခုပါရှိခြင်း/ မပါရှိခြင်း၊ ထိပ်ဘက်ကျယ်ပြန့်ဝိုင်းပြီး နောက်ဘက်သွယ်ခြင်း/ မသွယ်ခြင်း၊ အမြီးရင်းအောက်ဘက်ရေယက် ပါရှိခြင်း/မပါရှိခြင်း၊ အမြီးတိုခြင်း/ရှည်ခြင်းစသည်ဖြင့် ခွဲခြားကြည့်ခြင်း၊ မျိုးစဉ် (order)-Myliobatiformes တွင် အမြီးအောက်ရေယက်ပါရှိသည့် မျိုးစိတ်များပါဝင်သည့်အတွက် ယခုနမူနာမျိုးစိတ်သည် မျိုးစဉ် (order)- Myliobatiformes တွင် ပါဝင်သည်ဟု ယူဆမိသည်။ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့ရှိ ရေချိုမြစ်ချောင်းများ၌ တွေ့ရှိရသော Geneus- Makararaja နှင့် Himanturaမျိုးများ ဖြစ်နိုင်မည်ဟု ယူဆရသည်။ တိကျသေချာစေရန် ပြည်တွင်းပြည်ပပညာရှင်များနှင့် စနစ်တကျ မျိုးခွဲဆောင်ရွက်ရန်သင့်ပါသည်။ နိုင်ငံတကာက အသိအမှတ်ပြုပြီးသော ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံနှင့် ဒေသတွင်းရှိ ဒေသရင်းမျိုးစိတ်များ၏ လက္ခဏာများနှင့် ကွဲပြားကွာခြားမှုရှိပါက မြန်မာနိုင်ငံရှိ ရေချိုငါးလိပ်ကျောက် မျိုးစိတ်သစ်အဖြစ် သိပ္ပံအမည် ပေး၍ ကမ္ဘာ့အသိအမှတ်ပြု စာရင်းဝင်အထိ ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သားပေါက်ရာသီနှင့်သားပေါက်တွေ့ရှိမှု

ရေလုပ်သားများ၏ ပြောပြချက်အရငါးလိပ်ကျောက်ငယ်များကို နှစ်စဉ်တန်ခူးလများတွင် ပိုမိုတွေ့ရှိရသည့်အတွက် ငါးလိပ်ကျောက်သားပေါက်ရာသီသည် ငါးရှောင်းသားပေါက်ရာသီဖြစ်သည့် တပေါင်းလများတွင် ဖြစ်နိုင်မည်ဟု ခန့်မှန်းကြသည်။ ကိုယ်ဝန်ဆောင်ချိန်ကာလသည် ၁၂ လခန့်ကြာမြင့်၍ သားပေါက်ရာတွင် အကောင်လိုက်ပေါက်ပွားကြပြီး တစ်ကြိမ်လျှင်အလွန်ဆုံး (၄-၅) ကောင်အထိသာ ပေါက်နိုင်မည်ဟု ခန့်မှန်းကြသည်။

၂၀၁၇ခုနှစ် မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ဒါသူကြီး ဦးမျိုးမြင့်ထွန်းက လာရောက်ပို့ပေးသော ရေချိုငါးလိပ်ကျောက်ငယ်မှာ အဝိုင်းသုံးလက်မခန့်ရှိ အကောင်ပေါက်ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

အရွယ်သုံးလက်မခန့်ရှိ ငါးလိပ်ကျောက်သားပေါက်ငယ် ငါးလိပ်ကျောက်အထိအမိများသည့် ငါးဖမ်းကိရိယာ

ဒေသအတွင်း ချထားလုပ်ကိုင်သည့် ငါးဖမ်းကိရိယာများအနက် ငါးလိပ်ကျောက်များကို သုံးထပ်ပိုက် (Trammel net) ပိုက်ကွက်လေးလက်မအရွယ်၊ ကြာဆံပိုက်သုံးလက်မပိုက်ကွက်၊ ငါးမျှားတန်းများ၌ ဖမ်းဆီးရရှိကြသည်ကို သိရသည်။

တွေ့ရှိရသော အရွယ်အစားများ

ဒေသတွင်းတွေ့ရှိရသော ရေချိုငါးလိပ်ကျောက်များမှာ ရေလုပ်သားများ၏ ပြောပြချက်အရ လွန်ခဲ့သော ဆယ်နှစ်ခန့်က ပိဿာ ၁၀၀ ခန့်ရှိ အကောင်ကြီးကို တွေ့ရှိခဲ့ခြင်း၊ နောက် ပိဿာ၄၀ ခန့်မှ ၁၅ ပိဿာ၊ ဆယ်ပိဿာခန့်စသည်ဖြင့် အရွယ်အစားအမျိုးမျိုးကို ဖမ်းဆီးရရှိခဲ့ခြင်းတို့ကြောင့် တစ်ချိန်က ရေချိုငါးလိပ်ကျောက်များမှာ အရွယ်အစားကြီးမားသည်ဟု သိရသော်လည်း ယခုတစ်နှစ်အတွင်း တွေ့ရှိရသော ရေချိုငါးလိပ်ကျောက်များမှာ (၅၀-၆၀) ကျပ်သား၊ တစ်ပိဿာ အရွယ်နှင့် နှစ်ပိဿာအရွယ်ခန့်သာရှိကြောင်း သိရသည်။

နိုင်ငံတကာတွင်တွေ့ရသည့်ရေချိုငါးလိပ်ကျောက်မျိုးစိတ်များ

ငါးလိပ်ကျောက်တွင် အမြီးရှိဆူးတောင် (sting/spike) သည်အဆိပ်ပြင်းထန်၍ ရေလုပ်သားများ ဖမ်းဆီးရာ၌ အလွန်သတိထား၍ ဖမ်းဆီးရသည်။ဆူးတောင်မှာ ပုံမှန်တစ်ခုရှိပြီး အချို့တွင်နှစ်ခု၊ သုံးခုအထိပါရှိသည်ဟု သိရသည်။ ငါးလိပ်ကျောက်ဆူးစူးပါက အလွန်နာကျင်တတ်ပြီး ခရာမြစ်ကိုဆူးစူးသည့်နေရာ၏ အပေါ်ဘက်မှ စည်းချည်ထားရသည်။ အပင်အခြောက်ကို သွေး၍လည်း အနာပေါ်လိမ်းပေးနိုင်သည်ဟု သိရသည်။ မြေပဲ၊ နှမ်းဖတ်မီးခိုးမှိုင်းတိုက်၍ လည်းကောင်း၊ နှမ်းဖတ်ပြုတ်ရည်အခိုးအငွေ့ဖြင့် အနာပေါ်မှိုင်းတိုက်၍လည်းကောင်း ကုသနိုင်သည်ဟု သိရသည်။ ရေလုပ်သားအများစုသည် ငါးလိပ်ကျောက်များကို ဖမ်းဆီးရန် ကြောက်ရွံ့ကြသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ထိုင်းရေနံနှင့်ဓာတ်ငွေ့လုပ်ငန်း PTTEP က ဩစတြေးလျမှ ဓာတ်ငွေ့သိုက်ကို ရောင်းချရန်ကြိုးပမ်း

ဘန်ကောက် ဇန်နဝါရီ ၂၉

ထိုင်းနိုင်ငံမှ PTT Exploration and Production Plc (PTTEP)သည် ရေနံသိုက်အသစ်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလုပ်ဆောင်မည့် ရည်ရွယ်ချက်ဖြင့် ၎င်းတို့လုပ်ကိုင်လျက်ရှိသည့် ဩစတြေးလျနိုင်ငံမှ Cash and Maple ဓာတ်ငွေ့သိုက်ကို ရောင်းချရန် ရည်ရွယ်ထားကြောင်း သိရသည်။

PTTEP ၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌဖြစ်သူ Montri Rawanchaikul က လွန်ခဲ့သည့် နှစ်အနည်းငယ်ကတည်းက ယင်းဓာတ်ငွေ့ထုတ်လုပ်ရေးကို ရောင်းချရန် ကြေညာထားခဲ့ပြီး ယခုအခါ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုကို ယခုနှစ်အတွင်းပင် ရောင်းချနိုင်ရန် မျှော်လင့်ထားသည်ဟု ပြောကြားသည်။

Cash and Maple သည် ဩစတြေးလျနိုင်ငံ ဒါဝင်မြို့၏ အနောက်ဘက် ကီလိုမီတာ ၆၈၀ အကွာ တီမောပင်လယ်၌ တည်ရှိပြီး ခန့်မှန်းခြေ ဓာတ်ငွေ့အရင်းအမြစ် ကုဗပေ ၃ ဒသမ ၅ ထရီလီယံရှိကာ ဓာတ်ငွေ့ပမာဏ များပြားသော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် အလွန်ကြီးမြင့်သည့် စီမံကိန်းတစ်ခုလည်းဖြစ်သည်။

ဩစတြေးလျနိုင်ငံမှ Cash- Maple ဓာတ်ငွေ့သိုက်။

မန္တလေး ကုန်သည်စက်မှုအသင်းချုပ်က နှစ်သစ်ကူးဈေးပွဲတော် ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရိုးရာအစားအသောက်နှင့် ပိုးထည်ချည်ထည်များကို အရောင်းမြှင့်တင်ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်/ စက်မှုအသင်းချုပ်က နှစ်သစ်ကူးဈေးပွဲတော်ကို ဖေဖော်ဝါရီလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး (အိုးရှင်းစင်တာ ပရိမိုးရှင်းဧရိယာ)၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆိုင်ခန်းငှားရမ်းလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မန္တလေး ကုန်သည်/ စက်မှုအသင်းချုပ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းနှင့် ပြန်ကြားရေးကော်မတီမှ သိရသည်။ **ကိုရိုး**

မြန်မာနိုင်ငံမှ တရုတ်တိုင်းရင်းဆေးများ တင်ပို့ခြင်းအတွက် GACC မှ ပြန်လည်စစ်ဆေးပေးရန်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရုတ်တိုင်းရင်းဆေးများ တင်ပို့ခြင်းအတွက် မြန်မာအစိုးရဘက်က ကြီးကြပ်စီမံခန့်ခွဲမှုစနစ်ကို ပြန်လည် သုံးသပ်သည့်အနေဖြင့် စစ်ဆေးရန်နှင့် မြန်မာနိုင်ငံက လုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများ မှတ်ပုံတင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ပေကျင်းမြို့ GACC အောက်ရှိ Department of Animal of Plant Quarantine ဌာနမှ အကြောင်းကြားထားကြောင်း ပြည်တွင်း ကုန်သွယ်မှုဌာနခွဲမှ သိရသည်။

GACC အနေဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်း/ တင်ပို့လျက်ရှိသည့် တရုတ်တိုင်းရင်းဆေးများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် မြန်မာအစိုးရဘက်က ကြီးကြပ်စီမံခန့်ခွဲရေးစနစ်ကို ပြန်လည်သုံးသပ်သည့်အနေဖြင့် ပြန်လည်စစ်ဆေးပေးမည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသော ပြည်ပထုတ်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများအတွက် မှတ်ပုံတင်စနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ဆေးဝါးများ တင်ပို့သည့် ကုမ္ပဏီများကို မြန်မာဘက်ရှိ အဓိကစီမံခန့်ခွဲရေးလုပ်ငန်းဌာနများမှ တရုတ်နိုင်ငံ အကောက်ခွန်ရုံးချုပ်(GACC)သို့ မိတ်ဆက်ပေးရမည်ဖြစ်ပြီး တရုတ်ဘက်မှ သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုပေးမည်ဖြစ်သည်။

မှတ်ပုံတင်ခွင့်ရရှိသော ကုမ္ပဏီများ၏ အချက်အလက်များကို တရုတ်နိုင်ငံ GACC Department of Animal and Plant Quarantine ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် (http://dzs.customs.gov.cn/)တွင် ရှာဖွေစိစစ်နိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၅ ရက်မတိုင်မီ အစိုးရဘက်က ကြီးကြပ်စီမံခန့်ခွဲရေးစနစ်ကို ပြန်လည်သုံးသပ်သောသဘောဖြင့် ပြန်လည်စစ်ဆေးခြင်း၊ လုပ်ငန်းကုမ္ပဏီများ မှတ်ပုံတင်ရန် လျှောက်ထားခြင်းနှင့် သက်ဆိုင်သော အချက်အလက်များကို GACC Department of Animal and Plant Quarantine ၏ အီးမေးလ်လိပ်စာဖြစ်သည့် pqdgacc @126.com သို့ ပေးပို့နိုင်ကြောင်း ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ သိရသည်။ **သီရိ**

တရုတ်နိုင်ငံသို့ မလေးရှားမှ ရေနံတင်သွင်းမှု အမြင့်ဆုံးရောက်ရှိ

ပေကျင်း ဇန်နဝါရီ ၂၉

တရုတ်နိုင်ငံသို့ မလေးရှားနိုင်ငံမှ ရေနံစိမ်းတင်သွင်းမှုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာလတွင် မလေးရှားနိုင်ငံမှ တရုတ်သို့ ရေနံစိမ်းတင်သွင်းမှုသည် တစ်ရက်လျှင် စည်ပေါင်း ၁ ဒသမ ၃ သန်းအထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံမှ တရုတ်သို့ ရေနံများတင်ပို့သည့် သင်္ဘောတစ်စင်း။

မလေးရှားမှ တရုတ်သို့ ရေနံစိမ်းတင်သွင်းမှုသည် ပြီးခဲ့သောလတွင် အီရတ်နှင့် ယူအေအီးကဲ့သို့သော OPEC မှ ရေနံစိမ်းဝယ်ယူမှုပမာဏထက် ကျော်လွန်ခဲ့ကြောင်း သိရပြီး ၂၀၂၂ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကာလအတွင်း မလေးရှားနိုင်ငံ၏ ပျမ်းမျှနေ့စဉ် ထုတ်လုပ်မှုပမာဏ၏ သုံးဆကို တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသို့ ရေနံစိမ်းတင်သွင်းမှုအများဆုံးနိုင်ငံများတွင် ဆော်ဒီအာရေဗျနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် မလေးရှားနိုင်ငံက တတိယနေရာတွင်ရှိသည်။

ဗီယက်နမ် ကိုကာကိုလာကို ဗြိတိသျှလုပ်ငန်းစုတစ်ခုက ဝယ်ယူ

ဟနွိုင်း ဇန်နဝါရီ ၂၉

ကိုကာကိုလာမှ ထုတ်လုပ်သည့် ဖျော်ရည်ကို ဗီယက်နမ်တွင် ပုလင်းသွပ်ထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပြီး Coca-Cola Group(USA) ထံမှ လုပ်ငန်းခွဲလိုင်စင်ရယူထားသည့် Coca-Cola Vietnam Beverage ကုမ္ပဏီလီမိတက်ကို ယခုလအတွင်း ဗြိတိသျှလုပ်ငန်းစု Swire Pacific Group(UK)၏ လုပ်ငန်းခွဲ Swire Coca-Cola လီမိတက်က ဝယ်ယူခဲ့ကြောင်း သိရသည်။

Swire Coca-Cola သည် Swire Pacific လီမိတက်၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး ဟောင်ကောင် စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည်။ ကိုကာကိုလာနှင့် လက်တွဲထားသည့် ကုမ္ပဏီများတွင် ပဉ္စမအကြီးဆုံးကုမ္ပဏီဖြစ်သည်။

Swire Coca-Cola သည် Cambodia Beverage ကုမ္ပဏီလီမိတက်ကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ဝယ်ယူခဲ့သဖြင့် ယခုဝယ်ယူခြင်းသည် ဗီယက်နမ်နိုင်ငံ၌ ဒုတိယမြောက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

အလားအလာကောင်းများရှိနေ

ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှတွင် စီးပွားရေးကြီးထွားနှုန်းအမြန်ဆုံး နိုင်ငံဖြစ်ပြီး ကပ်ရောဂါကာလတွင် ဂျီဒီပီကြီးထွားနှုန်း ခုနစ်ရာခိုင်နှုန်းရရှိခဲ့ပြီး လူဦးရေ ၉၇ သန်းရှိနေသည့်အပြင် မြို့ပြနေထိုင်မှု ပိုများလာနေသဖြင့် ဗီယက်နမ်သည် အာရှတွင် ကြီးထွားနှုန်းအကောင်းဆုံးဖြစ်မည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ Swire Coca-Cola အတွက် ရေရှည်တွင် သိသိသာသာ ကြီးထွားနိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း Swire Coca-Cola က Coca-Cola Vietnam ကို ဝယ်ယူသည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း မလေးရှား၌ ကုန်သွယ်မှုပိုငွေ စံချိန်တင်ရရှိ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၉

မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် ၂၀၂၂ ခုနှစ်တွင် စံချိန်တင်မြင့်မားခဲ့ကြောင်း သိရပြီး မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုပိုငွေသည် ၂၀၂၂ တွင် ရင်းဂစ် ၂၅၅ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၀၉ ဘီလီယံ) စံချိန်တင် မြင့်မားခဲ့ကြောင်း မလေးရှားနိုင်ငံတကာ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

မလေးရှားသည် ၁၉၉၈ ခုနှစ်မှစ၍ ကုန်သွယ်မှု ပိုငွေပြခဲ့သည်မှာ ၂၅ နှစ်ဆက်တိုက် စံချိန်တင်ခဲ့သည်။ မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုတွင် ၁၉၉၄ ခုနှစ်နောက်ပိုင်း အလျင်မြန်ဆုံးတိုးတက်မှုကို ၂၀၂၂ တွင် မှတ်တမ်းတင်နိုင်ခဲ့ပြီး နှစ်နှစ်ဆက်တိုက် ရင်းဂစ် ၂ ထရီလီယံအမှတ်ကို ကျော်လွန်ခဲ့သည်။

MITI မှ အချက်အလက်များအရ ပို့ကုန် ရင်းဂစ် ၁ ဒသမ ၅၅ ထရီလီယံအထိ ၂၅ ရာခိုင်နှုန်းတိုးလာပြီး သွင်းကုန်သည်လည်း ၃၁ ဒသမ ၃ ရာခိုင်နှုန်းသို့ ခုန်တက်ကာ ရင်းဂစ် ၁ ဒသမ ၂၉ ထရီလီယံသို့ ရောက်ရှိခဲ့သည်။

အာဆီယံနှင့် ကုန်သွယ်မှုသည် မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုစုစုပေါင်း၏ ၂၇ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။ အာဆီယံအပြင် ၂၀၂၂ ခုနှစ်တွင် မလေးရှားအတွက် ထိပ်တန်းကုန်သွယ်ဖက် နိုင်ငံများမှာ တရုတ်၊ အမေရိကန်၊ ဥရောပသမဂ္ဂ(အီးယူ) နှင့် ဂျပန်တို့ဖြစ်သည်။ ယင်းကုန်သွယ်ဖက်များနှင့် စုစုပေါင်းကုန်သွယ်မှု၏ ၆၇ ရာခိုင်နှုန်းကျော် ရှိခဲ့ကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။

ခင်ရတနာ စုစည်းဖော်ပြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁-၂၀၂၃ တနင်္လာနေ့

MRTV HD

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "ရသစုံအနုပညာတို့ဖြစ်တည်စီးဆင်းရာ"
၀၉:၁၀ မွေးမြူရေးရာအဖြာဖြာ
၀၉:၂၅ ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ Economic Review
၁၀:၄၅ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "ချင်းပြည်နယ်၏အလှအပများ"
၁၁:၂၅ ဘဝနှင့်အနုပညာ "ချစ်သောဝါဝါ" (အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း-၃)
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "ပိန်းကြာဖက်၌တင်သောရေ"(အပိုင်း-၅)
၁၃:၃၀ Myanmar National News
၁၄:၃၀ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၄၅ ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ "မိတ်ဆွေကောင်းများနှင့်နှစ်ပေါင်းများစွာ"
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်"(အပိုင်း-၆၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်"(အပိုင်း-၃၂)

mitv

07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
07:07 New Destination for Sea Lovers
07:14 Local Tour Guide : Pho Khant
07:27 Myanmar Traditional Brass Embossed Painting
07:48 Ancient Heritage In Natalin
08:01 News
08:27 Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part - 3 (The River of Life 2) Part - A
08:52 Shopping with Torch - Lights
09:01 Bravocado Benefits
09:24 Danu Food : Tofu Dish
09:31 Great Shwedagon - The Exhibition Hall of The Great Chronicle of Buddha
10:01 News
10:25 Topical Topics (No.33) To Remedy Patients with Potent Traditional Medicines

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၂)

ချင်း (ဆိုင်း) (၀၇:၀၀ မှ ၀၈:၀၀)
မိုဘိုင်းဖုန်းနဲ့ကျန်းမာရေး

မွန် (၀၈:၀၀ မှ ၁၀:၀၀)
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
အိပ်မက်ကကြိုးကခုန်သူ

ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှမ်းပြီးတဲ့လမ်းခရီး

"ဝ" (၁၄:၀၀) မှ (၁၆:၀၀) ထိ
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

ကချင် (၁၆:၀၀) မှ (၁၈:၀၀) ထိ
ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

ကယား (၁၈:၀၀) မှ (၂၀:၀၀) ထိ
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

ပကြောကရင် (၂၀:၀၀) မှ (၂၁:၀၀) ထိ
ဝုံးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်

အနောက်ပိုးကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ
ညီညာမြူးကြွယဉ်ကျေးမှုဒုံးအက(အပိုင်း-၂)

အရှေ့ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ
ကျွန်တော်တို့ရွာ

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ Weekly Selected News
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ Myanmar National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၇
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ 'အတွေးအမြင်' အပိုင်း-၇

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ ကျွန်ုပ်တို့ချစ်သောမြေအားသွင်းအားစုစရိတ် အနည်းဆုံးဖြင့်စွမ်းအင်မြှင့်တင်ပေးနိုင်ဖို့ ပဲမြစ်ဖုဇီဝမြေဩဇာသုံးကြစို့
၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၇:၄၀ တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့
၀၈:၁၅ မှိုဝေခြင်းဖြင့်အလှဆင်
၀၈:၄၅ ပိုးစာစိုက်ပျိုးဝင်ငွေတိုး
၀၉:၂၀ သတိပြုကာကွယ်ဆစ်ပိုးအန္တရာယ်
၀၉:၄၀ တိရစ္ဆာန်စာဖူလုံရေးအတွက် အရေးပါသောပြောင်း

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ SPORTS NEWS
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

လယ်ဝေးမြို့နယ် သီရိရတနာဈေးတွင် မီးဘေးလုံခြုံရေးအသိပညာပေး

လယ်ဝေး ဇန်နဝါရီ ၂၉

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သီရိရတနာဈေးတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကင်းရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများကို ဇန်နဝါရီ ၂၆ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်က ဈေးသူ ဈေးသားများ၊ ဈေးလုံခြုံရေးဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန် ရှောင်ရန်များ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုရေး ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျ အသုံးပြုတတ်စေရန်နှင့် ဂက်စ်မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြကာ **(အောက်ပုံ)** ဈေးသူ ဈေးသားများက ကိုယ်တိုင်လက်တွေ့ ဆောင်ရွက်ကြောင်း သိရသည်။ **ဝေကြည်**



နွားထိုးကြီးစည်ပင်ဈေး မီးဘေးအန္တရာယ်ကင်းရေး သရုပ်ပြ

နွားထိုးကြီး ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီး စည်ပင်သာယာဈေး မီးဘေးအန္တရာယ်ကင်းစေရန် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဇန်နဝါရီ ၂၄ ရက်က နွားထိုးကြီး မီးသတ်တပ်ဖွဲ့က သရုပ်ပြပွဲပြုလုပ်ရာ မီးသတ်ဦးစီးအရာရှိ ဦးကျော်ဇင်လင်းက မီးဘေးအန္တရာယ် ရှောင်ရန်၊ ဆောင်ရန်၊ မီးအခြေခံသဘောတရားနှင့် စနစ်တကျ အသုံးပြုမှုကို ရှင်းလင်း၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြကြသည်။ **(အပေါ်ပုံ)**

သရုပ်ပြပွဲသို့ မြို့စည်ပင်ဈေးမှ တာဝန်ရှိသူများ၊ ဈေးသူဈေးသားများ တက်ရောက်ကြသည်။

(၀၁၈)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁ - ၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ်	၂၂၆၉၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ်	၂၂၆၅၅၀၀
ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၉၂၆
ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၉၂၃

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၄၅ ကျပ်	၂၉၉၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၅၂၅ ကျပ်	၂၅၇၅ ကျပ်
အောက်တိန်း ၉၂	၂၂၆၅ ကျပ်	၂၃၁၅ ကျပ်
အောက်တိန်း ၉၅	၂၃၄၅ ကျပ်	၂၃၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၈၅ . ၄
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၉၈ . ၂
ထိုင်း	တစ်ဘတ်	ကျပ်	၆၄ . ၈၆၉
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၆၁၆ . ၆
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၉၄ . ၇၆
တရုတ်	တစ်ယွမ်	ကျပ်	၃၀၉ . ၅၃
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၇၅

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၆၀၀	၈၈၀၀	၃၀၄	၂၆၁၅၄၀၀
MTSH	၃၂၅၀	၃၂၅၀	၂၆၈	၈၇၁၀၀၀
MCB	၇၅၀၀	၇၅၀၀	၁၅၀	၁၁၂၅၀၀၀
FPB	၁၈၀၀	၁၈၅၀	၁၁၀၆	၂၀၄၁၁၀၀
TMH	၀	၀	၀	၀
EFR	၀	၀	၀	၀
AHP	၄၉၀၀	၄၉၀၀	၂၁၄	၁၀၄၈၆၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ကာတာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွင်းက ပုံရိပ်များ

အားကစားပရိသတ်တစ်ဦး

ဗျူနိုအေရိစ်မြို့၏ အထင်ကရကျောက်တိုင်ရင်ပြင်တွင် လူအများစုဝေးနေကြသည်။ နိုင်ငံတော်အလံများကလည်း တလူလူလွင့်ပျံနေသည်။ လူတိုင်းနီးပါး အာဂျင်တီးနား လက်ရွေးစင်ဘောလုံးအသင်းဂျာစီကို ဝတ်ဆင်ထားကြသည်။ အများစုက မက်ဆီ၏ ကျောနံပါတ် ၁၀ ဝတ်စုံကို ဆင်မြန်းလျက်။ အာဂျင်တိုင်းသားတို့အားလုံး ပျော်မဆုံး၊ မော်မဆုံး၊ တပြုံးပြုံးဖြင့်။ ဤနေ့သည်ကား အာဂျင်တိုင်းတို့အတွက် သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည်။ ၂၀၂၂ခုနှစ် ကာတာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် သူတို့၏ အာဂျင်တီးနားဘောလုံးအသင်းသည် လက်ရှိ ချန်ပီယံပြင်သစ်ဘောလုံးအသင်းကို ရေကုန်ရေခန်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ၃၆နှစ်ကြာမျှဝေးကွာ နေခဲ့သောကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူ ဆွတ်ခူးခဲ့၍ ဖြစ်သည်။

၃၆ နှစ်ကြာ ဝေးကွာခဲ့သော ကမ္ဘာ့ဖလားချန်ပီယံဆုကို အာဂျင်တီးနားအသင်းက ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပြန်လည်ဆွတ်ခူးစဉ်။

"ကျွန်မတို့ဆီမှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားရှိတယ်" အာဂျင်တိုင်း လုံမပျိုတစ်ဦးက အသင်းခေါင်းဆောင် မက်ဆီကို ရည်ညွှန်း၍ ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောကြားခဲ့သည်။

အသင်းခေါင်းဆောင် မက်ဆီဦးဆောင်သော နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ အားကစားသမားများ၏ ပြည်တော်ပြန်ခရီးကလည်း တစ်သက် မေ့ရက်စရာမရှိအောင် ဝက်ဝက်ကွဲမျှ ခမ်းနားစည်ကားခဲ့သည်။သန်းပေါင်းများစွာသော ပြည်သူလူထု၏ တစ်ခဲနက် ဂုဏ်ပြုကြိုဆိုမှုကြောင့် အာဂျင်တီးနားအသင်း၏ အောင်ပွဲခံ အမိုးဖွင့်ဘတ်စ်ကားသည် ပင်လျှင် ရှေ့ဆက်လက် မောင်းနှင်၍ မရတော့သဖြင့် ကစားသမားများကို ရဟတ်ယာဉ်ဖြင့် ခေါ်ထုတ်ရသည်အထိ ဖြစ်ခဲ့ရသည်။

လူငယ်ကစားသမားလေး အမ်ဘာပေ အပါအဝင် ပြင်သစ်ကစားသမားအားလုံး ကွင်းအတွင်း ဝမ်းနည်းပက်လက် ဖြစ်ကျန်ရစ်ခဲ့ကြသည်။ ပွဲချိန်မိနစ် ၈၀ အတွင်း ပြိုင်ဘက်အာဂျင်တီးနားတို့၏ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နေမှုကို အမ်ဘာပေက နှစ်ကြိမ်ဆက်တိုက် ဖြိုဖျက်ခဲ့သည်။ အချိန်ပိုတွင်လည်း အာဂျင်တိုင်းတို့၏ နောက်တစ်ကြိမ် ဦးဆောင်မှုကို အမ်ဘာပေကပဲ ပြန်လည်တန်းညှိပေးခဲ့ပြန်သည်။ သို့ရာတွင် ပယ်နယ်တီအဆုံးအဖြတ်မှာတော့ အာဂျင်တိုင်းတို့က လေးဂိုးသွင်းယူနိုင်ပြီး သူတို့က နှစ်ဂိုးသာရခဲ့၍ ထပ်ဆင့်ချန်ပီယံဘွဲ့ကို လက်တစ်ကမ်းအလိုမှ လက်လွှတ်လိုက်ရသည်။ ဘယ်သူမကြေကွဲနေနိုင်ပါမည်နည်း။

ပြင်သစ်သမ္မတ မက်ခရွန်သည် ပွဲကြည့်စင်ထက်မှ ကွင်းအတွင်းသို့ ဆင်းလာသည်။ ကွင်းအတွင်း ငူငူကြီး ထိုင်နေသော လူငယ်ခြေတက်ကစားသမားလေး အမ်ဘာပေကို ပွေ့ဖက်၍ နှစ်သိမ့်စကားဆိုလေသည်။ ဆက်လက်၍ နောက်ဆုံးမိနစ်အထိ ရေကုန်ရေခန်း တိုက်ပွဲဝင်ခဲ့သော နိုင်ငံသားကောင်းများကို သူဂုဏ်ယူကျေနပ်သည့် အသွင်ဖြင့် နှုတ်ဆက်အားပေး စကားဆိုလေသည်။

ခရိုအေးရှားနိုင်ငံ မြို့တော် ဇာဂရက်တွင်လည်း မြို့တော်သူ မြို့တော်သားများ အုံခဲနေသည်။ ဤနေ့ကား တတိယဆုရှင် ခရိုအေးရှား ဘောလုံးအသင်း၏ ပြည်တော်ပြန်နေ့ဖြစ်သည်။ မိုဒရစ်ဦးဆောင်သော ခရိုအေးရှားအသင်းသည် ချန်ပီယံဆုဖလားကို မဆွတ်ခူးနိုင်ခဲ့သော်လည်း ကွာတားဖိုင်နယ်တွင် ချန်ပီယံအဖြစ် ရေပန်းစားနေသော ဘရာဇီးအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ယူကျော်ဖြတ်ပြီး တတိယလုပွဲတွင် မော်ရိုကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယူဂိုဆလားဗီးယားပြည်ထောင်စုမှ နိုင်ငံအသစ်အနေဖြင့် မွေးဖွားလာပြီးနောက် ဖွဲ့ဆော်ဦး ပြင်သစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တတိယ၊ ၂၀၁၈ခုနှစ် ရုရှားကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယနှင့် ယခုကျင်းပခဲ့သော ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် တတိယထပ်မံဆွတ်ခူးရရှိခဲ့ပြန်၍ ခရိုအေးရှားနိုင်ငံသားများအဖို့ သူတို့၏ နိုင်ငံငယ်လေးအတွက် ဂုဏ်ယူမဆုံး ရှိခဲ့ကြလေသည်။

တော်ဝင်အခမ်းအနားဖြင့်ကြိုဆို

အာဖရိကမြောက်ပိုင်းရှိ မော်ရိုကိုနိုင်ငံ ရာဘတ်မြို့တွင်လည်း မီးရှူးမီးပန်းများ ပစ်ဖောက်၍ အုန်းအုန်းကျွက်ကျွက်စည်ကားလို့ နေပြန်သည်။ မော်ရိုကိုအသင်းသည် ရှုံးထွက်အဆင့်တွင် နာမည်ကြီးစပိန်၊ ကွာတားဖိုင်နယ်ပွဲစဉ်တွင် စီရိုနယ်ဒိုတို့၏ နာမည်ကြီး ပေါ်တူဂီအသင်းတို့ကို ကျော်ဖြတ်ကာ အာဖရိကသမိုင်းတွင် ပထမဆုံး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့၍ မော်ရိုကို နိုင်ငံသားတို့ အထူးဂုဏ်မောက်နေခဲ့ကြခြင်းဖြစ်သည်။ မော်ရိုကိုအသင်း၏ အောင်မြင်မှုသည် သူတို့နိုင်ငံ တစ်နိုင်ငံတည်းအတွက်သာမက အာဖရိကကိုပါ ကိုယ်စားပြုသည်ဟုလည်း ဆိုကြသည်။ မော်ရိုကိုဘုရင် မိုဟာမက်ကလည်း မော်ရိုကိုအသင်း၏ အောင်မြင်မှုသည် မော်ရိုကိုနိုင်ငံ ဘုရင်နှင့်တကွ နိုင်ငံအတွက် ဂုဏ်တက်စေခဲ့ခြင်းဖြစ်၍ တော်ဝင်အခမ်းအနားဖြင့် ကြိုဆိုခဲ့ပြီး ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

အရှေ့အလယ်ပိုင်းက ဆော်ဒီတို့ကလည်း လက်မထောင်ခဲ့ကြသည်။ အစကောင်းသော်လည်း အနှောင်းမသေချာ၍သာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်ငြား သူတို့ ဆော်ဒီအသင်းသည် ယခု ကမ္ဘာ့ဖလားချန်ပီယံ အာဂျင်တီးနားကို အနိုင်ယူခဲ့သည့် တစ်သင်းတည်းသော အသင်းအဖြစ် ဂုဏ်ဆာခဲ့ကြသည်။

အာရှဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့

အာရှမြေတွင် ဒုတိယအကြိမ်မြောက် ကျင်းပခဲ့သော ယခုကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတွင် အာရှအသင်းများဖြစ်ကြသည့် ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ကလည်း အာရှဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြသည်။

ဂျပန်က ကမ္ဘာ့အင်အားကြီး အသင်းများဖြစ်သည့် ဂျာမနီနှင့် စပိန်ကို အနိုင်ယူကာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့သည်။ ရှုံးထွက်အဆင့်တွင် ခရိုအေးရှားအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့၍ မြင်းကောင်းခွာလိပ် ဖြစ်ခဲ့ရရှာသည်။ သို့သော် ဆာမူရိုင်းတို့၏ အိမ်ပြန်ခရီးကား ခမ်းနားလှပခဲ့သည်။ နာရီတာလေဆိပ်တွင် ဂျပန်ဘောလုံးပရိသတ်တို့က စောင့်မျှော်ကြိုဆိုခဲ့ကြသလို ဂျပန်ဝန်ကြီးချုပ်ကလည်း တွေ့ဆုံ ဂုဏ်ပြုခဲ့သည်။

ကိုရီးယားရဲ့ရတနာ ဆွန်ဟောင်မင်ပါဝင်သည့် တောင်ကိုရီးယားအသင်းအနေဖြင့်လည်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပေါ်တူဂီအသင်းကို အနိုင်ကစားကာ ဂါနာ၊ ဥရုဂွေးတို့ ပါဝင်သော အုပ်စုကျပ်မှ ရုန်းထွက်နိုင်ခဲ့သည်။ ရှုံးထွက်အဆင့်တွင်မူ နေမာဦးဆောင်သော နာမည်ကြီး ဘရာဇီးအသင်းနှင့် ထိပ်တိုက်တိုးခဲ့၍သာ အိုပါးတို့ အိမ်ပြန်စောခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ကြီးကျယ်ခမ်းနားဆုံး လေးနှစ်မှ တစ်ကြိမ်ကျင်းပသော ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးသည် ဘောလုံးသမားများအတွက်သာမဟုတ် သက်ဆိုင်ရာ နိုင်ငံသားတိုင်း၏ ရွှေအိပ်မက်တစ်ခုလည်းဖြစ်လေသည်။

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပရိသတ်စုစုပေါင်း သုံးသန်းကျော် ကြည့်ရှုအားပေးခဲ့ကြရာ တစ်ပွဲလျှင် ပျမ်းမျှ ငါးသောင်းကျော်မျှရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှုအရဆိုလျှင် ပရိသတ်သန်းထောင်ချီမျှ ရှိပေလိမ့်မည်။

သက်ဆိုင်ရာ ပရိသတ်အသီးသီး၏ အားပေးမှုများကလည်း ဘောလုံးအားကစားကို ဒရာမာဇာတ်လမ်းပမာ ဆွဲဆောင်လျက်ရှိသည်။ ကိုယ့်နိုင်ငံအသင်းရှုံးနေလျှင် သူတို့၏ မျက်နှာပြင်က ပြိုတော့မည့်မိုးလို အုံ့ဆိုင်းမှိုင်းဝေလျက်။ ရှုံးပြီဆိုမှဖြင့် ဖြေမဆယ်နိုင်၊ ဝမ်းနည်းပူဆွေးငိုကြွေးကြတော့သည်။ အနိုင်ရသူတို့ကလည်း သက်ဆိုင်ရာနိုင်ငံတော်အလံကို ဂုဏ်ယူဝင့်ကြွားစွာ ဝှေ့ယမ်းလို့၊ ကိုယ့်နိုင်ငံအသင်း ဝတ်စုံကို နမ်းရှုပ်လို့ သီချင်းတကြော်ကြော်ဖြင့် ပျော်၍မဆုံး၊ မော်၍မဆုံး။

နိုင်ငံ့ဂုဏ်သိက္ခာအတွက် ရေကုန်ရေခန်းကစား

နိုင်ငံကိုယ်စားပြုလက်ရွေးစင် ဘောလုံးသမားများရော။ လူငယ်ခြေတက်၊ တက်သစ်စ ကြယ်ပွင့်ပဲဖြစ်ဖြစ်၊ လက်ရှိကမ္ဘာကျော်ဘောလုံးသမားပဲဖြစ်ဖြစ် လေးနှစ်မှတစ်ကြိမ် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်သိက္ခာအတွက် ရေကုန်ရေခန်း ကြိုးပမ်းကစားကြသည်။

ဆော်ဒီအသင်းနောက်ခံလူ အယ်လ်ရှာရာနီဟာဆိုမှု အာဂျင်တီးနားနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းဖော် ဂိုးသမား ဒူးနှင့် ပြင်းပြင်းထန်ထန်ထိခိုက်မိပြီး မေးရိုးနှင့် မျက်နှာအတွင်းပိုင်းရှိ အရိုးများကျိုးသွားခဲ့၍ ဆေးရုံ၌ အရေးပေါ်ခွဲစိတ် ကုသမှုကို ခံယူခဲ့ရရှာသည်။ ကွင်းအတွင်းမှ ထော့နင်း၊ ထော့နင်း၊ မျက်ရည် စက်လက်ဖြင့်ထွက်ခွာသွားခဲ့ကြသည့် ကစားသမားအချို့လည်း ရှိခဲ့ကြသည်။ ဒဏ်ရာကြောင့် တော့မဟုတ်၊ ရှေ့ပွဲစဉ်များနှင့်လွဲမည့် အရေးကြောင့် ဖြစ်သည်။

စီရိုနယ်ဒို၏ ဝမ်းနည်းပုံရိပ်များက ပရိသတ်စိတ်ကိုဖမ်းစား

ကွာတားဖိုင်နယ် ပွဲစဉ်တွင် မော်ရိုကိုအသင်းကို ရှုံးနိမ့်ပြီးနောက် အဝတ်လဲခန်းသို့အဝင် ဥမင်လမ်းတစ်လျှောက်တွင် မျက်နှာကို လက်နှင့်အုပ်ကာ ပူဆွေးငိုကြွေးနေခဲ့သော စီရိုနယ်ဒို၏ ဝမ်းနည်းပူဆွေးမှု ပုံရိပ်များကလည်း ကမ္ဘာ့ဘောလုံးပရိသတ်တို့၏ စိတ်ကို ဖမ်းစားစေခဲ့သည်။

တစ်ကျော့ပြန် မန်ယူအသင်း ဒုတိယရာသီတွင် စာချုပ် ဖျက်သိမ်းလမ်းခွဲခဲ့ရသည်အထိ အဆင်မပြေမှုပေါင်းများစွာ ကြုံတွေ့ခဲ့ရပါသော်လည်း ယခု ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အမိနိုင်ငံ ပေါ်တူဂီအသင်းကို အောင်မြင်မှုတစ်ခုခု ရယူပေးနိုင်ရန် မျှော်လင့်ချက်အပြည့်ဖြင့် အားခဲလာသော သူ၏ စိတ်ကူးအိပ်မက်များ မှန်းချက်နှင့် နှမ်းထွက်မကိုက် အလွဲချည်း လွဲချော်ခဲ့ရ၍ ဖြစ်သည်။

နေမာ၏ မျက်ရည်များကလည်း ဘရာဇီးသားတို့၏ မျက်ရည်များပင်ဖြစ်ခဲ့သည်။ ယခုကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို နေမာအပါအဝင် ဘရာဇီးသားအားလုံး အားခဲထားကြသည်။ ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့က လုပ်သား ၁၁၅ ဦး ရှိသည့် စက်ရုံတစ်ရုံသည် ဘရာဇီးအသင်း ကစားသောပွဲစဉ်များကို စက်ရုံလုပ်သားများ ကြည့်ရှုအားပေးနိုင်ရန် ပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။ အာရှမြေ၌ ဒုတိယအကြိမ်မြောက် ကျင်းပသော ကမ္ဘာ့ဖလားပြိုင်ပွဲသည် ၂၀၀၂ခုနှစ် ဂျပန်နှင့် တောင်ကိုရီးယား ကမ္ဘာ့ဖလားပြိုင်ပွဲသို့နှယ် ဘရာဇီးသားတို့ပင် အောင်ပွဲခံနိုင်ဦးမည်ဟု သူတို့ယုံကြည် မျှော်လင့်ထားခဲ့ကြသည်။ ဘရာဇီးတိုက်စစ်မှူး နေမာကလည်း တစ်ချိန်က တိုက်စစ်မှူးကြီး ရိုနယ်ဒိုကဲ့သို့ပင် သူလည်း ယခုပြိုင်ပွဲတွင် ခြေစွမ်းပြကာ ဘရာဇီးကို ခြောက်ကြိမ်မြောက် ချန်ပီယံအဖြစ် မော်ကွန်းကမ္ပည်းရေးထိုးနိုင်မည်ဟု မျှော်လင့်အားခဲထားသည်။

စာမျက်နှာ ၂၁ သို့

✳ မက်ဆီ၏နောက်ဆုံးအိပ်မက်ကို သူကိုယ်တိုင် ထုဆစ်အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ မာရာဒိုနာ ခေတ်အလွန် အာဂျင်တီးနားအသင်း၏ ၃၆ နှစ်ကြာ လွဲချော်ခဲ့သော ကမ္ဘာ့ဖလားချန်ပီယံဆုကို သုံးကြိမ်မြောက် (၁၉၇၈၊ ၁၉၈၆၊ ၂၀၂၂)ရယူ ဆွတ်ခူးပေးနိုင်ခဲ့လေပြီ။ ဆယ်စုနှစ်အတွင်းခုနစ်ကြိမ်တိုင် စိုက်ထူထားခဲ့သော ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဂုဏ်ဒြပ်ကိုလည်း ယခုကမ္ဘာ့ဖလား ရွှေစင်ဆုနှင့်အတူ မှတ်ကျောက်တင်နိုင်ခဲ့ရုံမက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမား ရွှေဘောလုံးဆုနှင့်လည်း သက်သေထူနိုင်ခဲ့

ကျေးလက်နေပြည်သူများအတွက် ကော့ကသောင် - လက္ခဏ - ခလောက်ထောင် - လဆန်း - နောင်တုတ် - တမောစိန် - နော်ထူးဒီလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ ဇန်နဝါရီ ၂၉

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဘားအံမြို့နယ်မှ ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကော့ကသောင်- လက္ခဏ- ခလောက်ထောင်- လဆန်း- နောင်တုတ်- တမောစိန်- နော်ထူးဒီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက်က လဆန်းကျေးရွာရှိ အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက်မရှိစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ကျေးလက်လမ်းများကို ၂၀၃၀ ပြည့်နှစ်တွင် ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသ ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိစေမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များအတွက် လမ်းကွန်ရက်များကို အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့်လမ်းသည် ခွင့်ပြုရန်ပုံငွေကျပ် ၆၂၁ ဒသမ ၈၃၉ သန်းဖြင့် အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းနှစ်မိုင်နှင့် ရေထုတ်ပြွန်သုံးစင်းတို့ကို ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မူလမြေသားလမ်းအရှည် ၁၀ မိုင် ငါးဖာလုံအနက် စုစုပေါင်းလမ်းအရှည် ခြောက်မိုင် ငါးဖာလုံကို ကတ္တရာလမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ကာ ကျန်ရှိသည့်လမ်းမိုင် လေးမိုင်အနက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း တစ်မိုင်နှင့် ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်းတို့ကို ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မဲဘောင် - နောင်ပလိန်လမ်း၊ ဘားအံ - အိန္ဒူ - ကော့ကရိတ် - မြဝတီအာရှလမ်းမကြီးတို့နှင့် ဆက်သွယ်ပေးထားသော အဓိကလမ်းမကြီး ဖြစ်သည့်အပြင် ကော့ကသောင်ဂူ၊ ဣန္ဒာသယသဘာဝလိုဏ်ဂူတော်နှင့် ဗုဒ္ဓဂယာသို့ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ် ဖူးမြော်ကြခြင်းကြောင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ခရီးသွားပြည်သူများအတွက်လည်း လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေကာ ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် အထောက်အကူပြုသည့်လမ်း တစ်လမ်းဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ ရိုးရာရက်ကန်းပညာအတတ်ပညာများ အခမဲ့ဖွင့်လှစ်သင်ကြား

မိတ္ထီလာ ဇန်နဝါရီ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ရိုးရာရက်ကန်းပညာများ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ရက်ကန်းအတတ်ပညာများ စဉ်ဆက်မပြတ် အခမဲ့ ဖွင့်လှစ်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်များရှိ မြို့နယ်များမှ ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး လုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အဆိုပါပညာရပ်များကို နှစ်စဉ်အခမဲ့ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး အဆိုပါသင်တန်းကျောင်း (မိတ္ထီလာ)တွင် ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လ သင်တန်းတို့အပြင် ကာလတိုသင်တန်းများဖြစ်သည့် စက်မောင်းစက်ပြင်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အခြေခံသံဂဟေဆက်နည်းပညာသင်တန်း၊ သစ်သီးဝလံ အခြေခံစားသောက်ကုန်သင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုဖွင့်လှစ်သည့် သင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာလအကုန်အထိ စက်ရက်ကန်း၊ ဆေးဆိုး၊ လက်ရက်ကန်း၊ တိုင်းရင်းသား ရိုးရာဂျပ်ခုတ်၊ အထည်ဒီဇိုင်း၊ အထည်သင်္ချာ၊ စက်ချည်မျှင်ဆွဲ၊ အမျှင်ကုန်ကြမ်းဘာသာရပ်များနှင့် စက်ချုပ်နည်းပညာကို သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအချိန်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။

သိန်းမြင့်ကျော် (မိတ္ထီလာ)

တောင်သာမြို့နယ်၌ ရေမီတာသုံး ရေပေးဝေရေးစနစ် ဆောင်ရွက်နေ

တောင်သာ ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာပေါင်း ၂၅ ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကန်မြဲအုပ်စု သာစည်ကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးရွာအတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းမှ မူလက ပေ ၇၀၀၀ ဆောင်ရွက်ရန် လျာထားသော်လည်း လက်ရှိအခြေအနေအတွင် ပေ ၁၁၅၀၀ အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လိုအပ်သည့်နည်းပညာများကို ဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက ကူညီပံ့ပိုးပေးခဲ့ပြီး ကျေးရွာကော်မတီဝင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀၊ ပြည်သူ့ထည့်ဝင်ငွေကျပ် သိန်း ၃၀ နှင့် ကျေးရွာလူထုမှ လုပ်အားပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး အိမ်ခြေ ၁၅၂ အိမ်၊ လူဦးရေ ၈၇၂ ဦးအတွက် များစွာအကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

ယွန်း(မုံရွာ၊ ကိုယ်ပွား)

ကြံခင်းမြို့၌ နှမ်းစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာများ ထောက်ပံ့

ကြံခင်း ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ နှမ်းစပါးသီးနှံစိုက်ပျိုးသော တောင်သူများအား ကောမက် အိတ်များ ထောက်ပံ့ပေးခြင်းကို ယမန်နေ့က ကြံခင်းမြို့ ရေဦးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သောနှမ်းစပါးသီးနှံများအထွက်နှုန်းတိုးစေရေး၊ တောင်သူများ လယ်ယာကဏ္ဍဖွံ့ဖြိုးစေရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တောင်သူ ၆၈ ဦး၊ စိုက်ကေ ၂၇၈ ကေအနက်မှ ဘက်ရဲမြို့ရှိ တောင်သူ ၁၈ ဦး၊ စိုက်ကေ ၁၁၆ ကေအတွက် ကောမက် G46 ၂၃၂ အိတ်ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

စာမျက်နှာ ၂၀ မှ

ရွှေတောင်ကြီး ပြိုကျသွားခဲ့ရ

သို့တစေ ကွာတားဖိုင်နယ်ပွဲစဉ်တွင် အချိန်ပိုပွဲပြီးရန် သုံးမိနစ်အလိုအထိ နေမာ၏ ဂိုးဖြင့် ဦးဆောင်နေသောဘရာဇီးအသင်းသည် ပြိုင်ဘက်ခရိုအေးရှားကို ချေပဂိုး ပြန်ပေးလိုက်ရရုံမျှမက ပယ်နယ်တီ အဆုံးအဖြတ်တွင် အရေးနိမ့်ခဲ့ပြန်၍ နေမာနှင့် ဘရာဇီးသားတို့၏ ရွှေတောင်ကြီး ပြိုကျသွားခဲ့ရရှာသည်။

အာဂျင်တီးနား အသင်းခေါင်းဆောင် လီယိုနယ်မက်ဆီအဖို့မူ လက်ရှိချန်ပီယံ ပြင်သစ်အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရသည့် နောက်ဆုံးဗိုလ်လုပွဲ သည် သူ့အတွက် မေ့မရနိုင်သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ဖြစ်ခဲ့သည်။

ကလပ်အသင်းနှင့်အတူ တစ်ကိုယ်တော်ဆုတံဆိပ်ပေါင်းများစွာ ရရှိခဲ့ဖူးသော်လည်း နိုင်ငံလက်ရွေးစင်အသင်းနှင့်မူ ကိုပါအမေရိကဖလားမှအပ လောက်လောက်လားလား အောင်မြင်မှု မရရှိခဲ့၍ ယခုကမ္ဘာ့ဖလားပြိုင်ပွဲသည် မက်ဆီ၏ နောက်ဆုံး ရွှေအိပ်မက်တစ်ခုဖြစ်ခဲ့သည်။

ကမ္ဘာ့ဖလား ရွှေစင်ဆုနှင့်အတူ မှတ်ကျောက်တင်နိုင်ခဲ့

ယခုမူ သူ၏နောက်ဆုံးအိပ်မက်ကို သူကိုယ်တိုင်ထုဆစ်အကောင်အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်သည်။ မာရာဒိုနာ ခေတ်အလွန် အာဂျင်တီးနားအသင်း၏ ၃၆နှစ်ကြာ လွဲချော်ခဲ့သော ကမ္ဘာ့ဖလား ချန်ပီယံဆုကို သုံးကြိမ်မြောက် (၁၉၇၈၊ ၁၉၈၆၊ ၂၀၂၂) ရယူဆွတ်ခူးပေးနိုင်ခဲ့လေပြီ။ ဆယ်စုနှစ်အတွင်းခုနစ်ကြိမ်တိုင် စိုက်ထူထားခဲ့သော ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဂုဏ်ဒြပ်ကိုလည်း ယခုကမ္ဘာ့ဖလားရွှေစင်ဆုနှင့်အတူ မှတ်ကျောက်တင်နိုင်ခဲ့ရုံမက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမား ရွှေဘောလုံးဆုနှင့်လည်း သက်သေထူနိုင်ခဲ့၍ဖြစ်သည်။

"ကျွန်မတို့နိုင်ငံက အခုလက်ရှိ စီးပွားရေး မကောင်းဘူး။ အာဂျင်တီးနား ဘောလုံးအသင်းလို စုစုစည်းစည်း၊ ညီညီညွတ်ညွတ် ကြိုးစားရင် အောင်မြင်လာမှာပါ"ဟု လူလတ်ပိုင်း အမျိုးသမီးတစ်ဦးက အာဂျင်တီးနား လက်ရွေးစင်ဘောလုံးအသင်း၏ အောင်မြင်မှုအပေါ် အခြေခံ၍ နိုင်ငံ၏ အနာဂတ်ကို မျှော်လင့်ချက်အပြည့်ဖြင့် တွက်ဆခန့်မှန်းပြောဆိုလိုက်သည်။

၂၀၂၂ခုနှစ် ကာတာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ဇာတိပုညဂုဏ်မာန၊ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားရေးပုံရိပ်လွှာတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ပေါင်းဆုံစီးမျောသွားလေသည်။ တကယ်တော့ ဘောလုံးအားကစားသည် အားကစားနည်းတစ်ခုထက်ပိုပါသည်။ ။



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး အနာဂတ်ကာလမှာအသုံးပြုနိုင်တဲ့နောက်ထပ် Tense တစ်မျိုးကို ဖော်ပြလိုက်ပါတယ်။ အဲဒါကတော့ "Present Tenses (I am doing/ I do) for the Future" ပဲဖြစ်ပါတယ်။ ဒါ့အပြင် ဒီ Form အကြောင်း ပိုမိုနားလည်စေဖို့ နမူနာဝါကျများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ စကားပြောပိုင်းမှာလည်း "Shortest way to talk about 'spending time with your family' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက ပိုမိုနားလည်စေဖို့ နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

GRAMMAR

Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အနာဂတ်ကာလအကြောင်းပြောရင် အသုံးပြုနိုင်တဲ့ နောက်ထပ် Tense တစ်မျိုးကို ဖော်ပြလိုက်ပါတယ်။ အဲဒါကတော့ "Present Tenses (I am doing/ I do) for the Future" ပဲဖြစ်ပါတယ်။

Present Continuous for the Future

(အနာဂတ်ကာလမှာ အသုံးပြုနိုင်တဲ့ Present Continuous Tense)

➢ **I'm doing something (tomorrow etc.) = I have already decided and arranged to do it.**

အနာဂတ်မှာ လုပ်မယ်လို့ ဆုံးဖြတ်ချက်ချထားတယ် သို့မဟုတ် စီစဉ်ထားတယ်ဆိုရင် Present Continuous for the Future ကို သုံးနိုင်ပါတယ်။ ဥပမာ –

- A: What are you doing on Saturday evening?
  B: I'm going to the cinema.
- A: What time is Katherine arriving tomorrow?
  B: Half past ten. We're meeting her at the station.
- I'm not working tomorrow, so we can go out somewhere.
- Steve isn't playing football next Saturday. He's hurt his leg.
- Alice is going to the dentist on Friday.
- We're having a party next weekend.
- Are you meeting Bill this evening?
- What are you doing tomorrow evening?
- I'm not going out tonight. I'm staying at home.

➢ **We use the present continuous for an action just before you start to do it. This happens especially with verbs of movement (go/come/leave etc.):**

ကိုယ်မလုပ်ခင်အချိန်လေးမှာ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောတဲ့အခါမှာလည်း Present Continuous for the Future နဲ့သုံးပါတယ်။ လှုပ်ရှားမှုရှိတဲ့ Verb တွေနဲ့ အဓိကထားသုံးတာဖြစ်ပါတယ်။ ဥပမာ–

- I'm tired. I'm going to bed now. Goodnight.
- Tina, are you ready yet?
  Yes, I'm coming.

Present Simple for the Future

(အနာဂတ်ကာလမှာအသုံးပြုနိုင်တဲ့ Present Simple for the Future)

We use the present simple when we talk about timetables and programmes (for example, transport or cinema times):

အချိန်စာရင်း၊ အချိန်ဇယားများနဲ့ ကား/ရထား/လေယာဉ် သယ်ယူပို့ဆောင်ချိန် သို့မဟုတ် ရုပ်ရှင်ပြချိန်တွေကဲ့သို့သော အနာဂတ်သတ်မှတ်ချိန်တွေဆိုရင်တော့ Present Simple for the Future ကိုသုံးနိုင်ပါတယ်။ ဥပမာ –

- I have to go. My train leaves at 11.30.
- What time does the film start tonight?
- The meeting is at nine o'clock tomorrow.
- The train arrives at 7.30.
- What time does the film finish?

➢ **We can use the present simple to talk about people if their plans are fixed like a timetable:**

(အချိန်စာရင်း၊ အချိန်ဇယားကဲ့သို့ လူတွေရဲ့ တိကျတဲ့ အနာဂတ် အစီအစဉ်အကြောင်းပြောရင် Present Simple for the Future နဲ့ သုံးနိုင်ပါတယ်။) ဥပမာ –

- I start my new job on Monday.
- What time do you finish work tomorrow?

❖ **Note: The continuous is more usual for other personal arrangements:**
(လူတွေရဲ့ အနာဂတ်အစီအစဉ်အကြောင်းပြောရင်တော့ Present Continuous for the Future) ကိုသုံးလေ့ရှိပါတယ်။ ဥပမာ –

- What time are you meeting Kate tomorrow?

Present Continuous – usually for people	Present Simple – timetables, programmes etc.
• I'm going to a concert tomorrow. • What time are you leaving?	• The concert starts at 7:30. • What time does your train leave?

ယခင်အပတ်လေ့ကျင့်ခန်းမှအဖြေများ

Exercise (1) မှအဖြေများ

1. I'm going to visit my aunt tomorrow.
2. It is going to be sunny this afternoon.
3. Mr Wang is going to fly to Taiwan next month.
4. Look out! The tree is going to fall.
5. Miss Lin is going to teach us English tomorrow.

Exercise (2) မှအဖြေများ

1. What are you going to do with it?
2. What are you going to wear?
3. Where are you going to put it?
4. Who are you going to invite?
5. How are you going to cook it?

Exercise (3) မှအဖြေများ

1. It's going to rain.
2. He's going to be late.
3. The boat is going to sink.
4. They're going to run out of petrol.
5. It's going to cost a lot (of money) to repair the car.

VOCABULARY (IDIOMS)

1. **a dog with two tails (အလွန်ကျေနပ်ပျော်ရွှင်သူ)**
   When his first child was born, Issac was like a dog with two tails.
2. **donkey work (ကျွမ်းကျင်မှုမလိုဘဲ ငြီးငွေ့ပင်ပန်းစွာလုပ်ရသောအလုပ်)**
   Typical—we do all the donkey work and he takes the credit!
3. **ups and downs (ဘဝအနိမ့်အမြင့်အတက်အကျ)**
   We've certainly had our ups and downs.
4. **Dutch courage (အမူးသမားသတ္တိ)**
   I was afraid of having to tell my wife about what had happened, so I went to the pub to get some Dutch courage.
5. **A white elephant (အကုန်အကျများသလောက်အသုံးမဝင်သောအရာ)**
   The new office block has become an expensive white elephant.

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION

Shortest way to talk about "Spending time with your family"

ဒီတစ်ပတ်မှာတော့ Spending time with your family မိသားစုကို အချိန်ပေးခြင်းနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "spending time with your family" ဆိုပြီးဖော်ပြလိုက်ပါတယ်။

Shouldn't you + (rather) V–inf

၁။ မ… သင့်ဘူးလားဆိုတဲ့သဘော။ ဥပမာ – မလုပ်သင့်ဘူးလား။ မသွားသင့်ဘူးလား။ မစားသင့်ဘူးလား ဆိုပြီး အကြံပြုမေးခွန်းထုတ်တဲ့အခါမှာ မေးလေ့ရှိပါတယ်။ ဥပမာ –

- Shouldn't you rather spend time with your family?

blow out of proportion

၂။ ပုံကြီးချဲ့တဲ့သဘော၊ ဇာချဲ့တဲ့သဘောပြောချင်တဲ့အခါမှာ သုံးပါတယ်။ အသုံးများတဲ့ အီဒီယံတစ်မျိုးဖြစ်ပါတယ်။ ဥပမာ –

- You're blowing this out of proportion.

I should (easily) be finished by 10 o'clock

၃။ အလုပ်တစ်ခုကို ၁၀ နာရီ မတိုင်ခင်ပြီးမယ်ဆိုတဲ့သဘော ပြောတာဖြစ်ပါတယ်။ ဒီနေရာမှာ အဲအချိန်မတိုင်ခင်မီ ပြီးမယ်ဆိုပြီးပြောရင် by 10 နဲ့ ပြောလေ့ရှိပါတယ်။ ဥပမာ –

- Violet: How long is this going to take you then?
  Bob: I should easily be finished by 10 o'clock.

used to + V–inf

၄။ အရင်ကလုပ်ခဲ့ဖူးတယ်။ ဖြစ်ခဲ့ဖူးတယ်။ သွားခဲ့ဖူးတယ် စသည်ဖြင့် တစ်ခုခုကို လုပ်ခဲ့ဖူးတယ်လို့ ပြောချင်ရင် used to + Vinf နဲ့သုံးနိုင်ပါတယ်။ ဥပမာ –

- You used to get everything done at the office and never came home late.

Conversation

Spending time with your family

Violet (wife): Are you still working, Bob? It's Friday evening! Shouldn't you rather spend time with your family?

Bob (husband): Sorry, Violet. I have an important project that I need to finish by Monday.

Violet: How long is this going to take you then?

Bob: I should easily be finished by 10 o'clock.

Violet: 10 o'clock? Oh, for goodness' sake! That's what I hate most about your job—you're always bringing work home. You've hardly spent any time with the children recently.

Bob: You're blowing this out of proportion.

Violet: Am I? Last month you missed Lily's birthday party, and last Saturday your boss called you right in the middle of Matthew's game. You completely missed the most important moments of the game. It never used to be like this. You used to get everything done at the office and never came home late.

Bob: But I need to get promoted, that's why I'm working so much. I will get a salary increase and I'll be able to buy the kids so many wonderful things! We'll be able to live a more comfortable lifestyle.

Violet: But our lifestyle is okay as it is now. We don't need more. Spending time with your family is more important than satisfying their material needs.

Bob: Okay, you've made your point.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်ပွင့်ချိန်တွင် ပဲတီစိမ်းများ ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဈေးရရှိ

မန္တလေး ဇန်နဝါရီ ၂၉

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်လည်ပွင့်လာသည့် ယခုအချိန်တွင် ပေါ်ဦးပေါ်ဖျား ပဲတီစိမ်း (ခရမ်းရွှေဝါနှင့် အညာရွှေဝါ) များ ဝင်ရောက်လာပြီး မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲတီစိမ်း(ခရမ်းရွှေဝါ)ကို ခရမ်းသုံးခွ မြို့နယ်နှင့် ပဲတီစိမ်း (အညာရွှေဝါ)များကို မတ္တရာ၊ စဉ့်ကူး၊ ထီးချိုင့်၊ ကသာ စသည့်နယ်များမှ စိုက်ပျိုးပြီး ဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ပဲတီစိမ်း(ခရမ်းရွှေဝါ)မှာ ယခင်နှစ် ယခုလိုရာသီချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ နှုန်း ရရှိခဲ့သော်လည်း ယခုနှစ်တွင် ကျပ် ၂၀၀၀၀၀ နှုန်းအထိ အမြင့်ဆုံးဈေးနှုန်း ရရှိနေကြောင်း၊ ထို့တူ ပဲတီစိမ်း(အညာရွှေဝါ)များမှာလည်း ယခင်နှစ်က တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ နှုန်း ရရှိခဲ့ရာမှ ယခုအချိန်တွင် ကျပ် ၁၆၅၀၀၀ နှုန်း ရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဒီရက်ပိုင်းမှာ မန္တလေးပဲဈေးကွက်ကို (ခရမ်းရွှေဝါနဲ့ အညာရွှေဝါ)ပဲတီစိမ်းသီးနှံတွေ ဇန်နဝါရီလ နောက်ဆုံးပတ်ကစပြီး ပေါ်ဦးပေါ်ဖျားနဲ့ ဝင်ရောက်လာပါတယ်။ စထွက်ပေါ်လာတဲ့အချိန်နဲ့ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပွင့်လာတာနဲ့ ဒီနှစ်မှာ ကြုံကြိုက်နေတယ်။ ပေါ်ဦးပေါ်ဖျားအချိန်မှာ အရောင်းအဝယ်တွေ သွက်လက်ပြီးတော့ ဈေးကောင်းရရှိနေတယ်။ ပဲတီစိမ်းက နိုင်ငံခြားအဓိကပို့ကုန်ထဲမှာ ပါဝင်ပါတယ်။ နှစ်စဉ်လည်း အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေကို အဓိကတင်ပို့နေတာ ဖြစ်ပါတယ်။ ခုပေါ်ဦးပေါ်ဖျားမှာ ဈေးကောင်းရရှိနေတဲ့အတွက် ပဲတီစိမ်းစိုက်တောင်သူတွေ ဝမ်းသာစရာသတင်းကောင်းတစ်ခု ဖြစ်ပါတယ်။ ကိုဗစ်ရောဂါကြောင့် သုံးနှစ်ကြာပိတ်ထားတဲ့ ကုန်သွယ်ရေးလမ်းကြောင်းတွေ ပြန်လည်ပွင့်လာတာကြောင့် ပဲတီစိမ်းသီးနှံဟာ အလားအလာအကောင်းဆုံး ပဲအနေနဲ့ ရပ်တည်နိုင်လိမ့်မယ်လို့ ပြောလို့ရပါတယ်။ ပဲတီစိမ်း ခရမ်းရွှေဝါရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ဈေးနှုန်းကလည်း ဆယ်စုနှစ်တစ်ခုအတွင်းမှာ အမြင့်ဆုံးဈေးကို ရောက်ရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

ပဲတီစိမ်းသီးနှံ(အညာရွှေဝါ) ကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စပါးကဲ့သို့ ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပဲတီစိမ်း (ခရမ်းရွှေဝါ)ကို ဆောင်းသီးနှံအဖြစ်သာ စိုက်ပျိုးကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မောက်မယ်မြို့နယ်၌ မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မောက်မယ် ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ဒေသတွင်းစားသုံးဆီ ဖူလုံပိုလျှံရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာမျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းပညာများ ကူညီပံ့ပိုးမှုဖြင့် မျိုးစေ့ထုတ် ဆောင်းနေကြာ စိုက်ခင်းများကို ဒေသခံတောင်သူများက စိုက်ပျိုးထားရာ မြို့မအုပ်စု၊ ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုတို့ရှိ တောင်သူများစိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆောင်းနေကြာစိုက်ခင်းများအောင်မြင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စနစ်တကျ နည်းပညာများ ကူညီပေးလျက်ရှိပြီး သွင်းအားစုအနေဖြင့် ထယ်ရေးပြင်ချိန်တွင် နွားချေးနှင့် မြေဆွေး တစ်မျိုးမျိုးကို တစ်ဧကလျှင် နွားလှည်း ငါးစီးမှ ခုနစ်စီး၊ ယူရီးယားပေါင် ၁၀၀၊ တီစူပါ ပေါင် ၅၀နှင့် ပိုတက်ရှ် ပေါင် ၅၀ အသုံးပြုပြီး အဖူးဝင်ချိန်တွင် ယူရီးယား ပေါင် ၅၀ ထပ်မံထည့်သွင်း စိုက်ပျိုးကြောင်း၊ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်ရှိသော နေကြာမျိုးများ ရွေးချယ်ပြီး တစ်ဧကလျှင် မျိုးစေ့ သုံးပြည်နှုန်းဖြင့် အပင်ပေါက်သေချာစေရန် မြေအစိုဓာတ် လုံလောက်ချိန်တွင် အနက်တစ်လက်မခွဲမှ နှစ်လက်မ အတွင်း စိုက်ပျိုးထားကြောင်း၊ သတ်မှတ်အပင်ရေ ၂၈၀၀ ဝင်ဆံ့စေရန် တန်းကြား နှစ်ပေ၊ ပင်ကြား ကိုးလက်မဖြင့် တစ်ကျင်းလျှင် မျိုးစေ့ နှစ်စေ့နှုန်းဖြင့် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စိုင်းမျိုးသန့်
(မောက်မယ်)

ဟိုပန်မြို့နယ်၌ ကော်ဖီပင်များ အခမဲ့ဖြန့်ဝေနိုင်ရန် စတင်ပျိုးထောင်

ဟိုပန် ဇန်နဝါရီ ၂၉

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် မြို့နယ်အတွင်း၌ နှစ်ရှည်ပင်စိုက်ပျိုးမှု ပိုမိုဖွံ့ဖြိုး၍ တောင်သူများ ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ပြီး ကော်ဖီပင်များ အခမဲ့ဖြန့်ဖြူးနိုင်ရန် ဟိုပန်မြို့ ရုံးကုန်းရပ်ကွက်ရှိ နယ်စပ်ဘိန်းအစားထိုးခြံ၌ ကော်ဖီသီးနှံပင်များကို ဇန်နဝါရီ ၂၄ ရက်မှ စတင်ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

ကော်ဖီသီးနှံပင် စတင်ပျိုးထောင်ရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးကျော်နှင့် ဝန်ထမ်းများက နောင်ချိုမြို့နယ် ချောင်းကွေ့ကော်ဖီခြံမှ ဝယ်ယူလာသည့် SL- 28 ကော်ဖီမျိုးစေ့ တစ်ကီလိုဂရမ် မျိုးစေ့ပေါင်း ၄၀၀၀ ခန့်ကို စတင်ပျိုးထောင်ခဲ့ကြကာ ပျိုးသက် ၄၅ ရက်မှ ၆၀ ရက်သားအတွင်းတွင် ပျိုးအိတ်အတွင်းသို့ ထပ်မံပြောင်းရွှေ့ စိုက်ပျိုးသွားမည်ဖြစ်သည်။

အဆိုပါ SL- 28 ကော်ဖီမျိုး ပျိုးပင်များကို လာမည့်နှစ်တွင် ကော်ဖီသီးနှံပင် စိုက်ပျိုးလိုသည့် တောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကာ စိုက်ပျိုးနည်းပညာများကို အသိပညာပေးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

သံတောင်ကြီးဒေသ၌ ကော်ဖီများ အထွက်နှုန်းအနည်းငယ်ကျဆင်း

သံတောင်ကြီး ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ နှစ်ရှည်ပင်ဖြစ်သည့် ကော်ဖီသီးနှံများကို ဒေသခံတောင်သူများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် ကော်ဖီသီးများ အထွက်နှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရသည်။

သံတောင်ကြီးဒေသ၌ ကော်ဖီသီးနှံ စိုက်ပျိုးရာတွင် သဘာဝမြေသြဇာများကိုသာ အသုံးပြုပြီး စိုက်ပျိုးသော ကော်ဖီအမျိုးအစားမှာ အာရေဗီကာကော်ဖီ(ကုန်းမြင့်ကော်ဖီ)နှင့် ရိုဘက်စတာကော်ဖီ (အပင်မြင့်ကော်ဖီ) ပင်များကို အများအားဖြင့် စိုက်ပျိုးကြကြောင်း၊ အာရေဗီကာကော်ဖီ တစ်ဧကလျှင် ကော်ဖီအပင် ၁၃၆၀ အထိ စိုက်ပျိုး၍ အထွက်နှုန်း ၁၇၅ ဒသမ ၆၇ ပိဿာ ရရှိကြောင်း၊ ရိုဘက်စတာကော်ဖီ တစ်ဧကလျှင် ၅၃၇ ပင်စိုက်ပျိုးကာ အထွက်နှုန်း ၁၇၂ ဒသမ ၈၃ ပိဿာအထိ ရရှိကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ်မှ တောင်သူများမှာ နည်းပညာအားနည်းခြင်းကြောင့် ကော်ဖီများ အရည်အသွေးကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း ယခုအခါ စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီစိုက်ပျိုးနည်းပညာများကို လက်တွေ့ကွင်းဆင်း သရုပ်ပြပေးသည့်အတွက် ကော်ဖီစိုက်တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သော ကော်ဖီများကို စတင်စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်က ကော်ဖီစေ့ တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ၅၅၀၀ အထိသာ ရရှိသော်လည်း ယခုနှစ်တွင် ကျပ် ၆၀၀၀ မှ ၇၀၀၀ အထိရရှိကြောင်း သိရသည်။

နော်နော်မူ

ပုဗ္ဗသီရိမြို့နယ်၌ မတ်ပဲသီးနှံများ ဈေးကောင်းရရှိ

ပုဗ္ဗသီရိ ဇန်နဝါရီ ၂၉

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ မတ်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရသဖြင့် တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

ရွာသစ်ကျေးရွာမှ တောင်သူဦးဝင်းရွှေက "မတ်ပဲကို စိုက်ပျိုးပြီး နှစ်လခွဲအကြာမှာ ရိတ်သိမ်းလေ့ရှိပါတယ်။ တစ်ဧကကို ရှစ်ပြည်နှုန်း စိုက်ပျိုးလေ့ရှိပြီး တစ်ဧကကို တင်း ၉၀ ကျော်အထိ ထွက်ပါတယ်။ အရင်နှစ်က မတ်ပဲ တစ်တင်းကို ကျပ် ၂၀၀၀၀ ကနေ ၂၅၀၀၀ အထိရရှိခဲ့ပါတယ်။ အခုနှစ်မှာ တစ်ဧကကို တင်း ၁၀၀ ကျော်လောက်ထိ ထွက်မယ်လို့ ခန့်မှန်းရပြီး မတ်ပဲတစ်တင်းကို ကျပ် ၅၀၀၀၀ အထိ ရတဲ့အတွက်ကြောင့် ယခင်နှစ် မတ်ပဲဈေးနဲ့ယှဉ်ရင်တော့ ဒီနှစ် မတ်ပဲဈေးက ပိုကောင်းပါတယ်"ဟု ပြောသည်။

မြို့နယ်(ပြန်/ဆက်)

အောင်လံမြို့၌ ဥစားကြက်များ မွေးမြူခြင်းလုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေ

အောင်လံ ဇန်နဝါရီ ၂၉

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် မိသားစုအိမ်တွင်း တစ်ပိုင်တစ်နိုင် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသကဲ့သို့ စက်ရုံရပ်ကွက်တွင် ဥစားကြက်များကို မွေးမြူခြင်းလုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် လုပ်ကိုင်သူများလည်း ရှိသည်။

ဥစားကြက်များကို မွေးမြူရာတွင် တစ်ရက်သားရှိသော ကြက်ကလေးများကို ရန်ကုန်မြို့မှ တစ်ကောင်လျှင် ကျပ် ၉၀၀ နှုန်းဖြင့် ဝယ်ယူရပြီး လေးလကြာအောင် ကုမ္ပဏီအစာများကို ကျွေးမွေးကာ ပြုစုစောင့်ရှောက်ရကြောင်း သိရသည်။ လေးလကြာပြီးလျှင် ဥများ စတင်ဥကြပြီး တစ်နှစ်ခွဲခန့်ကြာအောင် ဥပြီးလျှင် ၎င်းကြက်မများကို ဥတုံးကြက်မများအဖြစ် သက်မှတ်ကာ ဟင်းစားအဖြစ် ပြန်လည်ရောင်းချကြသည်။

ယခုအခါ ဥစားကြက်မွေးမြူသူများအနေဖြင့် ဥတုံးကြက် တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှုန်းနှင့် ကြက်ဥတစ်လုံးလျှင် ကျပ် ၂၅၀ နှုန်း ရောင်းချကြရသည့်အတွက် ကုန်ကျစရိတ် ကာမိရုံသာမက မိသားစု စားဝတ်နေရေးကိုပါ အထောက်အကူဖြစ်စေကြောင်း ဒေသခံ ဥစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် ကန်တော့

ရန်ကုန် ဇန်နဝါရီ ၂၉

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး အခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်ကြသည့် ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးစာပေပညာရှင်များအား မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က သက်ဆိုင်ရာမြို့နယ်အသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အသင်းဝင်များနှင့် ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်များတွင် အိမ်တိုင်ရာရောက် သွားရောက်၍ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကန်တော့သည်။ **(အပေါ်ယာပုံ)**

ကန်တော့ခံပုဂ္ဂိုလ်များမှာ ပဲခူးမြို့မှ သက်ကြီးစာပေပညာရှင် ဆရာကြီးဒေါက်တာဦးဖြေ(ဝိသဇ္ဇက-ပဲခူး)နှင့် ဆရာကြီး ဦးမြင့်စိန်(တင်မြင့်ကြွယ်-ပဲခူး)၊ တောင်ငူမြို့မှ ဆရာကြီး ဦးသောင်းရွှေ(ကေတုမောင်ညိုလင်း)၊ ပျဉ်းမနားမြို့မှ ဆရာကြီး ဦးကျော်ဝင်း(ကျော်လွင်ဦး-ပျဉ်းမနား)၊ ဆရာကြီး ဦးမောင်သောင်း(ရဲတံခွန်) နှင့် ဆရာကြီး ဦးစိုးဟန်(ကထိက-ငြိမ်း)၊ မိတ္ထီလာမြို့မှ ဆရာကြီး ဦးဘထိန်(ထီလာဖိုးဘထိန်) နှင့် ဆရာကြီး ဘိုမျိုး(ရွှေဘို)၊ မြစ်သားမြို့မှ ဆရာကြီး ဦးထွန်းမြင့် (မင်းရဲထွန်းမြင့်-မြစ်သား)၊ မန္တလေးမြို့မှ ဆရာကြီး ဦးရွှေ (ရွှေရိုး-မန္တလေး)၊ ဆရာကြီး ဦးဟန်သောင်း (ရဲဘော်ဟန်သောင်း)၊ ဆရာကြီး ဦးသန်းဌွေး (သန်းဌွေး-မန်းတက္ကသိုလ်)၊ ဆရာကြီး ဦးမျိုးမြတ် (မောင်မျိုးမြတ်)၊ ဆရာကြီး ဦးမိတ် (ပါမောက္ခ ဒေါက်တာဦးမိတ်)၊ ဆရာကြီး ဦးကျော်ဆန်း(ကျော်ဆန်း-မန်းတက္ကသိုလ်) နှင့် ဆရာကြီး မောင်ကျော့ဦး၊ ညောင်ဦးမြို့မှ ဆရာကြီး ဦးမြင့်ဆွေ(ဗိုလ်ချိုမြင့်ဆွေ)၊ မုံရွာမြို့မှ ဆရာကြီး ဦးတိုးဝေ(မုံရွာတိုးဝေ)နှင့် ဆရာကြီး ဦးကျော်သောင်း(ကျော်သောင်း-ဘုတလင်)၊ စစ်ကိုင်းမြို့မှ ဆရာကြီး ရေနံ့သာစိုးလှိုင်၊ ရွှေဘိုမြို့မှ ဆရာကြီးဦးသန်းထွန်း(ဒေါက်တာသန်းထွန်း-ရွှေဘို)နှင့် ဆရာမကြီး ဒေါ်နွဲ့နွဲ့ကြည် (အနွဲ့-ရွှေဘို)တို့ ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဝင် ငါးဦးအတွက် နာရေးထောက်ပံ့ငွေ၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းဝင် တစ်ဦးနှင့် ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းဝင် သုံးဦးတို့အတွက် နာမကျန်းထောက်ပံ့ငွေ၊ အမရပူရမြို့နယ် စာရေးဆရာအသင်းဝင် နှစ်ဦးအတွက် နာမကျန်းနှင့် နာရေးထောက်ပံ့ငွေများကို မြို့နယ်အသင်းဥက္ကဋ္ဌများမှတစ်ဆင့် ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

လက်သီးတွဲလုံးများကြောင့် လေးချီမြောက်၌ ထွန်းထွန်းမင်း အမှတ်စဉ်နှစ်ကြိမ်ရေတွက်ခံရပြီး ငါးချီ၌ တစ်ဦးနှင့်တစ်ဦး အမှားမခံဘဲ ငါးချီပြီးခဲ့သော်လည်း သွေးသစ်ဝင်းလှိုင် အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။

အလဲထိုးနိုင်သူ ချန်ပီယံ

"ဒီပြိုင်ပွဲက အမှတ်နဲ့ကစားရတယ်ဆိုတော့ ပါးနပ်တဲ့သူက နိုင်မှာပါ။ အလဲမထိုးနိုင်ရင် ချန်ပီယံပြောလို့မရဘူး။ ဒိုင်တွေရဲ့ဆုံးဖြတ်ချက်ပါ။ နောက်ထပ်စိန်ခေါ်ရင် အလဲထိုးနိုင်တဲ့သူက မြန်မာပြည် ချန်ပီယံပြောလို့ရပါတယ်"ဟု လက်ဝှေ့သုံးသပ်သူတစ်ဦးက ပြောသည်။

ဒူးတိုက်ချက်ဖြင့် အနိုင်ရ

အဆိုပါ ငါးချီစိန်ခေါ်ပွဲများ၌ ၆၃ ဒသမ ၅- ၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း)တွင် အဲမွီက ကမ္ဘာရှားကို အမှတ်ဖြင့် အနိုင်ရသွားသည်။ ၆၀-၆၃ ဒသမ ကီလို(လိုက်ဝယ်လ်တာဝိတ်တန်း) တွင် မိုးထက်အောင်က စောရွှေလေးကို ပထမအချီ ၂ မိနစ် ၂၉ စက္ကန့်၌ ဒူးတိုက်ချက်ဖြင့် အနိုင်ရရှိပြီး ၅၇ ဒသမ ၆၀ ကီလိုတန်းတွင် သွေးလင်းထက်၏ ညာခြေကန်ချက်ကြောင့် ဒုတိယအချီ ၂ မိနစ် ၆ စက္ကန့်တွင် ရှမ်းတောက်ဒဏ်ရာအနာတရရကာ သွေးလင်းထက် အနိုင်ရရှိသွားသည်။

အမှတ်ဖြင့်နိုင်

၆၃ ဒသမ ၅ -၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း) တွင် စောဂျွန်က စောထွန်းဝင်းအောင် ကို ပထမအချီ၌ ညာလက်သီးဖြင့်လည်းကောင်း၊ ၆၃ ဒသမ ၅-၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း)တွင် စောကဲ က သားစိုးကို ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိကြသည်။ ထို့ပြင်သုံးချီစိန်ခေါ်ပွဲ ၅၄-၅၇ ကီလို (ဖယ်သာဝိတ်တန်း)တွင် စိုးမင်းထိုက်က စောထူးကို အမှတ်ဖြင့်လည်း ကောင်း၊ ၅၇-၆၀ကီလို(လိုက်ဝိတ်တန်း)တွင် စောနိုင်လင်း က ကျားရိုင်း ကို အမှတ်ဖြင့် အနိုင်ရရှိကြသည်။

အာကာစိုး

❑ *ကျောဖုံးမှ*

ရီးဒင်းအသင်းကို ပွဲချိန်တစ်လျှောက် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ကက်စမဲရိုးသည် သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့သည်အထိ အထူးခြေစွမ်းပြသနိုင်ခဲ့သည်။ ထို့အပြင် ဘရာဇီးအသင်းဖော်များဖြစ်သည့် ဖရက်နှင့် အန်တိုနီတို့သည်လည်း ခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးများကို ကက်စမဲရိုးနှင့် ဖရက်တို့က ပွဲချိန် ၅၄ မိနစ်၊ ၅၈ မိနစ်နှင့် ၆၆ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။

ရီးဒင်းအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုး နှစ်ဂိုး ရယူနိုင်ခဲ့သော ကက်စမဲရိုးသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပွဲတစ်ပွဲအတွင်း ပထမဆုံးအကြိမ် သွင်းဂိုးနှစ်ဂိုး ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များမှာ စတုတ်အသင်းက စတီဗင်နေ့ချ်အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပရီမီယာလိဂ်မှ ဘရိုက်တန်နှင့် လီဗာပူးတို့ပွဲတွင် ဘရိုက်တန်တို့က နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ လီဗာပူးတို့အနေဖြင့် ယခုရာသီတွင် ဘရိုက်တန်ကို သုံးပွဲတွေ့ဆုံရာ၌ သုံးပွဲလုံး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

အောင်ဇော်

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၄၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝေမင်းထွန်းနှင့် ဆွေမာဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Wai Min Htun" Facebook အကောင့်နှင့် "Swe Mar Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ပေါ်ရှိ နိုင်ငံတော်ပိုင် ဌာနဆိုင်ရာအဆောက်အဦများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၉

CRPH နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာ ရုံးများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိရာ ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃) ရပ်ကွက် မြို့မဈေးလမ်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဝင်ရောက်မီးရှို့ခဲ့သဖြင့် မီးလောင်မှုကြောင့် မြေစာရင်းရုံးအတွင်းရှိ တစ်ထပ်၊ သွပ်မိုးအုတ်ညှပ်အဆောက်အဦ တစ်လုံး၊ သွပ်မိုးပျဉ်ထောင် နေအိမ်လိုင်းခန်း တစ်လုံးနှင့် မြေစာရင်းရုံးနှင့်ကပ်လျက်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးအတွင်းရှိ MPT ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများထားရှိသည့် သွပ်မိုး/ အုပ်ညှပ် အဆောက်အဦ အခန်း တစ်ခန်းတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး မှတ်တမ်းဓာတ်ပုံ။

PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် မြန်မာ့ဆက်သွယ်ရေးရုံး မှတ်တမ်းဓာတ်ပုံ။

အထက်ပါ ဖြစ်စဉ်မှ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း - ကျောက်ကြီးကားလမ်းရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတားကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးကားလမ်းရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတားကို KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် နရွဲပင်ကျေးရွာ ပဲနွယ်ကုန်း – ကျောက်ကြီးကားလမ်း မိုင်တိုင်အမှတ် ၄ မိုင် ၃ ဖာလုံအနီးရှိ အရှည် ၁၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၀ ပေခန့်ရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် တံတား၏ ထိပ်နှစ်ဖက်မှာ ကတ္တရာလမ်းအစပ်မှ တစ်ပေခန့်စီ ကွဲအက်ပျက်စီးကာ တံတားဝဲဘက်လက်ရန်းသည် လမ်းနှင့် တစ်ပေခန့် နိမ့်ဆင်းပျက်စီးခဲ့ပြီး ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသည့် တံတားကို အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်နိုင်ရေး တာဝန်ရှိသူများက ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဇန်နဝါရီ ၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အတွင်းရေးမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က သတင်းအရ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ အုပ်စု ပိတောက်လမ်းနှင့် အောင်သပြေလမ်းထောင့်ရှိ သိုလှောင်ရုံအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သိုလှောင်ရုံအတွင်းမှ တင်သွင်းခွင့်ဆိုင်ရာ အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့် နိုင်ငံခြားအရက်နှင့် ဝိုင်မျိုးစုံ ၂၃ မျိုး ၁၁၄၆ ပုလင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၀၅၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန် အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၆ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသည့် Iron Spring ၁၀၀၀၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၀၀၀၀) ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော LED Soft Light Band (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)ကို လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံး အတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသော Uninterruptible Power Supply ငါးလုံးအပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၈၂၁၁၀)၊ သွင်းကုန် ကြေညာလွှာ(ID)တွင်ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ထီးအချောင်း ၄၅၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော Power Sparyer Pump အလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် HALF SECTION BEARING အပါအဝင်ကုန်ပစ္စည်း ၁၉ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၈၂၀၀)နှင့် သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် VINYL CURTAINS လေးခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၉၇၆၆) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၁၀၂၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇန်နဝါရီ ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က မြဝတီ – ဘားအံ – ရန်ကုန်လမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့်ကိုက်ညီမှု မရှိသော Charging Cable များနှင့် Phone Stand များ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၁၄၆၃၁)၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့်အပြင် FDA ထောက်ခံချက်မပါရှိသော Xian JiaLi တံဆိပ်ပါ Shampoo ဘူး ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော MAN Tractor Head အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်၈၄၁၁၄၆၃၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီလ ၂၄ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၀၃၀၇၀၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

ဘားအံမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးဆောင်ရွက်

ဘားအံ ဇန်နဝါရီ ၂၉

ကရင်ပြည်နယ် ဘားအံမြို့၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးတို့အတွက် ယမန်နေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသူရထွန်းအောင်နှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု လျှော့ချနိုင်ရေးအတွက် ထရန်စဖော်မာများအား စစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး ရပ်ကွက်များအတွင်း တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီတာများအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းများအား အပတ်စဉ် စနေနေ့များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ဇော်ဘီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်စိန်မှန်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အမှတ်(၃၃)၊ ပထမထပ်၊ အကျယ်အဝန်း (၂၀ x ၄၅)ပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းသူ ဒေါ်သက်တင်မြင့် ၁၂/ကမတ(နိုင်) ဝ၄၃ဝ၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသွယ်စိုး ၁၄/မမန(နိုင်) ၁၅၄၂၅၉က အပြီးအပိုင်ဝယ်ယူရန်သဘောတူကြပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေသီစိုး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၀၆)
ဖုန်း-၀၉-၄၂၀၀၀၂၈၈၆၊ ၀၉-၄၂၀၀၇၃၂၃၉

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ တိုက် ၄၂၊ အခန်း ၂၀၃ ဒုတိယထပ်နေ ဒေါ်နန္ဒာဝင့်ဝင့်သူ ၁၂/သကတ(နိုင်)၁၇၇၆၇၉ ၊ ဒေါ်ရှုပါရွှန်းတင့်သူ ၁၂/ဒပန(နိုင်)၀၆၉၃၈၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းအောင်(ကွယ်လွန်)နှင့် ဒေါ်ခင်ဝင်း(YKI-019812)တို့သည် လက်ထပ်ပွား ပစ္စည်းများအဖြစ်-

(၁) ပုဇွန်တောင်မြို့နယ်၊(၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၄၁၆ဟုခေါ်သည့် အလျား(၂၅)ပေx အနံ(၇၀)မြေကွက်၏ အကျိုးခံစားခွင့်နှင့်နေအိမ်။

(၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်လုံးချမ်းသာလမ်း၊(၂၁)ရပ်ကွက်၊ မြေကွက်အမှတ်(၄၈၁)ဟုခေါ်သည့် အလျား(၄၀)ပေx အနံ(၆၀)မြေကွက်၏ အကျိုးခံစားခွင့်နှင့်နေအိမ်။

(၃) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ စက်မှုဇုန်(၂)ရှိ မြေကွက်အမှတ်(၆၇၀)၏အကျိုးခံစားခွင့်။

(၄) မြေကွက်ငှားရမ်း၍ အလုပ်လုပ်ကိုင်ဆောင်ရွက်နေသည့် တွင်ခုံသုံး စက်ပစ္စည်းများ

(၅) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)ရှိ မြေကွက်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၈၈)ရှိ မြေကွက်တို့၏ အကျိုးခံစားခွင့်များ

ကို ပိုင်ဆိုင်ရရှိခဲ့ပါသည်။ ဦးကျော်သူ(ကွယ်လွန်)သည် ဦးသန်းအောင်၏ သြရသသားဖြစ်၍ ၎င်းသည်ဖခင်ထက်ဦးစွာ ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်သူ (ကွယ်လွန်)၏ သမီးများဖြစ်ကြသော အထက်အမည်ပါ ဒေါ်နန္ဒာဝင့်ဝင့်သူနှင့် ဒေါ်ရှုပါရွှန်းတင့်သူတို့သည် ဦးသန်းအောင်(ကွယ်လွန်)နှင့် ဒေါ်ခင်ဝင်းတို့၏ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ အမွေမမီမြေးများအဖြစ်သို့ ပြောင်းရွှေ့ရောက်ရှိသွားကြပါသည်။ တစ်နည်းအားဖြင့် အထက်ပါ မရွှေ့ မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့နှင့်ပတ်သက်၍ ကိုယ်ပိုင်အမွေဆိုင်ရာ အခွင့်အရေး ခံစားခွင့်ရှိသူများလည်း ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏ အမှုသည်များအား အသိပေးခြင်း၊ ခေါ်ယူညှိနှိုင်းခြင်းမရှိဘဲ အထက်ပါ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတို့ကိုတစ်ဆင့် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊လွှဲပြောင်းခြင်း၊ အမည်ပေါက် ပြောင်းလဲခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေအရ ကန့်ကွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဆန်းထွန်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၂၉၃၀၃/၁၀-၁၂-၂၀၀၈)
အမှတ် ၁၈၀၊ မြရတနာ(၆)လမ်း၊(ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၄၃၃၉၊ ၀၉-၄၂၀၀၂၆၄၆၅

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
ကလောခရိုင်တရားရုံးတော်
၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂

ကွယ်လွန်သူ ဦးနေစိုးဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

လွယ်အုံ့ကျေးရွာအုပ်စု၊ အင်းပြင်ရွာ၊ ကလောမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးနေစိုး ဝင်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နော်ဖြူထွေးမင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်(၁၃၈၄ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုင်ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးနေစိုးဝင်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူတို့အား အဆိုပါအမှုတွင် သင်တို့(လာရောက်ဆိုင်ဆိုင်ရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်(၁၃၈၄ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်နော်ဖြူထွေးမင်း၏ လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘုန်းမော်)
ခရိုင်တရားသူကြီး
ကလောခရိုင်တရားရုံး

“ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့ တော်၊ (A/၁၂)လမ်း၊ တိုက်(၉)၊ အခန်း(၁၀၂)တွင် တည်ရှိသော MG JACK FAMILY SERVICES COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင် အမှတ်(၁၃၄၉၅၀၂၂၆)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-

စာချုပ်အမှတ်-၁၀၈၉၆/၂၀၂၂
(နေ့စွဲ-၂၈-၁၂-၂၀၂၂)

အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို ကုမ္ပဏီ၏လုပ်ငန်းတိုင်းတွင် အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့်သုံးစွဲလျက်ရှိပါသည်။

အဆိုပါအမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီ၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ပြုလုပ်ထားသော အမှတ်တံဆိပ်အမှတ်အသားဖြစ်ပြီး ဖော်ပြပါ အမည်အမှတ်တံဆိပ်ကို မိမိတို့ကုမ္ပဏီ၏ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲမည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်းတုပသုံးစွဲခဲ့မည် ဆိုပါကကုမ္ပဏီ၏ အကျိုးစီးပွား ထိခိုက်နစ်နာမှုများအတွက် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

MG JACK FAMILY SERVICES COMPANY LIMITED ၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေရဲမင်း (LL.B) (စဉ်-၅၀၉၂၃)
ဒေါ်ငုဝါ (LL.B, D.B.L) (စဉ်-၅၀၄၀၉)
(အထက်တန်းရှေ့နေများ)

BONA FIDE LAW FIRM - အမှတ်(၈)၊ မြေညီထပ်၊ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၀၃၉၉၉၇၁၇

ရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်းသည့်ကြေညာချက်

၁။ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၊ ပြည်လမ်းတွင် ၂၀၂၃/၂၀၂၅ နှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲအား ၂၆-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ မှ ညနေ ၃နာရီအတွင်း ကျင်းပမည်ဖြစ်ပါသည်။

၂။ အသင်းသားအဖြစ် သက်တမ်း (၅)နှစ်ပြည့်ပြီးဖြစ်သော အသင်းသား ၁ ဦးသည် အခြားအသင်းသား ၂ ဦး၏ ထောက်ခံချက်ဖြင့် ရွေးချယ်ခံမည့်မိမိ၏ အမည်စာရင်းကို တင်သွင်းခွင့်ရှိပြီး ကြေးကျန်မရှိရပါ။

၃။ ရွေးကောက်ပွဲဝင်မည့် အသင်းသားများသည် သတ်မှတ်ထားသော ပုံစံစာရွက်ကို မန်နေဂျာ(စီမံ)ရုံးတွင် ရုံးချိန်အတွင်းရယူ၍ ပုံစံတွင်မှန်ကန်စွာဖြည့်စွက်ပြီး ၁၂-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် နောက်ဆုံးထား၍ ဓာတ်ပုံ ၂ ပုံနှင့်အတူ မန်နေဂျာ(စီမံ)ရုံးသို့ တင်သွင်းရပါမည်။

၄။ ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည့် အသင်းသားများသည် မိမိတို့၏ အသင်းသားကတ်ပြားများကို ယူဆောင်လာ၍ မဲပေးရန်ဖြစ်သည်။

၅။ မြန်မာဂေါက်သီးရိုက်အသင်းတွင် အလုပ်အမှုဆောင်အဖြစ်ရွေးချယ်ခံမည့် ပုဂ္ဂိုလ်သည် မိမိတို့၏မြန်မာဂေါက်သီးရိုက်အသင်းနှင့် အသင်းသားများအပေါ်တွင် ဆောင်ရွက်ပေးမည့် ရည်ရွယ်ချက်နှင့်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးမည့်ရည်မှန်းချက်များအား ပြည့်စုံစွာထည့်သွင်းဖော်ပြရမည်။

၆။ ရွေးချယ်ခံရမည့် ပုဂ္ဂိုလ်သည် ရွေးချယ်ခံရပါက အသင်း၏ တိုးတက်ကောင်းမွန်ရေးနှင့်အသင်းသားများ၏ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်နိုင်သူဖြစ်ရမည်။

၇။ ရွေးချယ်ခံပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံစည်းမျဉ်းကို ကျေညက်စွာဖတ်ရှုလေ့လာ၍ တိတိကျကျလိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။ မလိုက်နာပါက အလုပ်အမှုဆောင်အဖွဲ့မှ နုတ်ထွက်ပါမည်ဟု ကတိပြုရပါမည်။

ရွေးချယ်တင်မြှောက်ရေးကော်မရှင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ဘီ)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၁၉၆)အကျယ်အဝန်း(၀.၄၅၉)ဧကရှိ တကကခင်မောင်(TKA-037489)အမည်ပေါက် မြေကွက်အနက်မှ(အနောက်ဘက်ခြမ်း)(၁၀၀ပေ× ၁၀၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးကျော်မိုးအောင်(၁/မကန(နိုင်)၁၄၁၅၉၉)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ဆုပြည့်ရတနာ(၃)လမ်း၊မြေကွက်အမှတ်(၅၅၀/ခ)အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိဒေါ်မြမြစိန်(TKA-037489)အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုကမ်းလှမ်းလာသူဒေါ်နင်းနုခိုင်(၁၂/ဒဂမ(နိုင်)၀၄၈၁၀၀)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
Ph, 09421746974

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁-တိုးချဲ့/ဝန်ထမ်းအိမ်ရာ)၊ လူနေရပ်ကွက်အမှတ်(တော်ဝင်အိမ်ရာ)၊ တော်ဝင်(မိန်းလမ်း)လမ်းမကျယ်၊ တိုက်အမှတ်(၅)၊ အခန်းအမှတ်(၁၁)(ပထမထပ်)၊ အကျယ်အဝန်း(၂၄ပေ× ၂၄ပေ)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၏ တိုက်ခန်းပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်တွင် ဒေါ်ငြိမ်းငြိမ်းသူ(၁၂/ဗဟန(နိုင်)၀၉၂၁၇၀)အမည်ပေါက် တိုက်ခန်းအား အဆိုပါအမည်ပေါက်သူ ဒေါ်ငြိမ်းငြိမ်းသူ(၁၂/ဗဟန(နိုင်)၀၉၂၁၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဝင်းဝင်းဖြိုး LL.B, D.B.L, D.I.L,U.F.L(Eng;)
အထက်တန်းရှေ့နေ(စဉ်-၃၇၈၂၄)

ဦးဇော်မျိုးနိုင် LL.B,D.B.L
အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)

ဖုန်း - ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇
အမှတ်(၇၂)(မြေညီထပ်)၊ငမိုးရိပ်(၁၀)လမ်း၊ငမိုးရိပ်ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(အမ်အိုင်အေစီ)(တရားဝင်တည်ထောင်ထားသော) Myanmar International Arbitration Centre (MIAC) Incorporated မှဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို) သင်တန်းခန်းမ၌ ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်း၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းတာဝန်ရသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် MIAC (ဗဟို) (ဗဟို) ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဆရာမများက သင်တန်းသား သင်တန်းသူများသို့ အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ပြီး သင်တန်းသား သင်တန်းသူများက MIAC နှင့် ပတ်သက်၍ မေးမြန်းသည်များကို MIAC (ဗဟို) ဥက္ကဋ္ဌနှင့် သင်တန်းတာဝန်ခံ၊ နည်းပြဆရာများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများက နည်းပြဆရာ ဆရာမများကို ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

မောင်မောင်(လျှပ်စစ်)

မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက် ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၅၆၀ ဆူ	၁၆၀ ဆူ
၂။	သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၀၀၀ သိန်း	၄၁၀၀၀ သိန်း
၃။	သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ	၄၃၂၉. ၀၂	၂	-	၂
၄။	ဝေါပကရုံး(၄၈×၂၄×၂၉)ပေ	၅၈၂၆. ၀၅	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၈. ၇၅	၁	-	၁
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	-	၁
၇။	အဝင်မုခ်ဦးငယ်(အနောက်ဘက်)	၁၂၂၀	၁	-	၁
၈။	ရွေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၉။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၁၀။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၁ တိုင်	၈ တိုင်
၁၁။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၂။	မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၇၁ ခန်း	၃၈၄ ခန်း
၁၃။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅. ၀၀	၅၀ တိုင်	၅၀ တိုင်	-
၁၄။	လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင်	၁၀. ၀၀	၁၈၀ တိုင်	၁၈၀ တိုင်	-
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၃၂ ခု	၅၂၀ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၅. ၄၀	၂၁၁၉. ၅၃ ကျင်း	၇၅ ကျင်း	၂၀၄၄. ၅၃ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈ ကျင်း	၂၇ ကျင်း	၁၉၁ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၄. ၅၀	၅၉၁၁ ကျင်း	၂၃ ကျင်း	၅၈၈၈ ကျင်း
၁၉။	ကြွေပြား ၁ ကျင်းနှုန်း	၃. ၆၀	၁၇၃၆ ကျင်း	၃၁၀ ကျင်း	၁၄၂၆ ကျင်း
၂၀။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၂၈ သိန်း	၁၇၄၀၃ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၅. ၄၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၇	-	၄၇
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၇၂၀. ၀၀	၁	-	၁
၂၁။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၁၉၃. ၀၀	၈၂ ခု	-	၈၂ ခု
၂၂။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၃ စုံ	၄၉၇ စုံ

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထွန်းဝင်း၊ ဒေါ်ခင်ဝင်းကြည်(ခ) ဒေါ်ခင်အုန်းသန့်၊ ဒေါ်ခင်ဝင်းရီနှင့် ဦးဝင်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ ဖခင် ဦးစံထွန်း ၁၂/ပဘတ(နိုင်)၀၀၉၅၉၇ နှင့် မိခင် ဒေါ်ထွေး ၁၂/ပဘတ(နိုင်)၀၁၉၀၆၃ တို့မှ (၁) ဦးထွန်းဝင်း ၁၂/ကတတ(နိုင်)၀၂၆၀၇၁၊ (၂) ဒေါ်ခင်ဝင်းကြည်(ခ)ဒေါ်ခင်အုန်းသန့် ၁၂/ပဘတ(နိုင်) ၀၂၃၂၃၉၊ (၃) ဒေါ်ခင်နှင်းရီ ၁၂/ပဘတ(နိုင်)၀၀၄၄၅၀၊ (၄) ဒေါ်ခင်ဝင်းရီ ၁၂/ပဘတ (နိုင်)၀၀၄၆၉၂၊ (၅) ဦးဝင်းနိုင် ၁၂/ပဘတ(နိုင်)၀၁၇၉၈၃၊ (၆) ဒေါ်ခင်ထွေးရီ ၁၂/ပဘတ(နိုင်)၀၀၄၄၉၂ သားသမီး(၆)ဦး ထွန်းကားခဲ့ပါသည်။ ကိတ္တိမ သားသမီးမရှိပါ။

မိခင် ဒေါ်ထွေးသည် ၁၇-၇-၂၀၁၇ ရက်တွင်လည်းကောင်း၊ ဖခင် ဦးစံထွန်းသည် ၁၈-၁၂-၂၀၂၀ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ပြီး သမီးဖြစ်သူ ဒေါ်ခင်နှင်းရီမှာလည်း အပျိုကြီးအဖြစ်ဖြင့် ၁-၁၂-၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

ဖခင်ဦးစံထွန်းကွယ်လွန်ချိန်တွင် အောက်ဖော်ပြပါမြေနှင့် တိုက်ခန်းများ၊ ဈေးဆိုင်ခန်းတို့ အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်-

(က) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 16(C^3)၊ မြေကွက်အမှတ် V 37, ဧရိယာ အလျား (၂၅)ပေxအနံ (၅၀)ပေရှိ မြေပေါ်ရှိ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက်၊ (၂၇)လမ်း တိုက်အမှတ် (၁၉၆)ဟုခေါ်တွင်သည့် တိုက်၏ဒုတိယထပ်(၃-လွှာ) လက်ဝဲ၊ လက်ယာ၊ တိုက်ခန်း(၂)ခန်း

(ခ) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၈)လမ်း၊ တိုက် အမှတ် (၁၉၅)၊ ပထမထပ်ရှိ လက်ဝဲ၊ လက်ယာတိုက်ခန်း(၂)ခန်း၊

(ဂ) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အနောက် (B)ရုံရှိ ဈေးဆိုင်ခန်းအမှတ် (၅၄)၊ (ခင်ဝင်းကြည်စတိုး)

ဖခင် ဦးစံထွန်းကွယ်လွန်ပြီးနောက် အထက်ပါ အမွေပုံပစ္စည်းများကို သက်ရှိထင်ရှားကျန်ရှိသည့် သားသမီး(၅)ဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံရေး အက်ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိခဲ့ပါသည်။

သို့ဖြစ်၍ အထက်ပါအမွေပုံပစ္စည်းများအား သားသမီး (၅)ဦးစလုံး၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးကမ်း စွန့်လွှတ်ခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်အောင်မြင့် B.Sc (Geol.) R.L,WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၅)
(၃၃)မယ်ဇီကုန်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၃၀၈၃၉၂၂

ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နှင်းဆီလမ်း၊ အမှတ်(စ-၁၅၂/၁၅၃)နေ ဒေါ်ခင်မာ (ဘ)ဦးမော် ၉/မမန(နိုင်)၀၃၀၂၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ (ယခင် ရပ်ကွက်ကြီး-၈) ၊အကွက်အမှတ်(စ-၁၄၉)၊ယခုရပ်ကွက်ကြီး(၁၀)၊ ကွင်းအမှတ် (၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၅၆၀)၊ မြေဧရိယာ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၃၁၄/၂၀၀၅-၂၀၀၆) ဂရန်စာချုပ် အမှတ် (၅၃၂/၂၀၀၅-၂၀၀၆) အရ ဒေါ်လှလှ ၉/မရမ(နိုင်)၀၂၇၂၅၀ အမည်ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ၅-၇-၂၀၁၈ ရက်တွင် ဂရန်အမည်ပေါက်သူ ဒေါ်လှလှမှ ဦးခိုင်မြဲထက်(ဘ) ဦးစက်လှိုင်ထံသို့ အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ဦးခိုင်မြဲထက်မှ ဒေါ်မြင့်သိန်းခိုင်(ခ)ဒေါ်အေးအေးခိုင် ထံသို့လည်းကောင်း အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ယခုလက်ရှိထားပိုင်ဆိုင်သူ ဒေါ်မြင့်သိန်းခိုင်(ခ) ဒေါ်အေးအေးခိုင် ၉/မမန(နိုင်)၀၁၅၁၂၂ မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆို ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ စရန်ငွေကျပ် တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်မာ	**ဒေါ်နော်ဆာဝါးထူး**
၉/မမန(နိုင်)၀၃၀၂၀၈	**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၁၅)**
	အမှတ်(၆၂၃)၊ ပါရမီလမ်း၊ ရေချမ်းအိုး၊
	ရပ်ကွက်ကြီး(၁၂)၊ပြင်ဦးလွင်မြို့
	ဖုန်း-၀၉-၄၀၂၅၁၀၈၁၈

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B-6849 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်-(၁၂၉၇)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးသိန်းအောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးမောင်မောင်သန်း ၁၂/လမတ (ဧည့်)၀၀၀၅၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်ဝင်း ၉/ညဥန (နိုင်)၁၄၁၆၆၆ကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေ ခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ -၇၉၅၆၈၃၃၇၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေဖြင့် မွန်ပြည်နယ်အစိုးရ အဖွဲ့ရုံးတွင် ပစ္စည်းရှာဖွေရေး Handheld X-Ray စက်(၁)လုံး ဝယ်ယူတပ်ဆင် နိုင်ရေးအတွက် ဆောင်ရွက်ခြင်းကို စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင် များအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်**	- ၃၀-၁-၂၀၂၃ မှ ၁၃-၂-၂၀၂၃ ထိ (ရုံးချိန်အတွင်း)
(ခ)	**တင်ဒါလျှောက်လွှာတန်ဖိုး**	- ၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ)
